

တက္ကသိုလ်
နေလင်းအောင်
ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်
တစဉ့် (၁ + ၆)
ကုလုံ၏ ကျင်းရှောင်စန်းထွေး
ပထမပိုင်း
2001
အပိုင်း (၁)
သိုင်းစာစဉ်များPAGE
6.2.2017
အလွမ်းရင်ခွင်(ကျော်ဆန်းဦး)
Alien မှ pdf အဖြစ် စကာန်ဖတ်သည်

တက္ကသိုလ်

# နေလင်းအောင်

## ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်








ပထမပိုင်း

ကု လုံ ၏ ကျင်း ရောင် စန်း ထွေး

| | | |
|---|---|---|
| မူခွင့်ပြုချက်အမှတ် | ● | ၄၇၆ / ၂၀၀၁ (၅) |
| ကျက်နှာဖုံးခွင့်ပြုချက်အမှတ် | ● | ၇၅၀ / ၂၀၀၁ (၉) |
| ထုတ်ဝေသူ | ● | ဦးကျော်ဟင်း (၀၉၁၀)<br>ယုံကြည်ချက်စာပေ၊ အမှတ်၁၁၁၊<br>၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်။ |
| အတွင်းပုံနှိပ်တိုက် | ● | မထိုက်ထိုက်အောင် (၀၅၇၀၄)<br>အောင်စေတနာစာပုံနှိပ်တိုက်<br>အမှတ်(၉၀)၊ ဝေဖူလွှ(၂)လမ်း၊<br>(ယ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့ |
| မျက်နှာဖုံးပုံနှိပ်တိုက် | ● | ဒေါ်အေးစန္ဒာညို(၀၄၉၆၇)<br>မြတ်သိဒ္ဓိပုံနှိပ်တိုက်<br>အမှတ်(၅) အင်ကြင်းမြိုင်လမ်း<br>သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ |
| ထုတ်ဝေသည့်ကာလ | ● | ၂၀၀၁-ခုနှစ်၊ ပထမအကြိမ် |
| အုပ်ရေ | ● | (၅၀၀) အုပ် |
| တန်ဖိုး | ● | (၁၅၀) ကျပ် |
| ရန်ကုန်မြန်ဖြန့်ချိရေး | ● | (ဘိုခေါင်) စာပေ |
| အထက်မြန်မာပြည် ဖြန့်ချိရေး | ● | နဂါးစာပေ |

# ဟက္ကာသိုလ်နေလင်းအောင်

---

# ဓေါင်းတာလားနှင့် ဓားသိုင်းရှစ်ကွက်

## ပထမပိုင်း

# အခန်း (၁)

## ခုနစ်ယောက်မြောက်လူ

'ခေါင်းတလား'

'ခေါင်းတလား' ဆိုသည်မှာ တရုတ်လူမျိုးများအတွက် အဆန်းမဟုတ်ပါ။

တရုတ်လူမျိုးတို့သည် ခေါင်းတလားကို မသေမီကပင် မှာယူထားတတ်ကြပါသည်။ သူတို့၏ တမလွန်ဘဝအရေးသည် ထို ခေါင်းတလားမှ ပြည့်စုံပါသည်။

'ခေါင်းတလား....'

တစ်လုံး၊ နှစ်လုံး၊ သုံးလုံး.... စုစုပေါင်း ခေါင်းတလား ခုနစ်လုံး ဖြစ်သည်။'

ခေါင်းတလားများကို အနက်ရောင်ဆေးဖြင့် ပြောင်လက်တောက်ပအောင် သုတ်ထား၏။

ထို ခေါင်းတလားများ၏ အရွယ်အစားကိုကြည့်ပါ။

တစ်ရွယ်တည်း တစ်စားတည်း ဖြစ်သည်။ အားလုံးက အနက်ရောင် တောက်ပြောင်နေ၏။

တရုတ်လူမျိုးအတွက် ခေါင်းများသည် မထူးဆန်းသော်လည်း တိတ်ဆိတ်ငြိမ်သက်နေသောအခန်း ထဲ၌ ခေါင်းများကို ကြည့်ရသည်မှာ ထူးဆန်းနေသည်။

ကြက်သီးထဖွယ်ရာ ကောင်းနေ၏။

ခေါင်းများကို အောက်၌ ချထားသည်မဟုတ်ပေ။ စင်မြင့်ပေါ်၌ တန်းစီတင်ထားခြင်းဖြစ်သည်။

ထို့ပြင် ခေါင်းများရှေ့၌ အမွှေးတိုင်များကို အစီအရီ ထွန်းညှိထားလေသည်။ အငွေ့တလူလူတက်လျက် မီးခိုးငွေ့များကြား၌ ခေါင်းများကိုကြည့်ရသည်မှာ ကြက်သီးထဖွယ်ရာ ကောင်းလှသည်။

အမွှေးတိုင်နံ့သည် အခန်းထဲ၌ သင်းပျံ့လှိုင်ထုံနေ၏။

အမွှေးတိုင်ကလည်း အညံ့စားမဟုတ်၊ အကောင်းစားဖြစ်သည်။ ထို့ကြောင့် အကောင်းဆုံး အမွှေးတိုင်သည် ရနံ့ အသင်းဆုံးမွှေး ကြိုင်နေလေသည်။

ခေါင်းများ၏ ရှေ့ဘက်တွင် စားပွဲတစ်လုံး ခင်းကျင်းထား၏။ ထိုစားပွဲတွင် ခုံနှစ်လုံး ခင်းကျင်းထားသည်။ ထိပ်ဆုံး ထိုင်ခုံတွင် အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက် ထိုင်နေလေ၏။

ထိုလူကြီးသည် ခေါင်းများကို ကျောပေး ထိုင်နေသည်။

သူသည် အညိုရောင် အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားပြီး အင်္ကျီလက် အနားတွင် ရွှေရစ်သုံးရစ် ပါရှိလေသည်။

ထိုလူကြီးသည် ခေါင်းများပေါ်၌ အာရုံမရှိချေ။ သူသည်



တံခါးပေါက်ကိုသာ ငေးနေ၏။ ထိုလူကြီးကို ကြည့်ရသည်မှာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိလေ၏။

ထိုလူသည် မည်သူ့ကို စောင့်မျှော်နေပါသနည်း။

ခေါင်းတလား မှာယူထားသူများမှာ မည်သူများ ဖြစ်ပါသနည်း။

၅၁ × ½ ၉၄ × ⅗ ၉၄ × ⅘

၃၈၉ ၆၃၄ ၉၄၅

၄၉၀၁ ၉၄၅၆ ၀၅၆၇

* * *

နေမင်းကြီး ဝင်လုနီးနေပြီ။ အနောက်ဘက်တွင် အနီရောင်သန်းနေ၏။

တောင်ဘက်လမ်းအတိုင်း မြင်းများ တစ်ကောင်ပြီး တစ်ကောင် တက်လာကြ၏။ မြင်းများ အသာနှင်လာကြောင်း သိနိုင်သည်။ အားလုံးသည် မြင်းများကို အရှိန်မလျှော့ပါ။

သူတို့အားလုံးသည် ချွေးများ ဖုံများ ပေကျံနေသည်။ သူတို့အားလုံး ခရီးဝေးမှလာကြောင်း သူတို့၏ အသွင်သဏ္ဌာန်က ဖော်ပြနေ၏။

သူတို့ဆိုသည်မှာ မြင်းခြောက်ကောင်၊ လူခြောက်ယောက် ဖြစ်ပါသည်။

သူတို့အားလုံးမှာ တစ်နေရာတည်းမှ လာကြသူများ မဟုတ်ကြပါ။ အရပ်အသီးသီး တစ်နေရာစီမှ ရောက်လာကြခြင်း ဖြစ်ပါသည်။

သူတို့လာကြရသော အရပ်များမှာ ဝေးလည်း ဝေးကွာပါသည်။ ခရီးလည်း ကြမ်းပါသည်။ ထို့ကြောင့် သူတို့အားလုံး ပင်ပန်းနွမ်းနယ်နေဟန် ပေါက်နေခြင်း ဖြစ်ပါ၏။

လူတို့လာသောအရပ်များ မတူညီသလိုပင်၊ တစ်ဦးနှင့်တစ်ဦး အရပ်အမောင်း၊ ရုပ်ဆင်းအသွင်အပြင် မတူညီပါပေ။

တချို့က ဝသည်။ တချို့ကပိန်သည်။ တချို့ကရုပ်ဆိုးသည်။ တချို့က ရုပ်ချောသည်။ စသည်ဖြင့် လူမျိုးစုံ ရုပ်မျိုးစုံ ဖြစ်ပါသည်။

သို့သော် သူတို့အားလုံး အနေက်အားလုံး မတူညီဟု မဆိုလိုပါ။ အချက်နှစ်ချက်တွင်တော့ တူညီကြပါသည်။ သူတို့အားလုံးသည် အသက်လေးဆယ်အရွယ် ဖြစ်နေကြခြင်းပင်တည်း။

နောက်တစ်ချက်မှာ အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်အနားတွင် မြွေရစ်နှစ်ရစ်စီရှိနေခြင်းမှာ တူညီကြပါသည်။

မကြာမီ မြင်းစီးသမားများသည် တောင်ထိပ်သို့ ရောက်ရှိလာကြလေ၏။

တောင်ထိပ်တွင် အဆောက်အဦးကြီးတစ်ခုရှိ၏။ အလွန်ကြီးမားသော အဆောက်အဦးကြီးတစ်ခုဖြစ်သည်။ အလွန်



ကြီးကျယ် ခန့်နားလှသည်။ ဘုရင်ဧကရာဇ်၏နန်းတော်ကြီး တစ်ခုနှင့် အလွန်တူလှ၏။

မှန်သည်။

ထိုအဆောက်အဦးသည် နန်းတော်ကြီးကိုတု၍ ဆောက်ထားသည့် အဆောက်အဦးကြီး ဖြစ်သည်။

ထိုအဆောက်အဦးကြီး၏ရှေ့တွင် ဆိုင်းဘုတ်တစ်ခု စိုက်ထူထားသည်။

'ခြသေ့နန်းတော်'

ဆိုင်းဘုတ်ကြီးမှာ ကြီးကျယ်လှသော်လည်း ဟောင်းနွမ်းနေပေပြီ။ စာလုံးများလည်း မရှိတော့ပေ။ တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး ယခုအချိန်၌ ဂုဏ်သရေချို့တဲ့နေသည်မှာ သိသာလှသည်။

ထိုခြောက်ယောက်သည် ထိုဆိုင်းဘုတ်ကြီး အနားသို့ ရောက်လာကြလေ၏၊ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ကျောက်လှေကားလမ်းအတိုင်း ပြေးတက်လာကြသည်။

ထိုစဉ် ပုဏ္ဏားကွယ်နှစ်ခုကြားမှ အစောင့်နှစ်ဦး ဘွားခနဲ ပေါ်လာ၏။

သူတို့လက်ထဲတွင် လှံများရှိကြသည်။ သူတို့သည် မြင်းစီးသမား ခြောက်ယောက်ကို ပိတ်ဆို့လိုက်၏။

မြင်းစီးသမားတစ်ယောက်က....

'ရှောင်ဝိဟို....ကျုပ်တို့ပါ'

ရှောင်ဝိဟိုဆိုသူသည် ပြေးတက်လာသူကို အသေအချာ ကြည့်လိုက်ပြီး....

'ဪ....အစ်ကိုကြီး စုဝမ်းလီတို့ပါလား၊ အစ်ကိုကြီးတို့ အရေးတကြီး ပြေးလာရတယ် ထင်တယ်၊ လာပါ....လာပါ၊ ဂိုဏ်းချုပ်ကြီးက အစ်ကိုကြီးတို့ကို စောင့်နေပါတယ်'

ရှောင်ဟို့သည် စုဝမ်းလီတို့ခြောက်ယောက်ကို ဦးဆောင်ခေါ်ဝင်သွား၏။ သူတို့သည် အဆောက်အဦးအတွင်းသို့ ဝင်လိုက်ကြ၏။ အဆောက်အဦးကြီးအတွင်းမှာ အပြင်ထက်ပို၍ မသာယာလှ၏။ ပို၍ကြီးကျယ်ခမ်းနား၏။

မကြာမီ ရှောင်ဟို့သည် အခန်းတစ်ခုရှေ့၌ ရပ်လိုက်ပြီး....

'အထဲမှာ ဂိုဏ်းချုပ်ကြီး စောင့်နေတယ်။ ဂိုဏ်းချုပ်ကြီး စောင့်နေတာ အတော်ကြာနေပြီ၊ ဂိုဏ်းချုပ်ကြီး စိတ်မရှည်ဘဲ ဖြစ်ချင်ဖြစ်နေလိမ့်မယ်'

'ကျေးဇူးတင်ပါတယ် ရှောင်ဟို့'

စုဝမ်းလီက ရှောင်ဟို့အား ကျေးဇူးတင်စကား ပြောလိုက်ပြီး အခန်းထဲသို့ လှမ်းဝင်သွားလေတော့၏။

ခြင်္သေ့နန်းတော်၌ အဆောင်ဆောင် အခန်းခန်းရှိ၏။

မည်သည့်အခန်းများသည် အများဝင်နိုင်သည်။ မည်သည့် အခန်းများသည် ခေါင်းဆောင်များဝင်နိုင်သည့်နေရာ၊ မည်သည့်အခန်းသည် ဂိုဏ်းချုပ်ကြီးမှတစ်ပါး မည်သူမျှ မဝင်နိုင်သောနေရာ စသည်ဖြင့် သတ်မှတ်ထားလေ၏။

ထိုအခန်းသည် ဂိုဏ်းချုပ်ကြီးမှတစ်ပါး မည်သူမျှ မဝင်နိုင်သောနေရာဖြစ်သည့်အခန်း ဖြစ်သည်။ ရှောင်ဟို့က ဝင်ပါဆိုသဖြင့် စုဝမ်းလီတို့ ဝင်သွားရခြင်း ဖြစ်သည်။



ယခု ဂိုဏ်းချုပ်ကြီး စောင့်နေသည်မှာ အတော်ကြာနေပြီဟု ရှောင်ဟို့ကဆိုသည်။ ဂိုဏ်းချုပ်ကြီး စောင့်နေရလောက်အောင် မည်သည့်အရေးတကြီးကိစ္စ ရှိနေပါသနည်း။

ကိစ္စက အတော်အရေးကြီးမှန်း စုဝမ်းလီတို့ ခြောက်ယောက်စလုံး သိလိုက်လေပြီ။

စုဝမ်းလီတို့သည် အခန်းထဲဝင်ဝင်ချင်း ခေါင်းခွံနှစ်လုံးကို တန်း၍တွေ့လိုက်ရလေ၏။ သူတို့အားလုံး ရင်များ ဆိတ်သွားကြသည်။

သူတို့အတွက် အတိတ်နိမိတ်ပင်လော၊ ခေါင်းခွံနှစ်လုံး အနက် ခြောက်လုံးသည် သူတို့အတွက်ပင်လော။ အားလုံး ထိုသို့ပင် တွေးလိုက်မိကြသည်။

ခြင်္သေ့နန်းတော်သည် လွန်ခဲ့သောဆယ်နှစ်ခန့်က သိုင်းလောကတွင် ထင်ရှားကျော်ကြားခဲ့သော နန်းတော်ဖြစ်၏။ ခြင်္သေ့နန်းတော်မှ သိုင်းသမားဟု ဆိုလိုက်သည်နှင့် ကြားရသူများသည် ဖြုံသွားကြသည်သာ ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ခြင်္သေ့ နန်းတော်သည် တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ ခြင်္သေ့နန်းတော် အမည်သိုင်းလောက၌ ပျောက်ကွယ် မတတ် မှေးမှိန် လာခဲ့ရပေသည်။

ဂိုဏ်းသား ဦးရေ မှာလည်း တဖြည်းဖြည်း ယုတ်လျော့သွားခဲ့ရသည်။ ယခုအခါ ဂိုဏ်းသား တစ်ရာခန့်မျှသာ ရှိတော့သည်။

စုဝမ်းလီသည်ဂိုဏ်းခွဲမှူး တစ်ယောက်ဖြစ်၏။ သူ့လက်အောက်တွင် ဂိုဏ်းသားဆယ်ယောက်ပင် မပြည့်ချင်တော့ပါ၊ ရယ်ဖွယ်ရာပင်ဖြစ်နေပါသည်။

ယခုတလော၌ သတင်း ကောင်းနေပါသည်။ ခြင်္သေ့နန်းတော်မှ လူများကျဆုံးသည့်သတင်းကို သူ မကြားရပါ။

ဤသို့ဆိုလျှင်ဤခေါင်းတလားများသည် မည်သူ့ အတွက် ခေါင်းတလားများ ဖြစ်ပါသနည်း။

စုဝမ်းလီနှင့် ငါးယောက်တို့သည် ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးဂါရဝ ပြုလိုက်ပြီး ဂိုဏ်းချုပ်ကြီး ပြောကြားမည့် စကားကို နားစွင့်နေကြလေ၏။

ဂိုဏ်းချုပ်ကြီးသည် သူတို့အား ကြည့်နေသော်လည်း မြင်တွေ့ဟန်မရှိချေ။ ဂိုဏ်းချုပ်ကြီးသည် တစ်စုံတစ်ခုကို အတွေးလွန်နေလေ၏။

အတန်ကြာမှ လက်ဝှေ့ယမ်းလိုက်ပြီး ပြောလေ၏။

'ကဲ....ထိုင်ကြ....ထိုင်ကြ၊ အေးအေးဆေးဆေး စားရင်းသောက်ရင်းနဲ့ မင်းတို့ကို ခေါ်ရတဲ့ အကြောင်းရင်းကို ပြောပြမယ်'

စုဝမ်းလီတို့သည် ထိုအခါကျမှ နေရာအသီးသီးတွင် ဝင်ထိုင်လိုက်ကြ၏။ သူတို့သည် ဂိုဏ်းချုပ်ကြီးက ခွင့်ပြုထားသည့် အရက်များကို ငှဲ့သောက်လိုက်ကြ၏။

သူတို့အားလုံး မောပန်းလာကြသဖြင့် အရက် သောက်ရသည်မှာအရသာရှိလှသည်။



သူတို့ အရက်နှစ်ခွက်စီသောက်ပြီး သော်လည်း ဂိုဏ်းချုပ်ကြီးမှာ တွေဝေငေးမောဆဲသာရှိသေးသည်။

သူတို့သည်အရက်များကို အရသာ ရှိစွာ သောက်နေကြသော်လည်း ကိစ္စကပေါ့သေးသေးမဟုတ်သည်ကိုကောင်းစွာ သိရှိကြသည်။ သူတို့ဂိုဏ်းခွဲမှူး ခြောက်ယောက် စလုံးကိုခေါ်ဝင်လိုက်သည် မဟုတ်ပါလော။

ကိစ္စက မည်သည့်ကိစ္စနည်း။

အတန်ကြာမှ ဂိုဏ်းချုပ်ကြီးသည် သူတို့အား ကြည့်လိုက်သည်။

'တို့ဂိုဏ်းကြီးအကြောင်းကို မင်းတို့အားလုံးအသိပဲ၊ တိုးတက်မှုဆုတ်ယုတ်မှု အားလုံးကို မင်းတို့သိကြပါတယ်'

ဂိုဏ်းချုပ်ကြီး၏အမည်မှာတုလျှံဝေးဖြစ်သည်။ တုလျှံဝေးက ဆက်၍ ပြောသည်။

'ဂိုဏ်းချုပ်ကြီးယိမုလေ မရှိကတည်းက ခြင်္သေ့နန်းတော် မှေးမှိန်ကျဆင်းလာတာ အခုဆိုရင်အခြေအနေ အတော်ဆိုးနေပြီ၊ ဒါကိုပြောပြဖို့တောင် မလိုတော့ပါဘူး'

အားလုံးခပ်မဆိတ်ပင်နေကြသည်။ ဝန်ခံသည့် သဘောပင်ဖြစ်ပါသည်။

တုလျှံဝေးက....

'ငါတို့ရဲ့ ခြင်္သေ့နန်းတော်ဟာ သိုင်းလောကနဲ့ ကင်းကွာခဲ့ရတာဟာ ဆယ်နှစ်လောက်ရှိနေပါပြီ၊ အခုတော့မလွဲမရှောင်သာ့တဲ့ သိုင်းလောကထဲ ပြန်ဝင်ရတော့မယ်'

စုဝမ်းလီနှင့်ဘကွ ဂိုဏ်းခွဲမှူးခြောက်ယောက်တို့၏မျက်လုံးများသည် တောက်ပသွားကြ၏။ သိုင်းလောကထဲ ပြန်လည်လှုပ်ရှားမည်ဟူသော သတင်းသည် သူတို့၏ စိတ်ဓာတ်များကိုတက်ကြွသွားစေသည် မဟုတ်ပါလား။

* * *

ဆယ်နှစ်အတွင်း ခြင်္သေ့နန်းတော်၏ဂုဏ်သိက္ခာ ကျဆင်းမှုမှာ တုန်လှုပ်စဖွယ်ကောင်းသည်။

ယခုဆိုလျှင် ခြင်္သေ့နန်းတော် ဟူသည့် အမည်ကို မသိသူ သိုင်းသမားများ အတော်ပင်များပြားနေလေပြီ။

တုလျှိုဝေးက....

'ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးရဲ့ မိတ်ဆွေ တစ်ဦးက အကူအညီတောင်းခံထားရတယ်၊ အဲ့ဒါကြောင့် ဒီခေါင်းတွေကို သွားပို့ပေးရလိမ့်မယ်'

ထိုအခါကျမှ စုဝမ်းလီတို့ သက်ပြင်း ချလိုက်ကြသည်။ သူတို့သည် ခေါင်းတလား များကို သွားပို့ ပေးရမည် ဆိုပါလား။

စုဝမ်းလီက....



'ဘယ်ကို ပို့ရမှာလဲ ဂိုဏ်းချုပ်ကြီး'

တုလျှိုဝေးသည် အရေးကြီးသော လေသံဖြင့် ပြောလိုက်လေ၏။

'ဒီကိစ္စဟာအရေးကြီးတယ်၊ မင်းတို့ပို့ရမယ့်နေရာကို မြေပုံတွေ ပေးလိုက်မယ်၊ ဒါဆိုရင် မင်းတို့သိပြီပေါ့'

စုဝမ်းလီ မျက်မှောင်ကုတ်သွား၏။

'ဟင်....ပို့ရမယ့်နေရာက တစ်နေရာတည်းမဟုတ်ဘူးလား၊ ကျွန်တော်တို့ စိတ်ထင်က....

'မင်းတို့စိတ်ထင်ပြောဖို့မလိုဘူး၊ ငါပို့ခိုင်းတဲ့ နေရာကိုမင်းတို့ ပို့ရမယ်'

'ဟုတ်ကဲ့....ကျွန်တော်နားလည်ပါပြီ ခင်ဗျာ'

'မင်းတို့အားလုံး တစ်ယောက်တစ်နေရာစီပို့ရမယ်'

'ကျွန်တော်တစ်ခုလောက် မေးပါရစေ'

'မေးပါ....မရှင်းတာရှိရင် မေးနိုင်ပါတယ်၊ ရှင်းတဲ့ကိစ္စကိုတော့မေးဖို့ မလိုဘူး'

'ကျွန်တော်တို့ကခြောက်ယောက်ပါ၊ ခေါင်းက ခုနစ်လုံးဖြစ်နေတယ်၊ တစ်ယောက်တစ်လုံးစီဆိုတော့ ခြောက်ယောက်ခြောက်လုံးပေါ့၊ နောက်ထပ်ခေါင်းတစ်လုံးအတွက် လူတစ်ယောက်ထပ်ရွေးရလိမ့်ဦးမယ်နဲ့တူတယ်'

ထိုစဉ်....

'မလိုပါဘူး၊ ကျုပ်ပို့ပေးပါမယ်'

အားလုံးအထိတ်တလန့်ဖြစ်သွား၏။

ထိုစကားသံသည် သူတို့ထဲမှတစ်ယောက်ယောက်က ပြောသောစကားမဟုတ်ပေ။

ထို့ကြောင့် အသံလာရာသို့ မော့ကြည့် လိုက်မိကြသည် ထုတ်တန်းပေါ်တွင် လူငယ်တစ်ယောက် ခိုကပ် နေသည်ကို အားလုံးတွေ့လိုက်ရသည်။

★

## အခန်း (၂)

### လူစိမ်း

စုဝမ်းလီသည်စိတ်မြန်လက်မြန်ရှိသူတစ်ယောက်ဖြစ်သည်။ သူသည် ထိုလူငယ်ကို လူစိမ်းတစ်ယောက်ဖြစ်ကြောင်း သိသဖြင့် ဓားကိုဆွဲထုတ်ပြီး ထုတ်တန်းပေါ်မှလူရွယ်ကိုတိုက်ခိုက်လိုက်သည်။ သူသည် ဓားဖြင့် ခုနစ်ချက်တိတိ တိုက်ခိုက်လိုက်သည်။

'ရှမ်း....ရှမ်း'

သူ၏ဓားချက်မှာ လေကိုလာခုတ်မိသွား၏။

ထိုအချိန်၌ လူငယ်သည် အောက်သို့ခုန်ဆင်းလိုက်လေပြီး

တိုလူရှယ် ကြမ်းပြင်ပေါ် ခြေချမိသည်နှင့် တစ်ပြိုင်နက် လူခြောက်ယောက်က ဝိုင်းဝန်းထားလိုက်ကြသည်။

လူငယ်က တုလျှံဝေးအား အားစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားက ခေါင်းတွေကို တစ်ယောက်တစ်လမ်းစီ သယ်ခိုင်းမယ်၊ ရန်သူအမြင်မှားအောင် လှည့်စားမယ်၊ ခင်ဗျားက တခြားတစ်လမ်းက ခေါင်းကိုသယ်မယ်၊ အဲဒီလိုကြံရွယ်ထား တယ်မဟုတ်လား'

တုလျှံဝေး သက်ပြင်းချလိုက်သည်။

'မင်း ဘယ်လိုလုပ်သိသလဲ'

လူငယ်သည် တုလျှံဝေး၏အမေးကိုမဖြေပေ။ သူကသာ ဆက်ပြောလိုက်သည်။

'ဒီအကြံဟာကောင်းပါတယ်၊ ဒါပေမယ့် အလွန်ကောင်းတဲ့အကြံဉာဏ်တော့ မဟုတ်ပါဘူး၊ အဲဒါကို သိသင့်ပါတယ်'

တုလျှံဝေးက မဲ့ရွဲ့လိုက်၏။

'ငါတို့အလုပ် ငါတို့သိပါတယ်ကွ'

လူငယ်က....

'ရန်သူဟာ ခေါင်းအားလုံးနောက်မှ ပါလာမှာပဲ။ ရန်သူတို့ကို အင်အားခွဲလိုက်တဲ့ အကျိုးတစ်ခုပဲရှိမယ်၊ ဒါပေမယ့် ခေါင်းအားလုံးနောက် လိုက်ပါလာတဲ့ရန်သူကို ခင်ဗျားတို့ ဟန့်တားကာကွယ်နိုင်မှာ မဟုတ်ပါဘူး'

တုလျှံဝေးက ပြောလိုက်သည်။

'မင်းပြောတဲ့စကားတွေဟာ ငါ့နားမှာခါးစရာတွေချည်း ဖြစ်နေတယ်၊ အခု မင်းပြောလိုက်တဲ့စကား ဘယ်ရောက်သွား



တယ်ဆိုတာသိလိုက်ရဲ့လား၊ မင်းဟာ ငါတို့ခြသေ့်နန်းတော်ကို အထင်သေးနေတာပဲ'

လူငယ်သည် တဟားဟားရယ်လိုက်၏။ သူရယ်လိုက်သည့်အသံမှာ ခြသေ့်နန်းတော်အား အထင်သေးသည့် ရယ်သံပင်ဖြစ်သည်။

'ဒီခြသေ့်နန်းတော်မှာ ဂိုဏ်းချုပ်ကြီးမရှိတဲ့နောက် ဘယ်သူတွေများ သိုင်းပညာထူးချွန်လို့လဲ၊ သိုင်းလောကကလေးစားလောက်တဲ့ သိုင်းသမားဆိုလို့ ဘယ်နှစ်ယောက်များ ပေါ်ခဲ့လို့လဲ'

တုလျှံဝေးက ဒေါသစောင်းခနဲထွက်သွားလေ၏။ သူတစ်ကိုယ်တစ်ခုကို ပြောမည်ပြုရိုက် စိတ်မြန်သော စုဝမ်းလီကလူရှယ်အား စိန်ခေါ်လိုက်လေ၏။

'မင်းက သိုင်းပညာတော်တော် တော်တယ်ပေါ့၊ မင်း ဘယ်လောက်များ ထူးချွန်လို့လဲ၊ မင်းရဲ့သိုင်းပညာကို ငါသိချင်တယ်'

လူငယ်သည် စုဝမ်းလီဘက်သို့ လှည့်လိုက်၏။ လူငယ်သည် စုဝမ်းလီကိုကြည့်လိုက်သည်။ အထင်ကြီးသော မျက်လုံးများဖြင့် ကြည့်ခြင်းမဟုတ်။ အထင်သေးသော မျက်လုံးများဖြင့် ကြည့်ခြင်းဖြစ်သည်။

ဗုဝမ်းလီမှာ ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်သည်။ ဤသို့အကြည့်မခံနိုင်ချေ။ သူသည် တစ်ချက်မဲ့သွားသည်။

'မင်းကိုယ်မင်း အခတော်အထင်ကြီးနေပုံရတယ်၊ မင်း ငါ့ဓားကြည့်ပါ'

သူသည် စကားဆုံးသည်နှင့် ဓားနှင့် တိုက်ခိုက်လိုက်လေသည်။

လူငယ်သည် စုဝမ်းလီ၏ ဓားချက်များကို ရှောင်တိမ်းနေလေ၏။

စုဝမ်းလီသည်ဓားချက်အချိုးမျိုး ထိုးသွင်းသည်။ ခုတ်သည်။ ထွက်သည်။ တစ်ချက်မျှမထိပေ။

စုဝမ်းလီ ဒေါသထွက်လာလေ၏။ ဒေါသသည် သိုင်းသမားတို့အဖို့ လုံးဝမရှိသင့်သော အရာပါပေ။

လူငယ်သည် စုဝမ်းလီ၏ဓားချက်ကို ရှောင်လိုက်ပြီး လက်ဝါးနှစ်ချက် ရိုက်ထုတ်လိုက်လေ၏။

သူ၏လက်ဝါးရိုက်ချက်မှာ ထူးဆန်းသည်။

စုဝမ်းလီ၏ ဓားကိုင်လက်မှာ ထုံကျဉ်သွား၏။ ဓားလွတ်ကျမသွားစေရန် အံကြိတ်ပြီး ကြိုးစား ဆုပ်ကိုင် လိုက်ရ၏။ စုဝမ်းလီ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားရလေပြီ။

တုလျှံဝေးသည် မျက်မှောင်ကြုတ်သွားမိလေ၏။ လူငယ်၏ လက်ဝါးရိုက်ချက်များကို သူမြင်ဖူးသည်ဟု ထင်မြင်မိ၏။ သို့သော် သိပ်မြန်လှသဖြင့် ရေရာသေချာခြင်းတော့ မရှိချေ။

ထို့ကြောင့် ထိုလက်ဝါးရိုက်ချက်မျိုးကို မြင်ဖူးသည်လား။ မမြင်ဖူးသည်လား ဝေခွဲမရဘဲဖြစ်နေမိလေ၏။

လူငယ်က....



'ဂိုဏ်းချုပ်....ဒီသိုင်းပညာနဲ့ဆိုရင် ဖြစ်နိုင်တယ် မဟုတ်လား၊ ဖြစ်နိုင်တယ်လို့ ကျုပ်တော့ယူဆပါတယ်၊ ကဲပါ....ကျုပ်ကိုမြေပုံပေးပါ'

တုလျှံဝေးက....

'မင်းက ဘယ်သူ့ဆီပို့ရမယ်ဆိုတာသိလို့လား'

လူငယ်က....

'ချင်းတုပု'

တုလျှံဝေး မျက်နှာကွက်ခနဲပျက်သွား၏။

★

## အခန်း (၃)

'မင်း....မင်း....ဘယ်....ဘယ်လိုလုပ်သိ'

လူငယ်ကရယ်မောလိုက်၏။

'ဂိုဏ်းချုပ်၊ စကားတစ်ခုကိုမှကြားဖူးသေးဘူးလား'

'ဘာစကားလဲ'

'လောကမှာ လျှို့ဝှက်တဲ့အကြောင်းအရာမရှိဘူး၊ မသိသေးတဲ့ အကြောင်းအရာသာရှိတယ် ဆိုတဲ့စကားလေ'

တုလျှံဝေးမျက်လုံးများမှာ အေးစက်လာ၏။

'မင်းသိတာတွေ သိပ်များနေပြီ'

'သိတာများတော့ကောင်းတာပေါ့ဗျာ၊ အရေးရာဆင်ခြင်နိုင်တာပေါ့'



'မကောင်းပါဘူး၊ မင်းသေရမယ်၊ မင်းဘယ်သူလဲ၊ မင်းဘာကြောင့် ရောက်လာရတာလဲ'

လူငယ်က အေးအေးဆေးဆေးပင်ပြောလေ၏။

'ခင်ဗျားကိုကူညီမယ့်လူပါ'

တုလျှံဝေးက....

'ငါအကူအညီမလိုပါဘူး၊ ငါဝမ်းနည်းပါတယ်၊ မင်းကို မသတ်ချင်ပါဘူး၊ ဒါပေမယ့် မင်းဟာ သူတစ်ပါးကိစ္စကိုစပ်စုလွန်းတယ်၊ အဲဒီတော့ မင်းကို သတ်ရတော့မှာပဲ'

တုလျှံဝေးသည်စကားဆုံးသည်နှင့် တိုက်ခိုက်လေတော့သည်။

ဂိုဏ်းချုပ်၏ပညာမှာမဆိုးချေ။ သူ၏လက်ဝါးသဏ္ဍာန်မှာ စွန်ကုတ်သဏ္ဍာန်ပြောင်းလဲသွားပြီး လူငယ်၏အရေးပါသော သွေးကြောကိုကုတ်ဆွဲလိုက်လေ၏။ သူ၏တိုက်ခိုက်မှုမှာ လျှပ်တစ်ပြက်ဖြစ်၍ အလွန်လျင်မြန်လှသည်။

သို့သော် လူငယ်အဖို့ကား ထိုလျင်မြန်မှုမှာ ထမင်းစားရေသောက်လောက်ပင် ရှိသည်။ လူငယ်သည် ခြေထောက်တစ်ချက်ရွေ့လိုက်ရုံဖြင့် တုလျှံဝေး၏ကုတ်ဆွဲချက်ကို ရှောင်တိမ်းလိုက်နိုင်သည်။

တုလျှံဝေးက ဆက်လက်တိုက်ခိုက်လေ၏။

လူငယ်သည် လှုပ်ရုံရှောင်တိမ်းပေးလိုက်သည်။ တုလျှံဝေးသည် ဒေါသထွက်လာလေ၏။

လူငယ်က...

'ဂိုဏ်းချုပ်....ခင်ဗျား စဉ်းစဉ်းစားစားလုပ်ပါ'

'အာမှစဉ်းစားစရာမလိုဘူး၊ မင်းသေရမယ်'

'ခင်ဗျားကိုကူညီမယ့်လူပါဗျ၊ ခင်ဗျားက အလကား ခြိမ်းခြောက်နေတာပဲ'

'မင်းဟာ ငါတို့ခြသေ့်နန်းတော်ကို စော်ကားခဲ့တဲ့လူပဲ။ မင်းကို သတ်ကိုသတ်ရမယ်'

'ခင်ဗျား အယူအဆမှားနေပြီ'

* * *

တုလျှံဝေးသည် ဆက်လက် တိုက်ခိုက်နေသော်လည်း လူငယ်၏အစွမ်းအစကို သူအထင်မဲသေးပါချေ။ သတိရှိရှိဖြင့် တိုက်ခိုက်နေခြင်းဖြစ်သည်။ သူသည် လက်ဝါးသိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်၍ တိုက်ခိုက်လေတော့သည်။

လက်ဝါး၊ လက်ဖျံ၊ တံတောင်စသည့် လက်နက်များကို အကွက်ကျကျသုံးသော်လည်း လူငယ်အား တစ်ကွက်မျှမထိချေ။



သူသည်ဒေါသထွက်လာသော်လည်း အတွေ့အကြုံရင့်ကျက်သူဖြစ်ပြီ ဒေါသထွက်က မှားတတ်ကြောင်းသိသဖြင့် ဒေါသကို သိမ်းဆည်းပြီး သတိရှိရှိဖြင့်တိုက်ခိုက်လေ၏။

ဤသို့ဖြင့် သိုင်းကွက်အကွက်နှစ်ဆယ်သို့ ဆိုက်ရောက်လာလေတော့သည်။

သိုင်းကွက်သုံးဆယ်ကျော်သို့ရောက်သောအခါ လူငယ်သည် ရှောင်တိမ်း၍မရတော့ချေ။ အကျဉ်းအကျပ်ဆိုက်ရောက်လာလေတော့၏။

ထို့ကြောင့် ပြန်လှန်တိုက်ခိုက်ရတော့သည်။ လူငယ်၏ လက်ဝါးဖိုက်ချက်များမှာ လျင်မြန်လှ၏။

ပြင်းထန်စွာထွက်ပေါ်လာသောအခါ တုလျှံဝေး၏တိုက်ကွက်မှာ အားပျော့သွားရလေတော့၏။ တုလျှံဝေးသည် လူငယ်ကိုနိုင်အောင် မတိုက်နိုင်ပေ။

တုလျှံဝေးသည် အံကိုတင်းတင်းကြိတ်၍ ဖိတိုက်သည်။ သို့သော် လူငယ်၏တိုက်စစ်အောက်တွင် သူ့တိုက်ခိုက်မှုမှန်သမျှ ပြိုကွဲထွက်သွားလေတော့၏။

ဤလူငယ်နှင့် ဆက်လက်တိုက်ခိုက်နေလျှင် မိမိသာအကျိုးမဲ့စွာ ဆုံးရှုံးတော့မည်ကို သိရှိလိုက်လေ၏။

တုလျှံဝေးသည် စိတ်ကိုလျှော့လိုက်၏၊ သူသည် တိုက်ပွဲအတွင်းမှ ခုန်၍ဆုတ်လိုက်သည်။

'မင်းဘယ်သူလဲ'

သူသည် လူငယ်ကိုမေးလိုက်၏။

လူငယ်က....

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးပါဘူးဗျာ'

'မင်းကို ဘယ်သူမှန်းမသိဘဲနဲ့ ကျုပ်ကအစစအရာရာဘာကို လွှဲအပ်နိုင်မှာလဲ'

'ဂိုဏ်းချုပ်အနေနဲ့ ခေါင်းပို့ပေးရမယ့် လူတစ်ယောက် လိုနေတယ်မဟုတ်လား၊ ခေါင်းကခုနစ်လုံး၊ လူက ခြောက် ယောက်၊ တစ်ယောက်လိုနေတယ်ဆိုတာကို ကျုပ်သိပါတယ်၊ အဲဒါ အဘူးသင်မ မရွေးချယ်ပါနဲ့တော့၊ ရွေးချယ်စရာလမ်း လဲ မရှိတော့ပါဘူး၊ ကျုပ်ပဲပို့ပေးလိုက်ပါ့မယ်'

တုလျှံဝေးက....

'ကိစ္စမရှိပါဘူး၊ ငါတို့လူမလိုတော့ပါဘူး'

လူငယ်က....

'ဘာဖြစ်လို့ လူမလိုရမှာလဲ၊ လူလိုတာ ကျုပ်တွေ့နေရ တာပဲဥစ္စာ'

'မလိုပါဘူး ခင်းသွားနိုင်ပါပြီ၊ မင်းခြေသံ့နှုန်းတော်ကို ခိုးဝင်သာတဲ့ကိစ္စကို ငါခွင့်လွှတ်မယ်၊ ပြင်းသွားပါတော့'

'ခက်တာပဲ၊ ခင်ဗျားဟာ တကယ်ပြောရခက်တယ်'

'မင်းထွက်သွားရင် အားလုံးလွယ်သွားမှာပဲ'

'မင်းတို့ရဲ့ ခေါင်းခုနစ်လုံးထဲမှာ အရေးကြီးတဲ့ခေါင်းတစ် လုံးပါတယ်၊ အဲဒါကို ကျုပ်သိတယ်'

'ဘာ....'

'ပဥ္စမမြောက် အနီစက်အမှတ်အသားနဲ့ခေါင်းကို ခင်ဗျား တို့ သတ်မှတ်ရက်အတွင်း ပို့ပေးရမယ်မဟုတ်လား၊ ဒီသတ် မှတ်ရက်အတွင်း ကျုပ်အရောက် ပို့နိုင်ပါတယ်'



တုလျှံဝေး မျက်နှာပျက်သွားလေ၏။ အဘယ်မှာလျှင် မျက်နှာမပျက်ဘဲ ခံနိုင်ပါမည်နည်း။ ဤလူငယ်သည် လျှို့ဝှက် ကိစ္စ အကုန်လုံးနီးပါး သိနေသည် မဟုတ်ပါလား။

★

## အခန်း (၄)

လူငယ်သည် ပြောလိုက်လေ၏။

'ခင်ဗျားတို့ လမ်းခရီးမှာ ဘာဖြစ်မယ်ဆိုတာကို သိကြရဲ့လား'

'ဘာဖြစ်ရမှာလဲ၊ ငါကကြိုတင်စီမံထားတာပဲ'

'သိုင်းလောကသားတချို့က ခင်ဗျားတို့ဟာ အဖိုးတန်ပစ္စည်းတစ်ခုခုကို ပို့ဆောင်လိမ့်မယ်ဆိုတာ သိထားကြတယ်'

'သူတို့သိထားတာတော့ ငါကဂရုစိုက်ရမှာလား ခြင်္သေ့နန်းတော်ကွ၊ နာမည်တစ်လုံးနဲ့ နေလာခဲ့တဲ့ နန်းတော်ကွ'



'ဒါက အတိတ်မှာပါ၊ လုမယ့်ယက်မယ့် လူတချို့ဟာလမ်းခရီးတွေမှာ စောင့်နေကြမှာ မလွဲပါဘူး'

စုဝမ်းလီက ရယ်မောပြောလိုက်သည်။

'ငါတို့လမ်းမှမရောက်သေးဘူး၊ မင်းက အခုလုယက်နေပြီမဟုတ်လား'

လူငယ်က ကပျာကယာ လက်ကာလိုက်၏။

'ခင်ဗျားတို့အထင်မလွဲပါနဲ့၊ ခင်ဗျားတို့ အကျိုးမယုတ်စေရပါဘူး၊ ကျုပ်တာဝန်ခံပါတယ်၊ အဲဒါကို ကျုပ်ပြောရဲပါတယ်၊ ကျုပ်ကတော့ ပို့ပေးမယ်လို့ ဆုံးဖြတ်ထားတယ်'

'မင်းဟာ ခြင်္သေ့နန်းတော်ထဲခိုးဝင်ပြီး ငါတို့ကိုစော်ကားခဲ့တယ်၊ အခုလဲ မင်းဟာ ငါတို့ကို စော်ကားနေပြန်ပြီ'

'ကျုပ်ရှင်းပြချင်ပါတယ်၊ ဒါပေမယ့် အဲ့ဒီအကြောင်းကအခုရှင်းပြလို့မရသေးပါဘူး၊ အချိန်တန်ရင် ခင်ဗျားတို့သိလာပါလိမ့်မယ်၊ ကျုပ်စေတနာကို တလွဲမထင်ပါနဲ့'

တုလျှံဝေးက ပြတ်သားစွာပြောလိုက်၏။

'မင်းကိုငါပြောလိုက်မယ်၊ မင်းဒီက ထွက်မသွားရင် ငါဟာ မင်းကို သူသေကိုယ်သေ တိုက်ထုတ်ရပါလိမ့်မယ်'

လူငယ်သည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ခေါင်းများဆီသို့လျှောက်သွားလေတော့၏။

တုလျှံဝေးက အမိန့်ပေးလိုက်၏။

'အားလုံး သူ့ကိုဝိုင်းသတ်စမ်း'

စုဝမ်းလီတို့ လူခြောက်ယောက်သည် ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့၏။

လူငယ်သည် ခြောက်ယောက်၏ တိုက်ခိုက်မှုကို ခုန်ပျံရှောင်တိမ်းရင်း တုလျှံဝေးကိုဆက်ပြောလေ၏။

'ဂိုဏ်းချုပ်...ဒီလူခြောက်ယောက်ဟာ ကျုပ်ကို မမီပါဘူး၊ ဒါကို ကျုပ်သိပါတယ်၊ ခင်ဗျားဟာ သက်သက်မယ့် အချိန်ကုန်အောင်လုပ်နေတာပဲ။ သူတို့ခြောက်ယောက်စလုံးရဲ့ သိုင်းပညာကို ကျုပ်သိပါပြီ။ သူတို့ဘယ်နည်းနဲ့မှ ကျုပ်ကို မသတ်နိုင်ပါဘူး'

စုဝမ်းလီသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားလေ၏။

* *

သူတို့သည် သူတို့၌ရှိသမျှ သိုင်းပညာကို ပုံအော၍ တိုက်ခိုက်ကြသည်။ ဓား၊ လှံ လက်နက်များက လူငယ်၏နေရာမျိုးစုံကို ထိုးနှက်တိုက်ခိုက်ကြသည်။

တစ်ဦးကဦးခေါင်းကိုတိုက်ခိုက်လျက် တစ်ဦးကဝမ်းဗိုက်၊ တစ်ဦးကခြေထောက်စသည်ဖြင့် တိုက်ခိုက်ကြသည်။

လူငယ်သည် ရှောင်တိမ်းရန် ခက်ခဲသော တိုက်ကွက်များကိုအလွယ်တကူပင် ခုန်ပျံရှောင်တိမ်းသွား၏။



စုဝမ်းလီတို့က အဆက်မပြတ် ထိုးခုတ်တိုက်ခိုက်လာသောအခါ သူသည် ပြန်လှန်တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ရလေတော့သည်။

'ကျုပ်ကတော့မတိုက်ချင်ပါဘူး၊ ဒါပေမယ့် အခြေအနေအရပြန်တိုက်ရတော့မယ်၊ ခင်ဗျားတို့ သတိထားကြပေတော့'

သူသည် အော်ဟစ်သတိပေးပြီးသည်နှင့်ပြန်လှန် တိုက်ခိုက်တော့၏။

သူသည်ဓားကိုမထုတ်ပါ၊ လက်ဝါး နှစ်ဖက်ဖြင့် ပြန်လှန်တိုက်ခိုက်ပါသည်။

တုလျှံဝေးသည် လူငယ်၏ တိုက်ကွက်ကိုကြည့်နေ၏။ သူသည် လူငယ်၏တိုက်ကွက်များကို မြင်ဖူးသကဲ့သို့ဖြစ်နေသဖြင့် ဤမျှအကဲခတ်နေခြင်းဖြစ်သည်။

လူငယ်မည်သူဖြစ်သည်ကို သူမသိပါ၊ လူငယ် ကလည်း မပြောပါ။

သို့သော် လူငယ်၏တိုက်ကွက်များ ကောင်းမွန်လှသည်ကို တော့ သူသိနေပါသည်။ ထိပ်တန်း သိုင်းပညာ အဆင့်သို့ မရောက်သေးသော်လည်းအတော်ပင် အဆင့် မြင့်လှကြောင်း သိနားလည်ပါသည်။

လူငယ်သည် စုဝမ်းလီတို့၏ ပြိုင်ဘက်နှင့် ခြောက်ယောက် စလုံး၏ပြိုင်ဘက်မဟုတ်ပါ။ မိမိပင်လျှင် ဤလူငယ်အား အနိုင် ရရန်ခဲယဉ်းကြောင်း တုလျှံဝေးသိပါသည်။

ဂိုဏ်းချုပ်ကြီးတုလျှံဝေးသည် မျက်ရည်များရစ်ဝဲလာ၏။ သူ့ရင်ထဲနာကျင်လာပါသည်။ ဂိုဏ်းချုပ်ကြီး ငယ်စဉ် အခါက

မည်သူမျှ ခြသေ့်နန်းတော်ကို မထိပါး မစော်ကား ရဲပါ ချေ။

ယခုအမျိုးအမည်မသိရသော လူငယ်တစ်ယောက်၏ စော်ကားမှုကို ခံနေရပြီး မဟုတ်ပါလော။ သူသည် တွေးရင်း တွေးရင်းဒေါသထွက်လာ၏။

★

## အခန်း (၅)

လူငယ်အား သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဇင်ရန် တန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် လူငယ်၏ လက်ဖဝါးရိုက်ချက်ကို တွေ့လိုက်ရလေ၏။

'ဝှန်း....'

စုဝမ်းလီတို့ မုခြောက်ယောက်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေ၏။

'အားလုံးရပ်လိုက်'

လူသည် စုဝမ်းလီတို့ ခြောက်ယောက်အား အမိန့် ပေးလိုက်၏။

စုဝမ်းလီတို့ ခြောက်ယောက်မှာ နောက်ဆုတ် သွားကြ၏။ သူတို့သည် လူငယ်အားမည်သို့မျှ မနိုင်နိုင်ကြောင်းသိရှိသွားကြလေပြီ။

လူငယ်က တုလျှံဝေး၏မျက်နှာကိုအကဲခတ်လိုက်၏။

'ကျုပ်အကြောင်း နောက်မှ ပြောပါမယ်။ အခုတော့ ခေါင်းကိုကျုပ်ကိုပေးဖို့ သဘောတူပြီး မဟုတ်လား၊ သဘောမတူရင်တော့ ဆက်တိုက်ရဦးမှာပဲ'

တုလျှံဝေးကခေါင်းညိတ်လိုက်၏။

'မင်းနဲ့ ဆက်တိုက်လဲ ငါတို့ ရှုံးမယ့် အတူတူ မင်းပြောတာကို သဘောတူရတော့မှာပေါ့'

လူငယ်က ရယ်လိုက်သည်။

'အဲဒီလိုမှပေါ့ဗျာ'

လူငယ်သည် လက်ဝါးဖြန့်လိုက်ပြီး....

'ဒီလိုဆိုရင်ပေး....မြေပုံ'

တုလျှံဝေးသည် လူငယ်အား ပေးသင့် မပေးသင့် စဉ်းစားတော့ချေ။ အတွင်းအိတ်ထဲမှ မြေပုံကို ထုတ်ပေးလိုက်၏။

'ရော့....မြေပုံ၊ ခေါင်းထဲမှာ ဘာတွေပါသလဲဆိုတာတော့ မင်းသိသလား'

'မသိဘူး'



လူငယ်က ခေါင်းယမ်းပြီး ပြောသည်။ သူ အနည်းငယ်စဉ်းစားပြီးကာ တုလျှံဝေးအား ပြန်လှန်မေးခွန်းထုတ်လိုက်၏။

'အထဲမှာ ဘာတွေပါသလဲဗျ၊ ကျုပ်နည်းနည်း သိချင်တယ်၊ သိထားတော့ ပိုပြီး အဆင်ပြေတာပေါ့ဗျာ'

တုလျှံဝေး အံ့သြသွား၏။ ဤမျှ ခရေစေ့တွင်းကျ သိထားသူတစ်ယောက်က ခေါင်းထဲမှာ ဘာတွေပါမည်ကို သိနေသည်ဟု သူယုံကြည်မိသည်။ ယခုတော့ ဤလူငယ်က မသိဟု ဆိုနေသည်။

'ခေါင်းထဲမှာဘာတွေပါတယ်ဆိုတာမသိတဲ့နဲ့များဒီခေါင်းပို့ရမယ့် တာဝန်ကို ဘာဖြစ်လို့ မင်းက ဝင်ယူချင်နေရတာလဲ....'

လူငယ်က ပြုံးလိုက်၏။

'ခြင်္သေ့နန်းတော်ကို ကူညီချင်တဲ့စေတနာ သက်သက်နဲ့ပါဗျာ၊ ကျုပ်ကိုအထင်မလွဲပါနဲ့၊ ကဲ....အထဲမှာဘာတွေပါတယ်ဆိုတာ ခင်ဗျားပြောနိုင်ပါမလား'

'မင်းက ရန်သူလား မိတ်ဆွေလားဆိုတာ ငါတို့မသိရသေးဘူး၊ အဲဒီတော့ ငါတို့ဘယ်လိုပြောနိုင်မှာလဲ၊ မိတ်ဆွေဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့'

'ကျုပ်အကြောင်း အခွင့်သာတဲ့တစ်နေ့မှာ ပြောပြပါမယ် အခုတော့....'

တုလျှံဝေးက ဟန့်တားလိုက်၏။

'ခဏနေဦး'

'ခင်ဗျား ဘာပြောမလို့လဲ'

'ပြောစရာရှိတယ်၊ ဒီခေါင်းတလားကို ဘယ်သူပို့ခိုင်းတယ်ဆိုတာ မင်းသိသလား၊ ငါ့စိတ်ထင်တော့ မင်းသိမယ်လို့ ထင်နေတယ်'

'ယန်စွန်း'

'မင်းအကုန်သိနေပါကလား'

'သူနဲ့ပတ်သက်တဲ့သတင်းက သိုင်းလောကမှာအတော် ပျံ့နှံ့နေတာပဲ'

တုလျှံဝေး သက်ပြင်းချလိုက်၏။

'ငါ အခွင့်အရေးတစ်ခု တောင်းချင်ပါတယ်'

'ပြောပါဗျာ၊ ကျုပ်တတ်နိုင်တာဆိုရင်တော့ လိုက်လျောဖို့ အဆင်သင့်ပါပဲ'

'မင်းကပြောတယ်၊ ခေါင်းက ခုနစ်ခေါင်း၊ ပို့ဖို့လူ တစ်ယောက်ကို ထပ်ရွေးရမယ်လို့ဆိုတယ်၊ ဒါကယ်တော့ လူတစ်ယောက် ထပ်မရွေးရပါဘူး၊ ငါကိုယ်တိုင် ဒီခေါင်းကိုပို့မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ အခု မင်းကို ဒီခေါင်းပို့ဖို့တာဝန်ပေးရပြီဆိုတော့ ငါသဲလူပိုဖြစ်နေပါတယ်၊ ဒီတော့ မင်းပို့တဲ့အခါ ငါလဲလိုက်ပါရစေ'

လူငယ်က ရယ်မောလိုက်၏။

'ခင်ဗျား စိတ်မချရင် လိုက်နိုင်ပါတယ်ဗျာ၊ စိတ်ချရင်တော့ နေခဲ့နိုင်ပါတယ်'

တုလျှံဝေးသည် လူငယ်၏ ပွင့်လင်းသော အပြောအဆိုများကို အကဲခတ်၏။



လူငယ်သည် ရန်သူမဖြစ်နိုင်ပေ။သို့သော် မိတ်ဆွေဟုသတ်မှတ်ရန်လည်း အချိန်စောသေး၏။

သူသည် စုဝမ်းလီတို့ခြောက်ယောက်တက်သို့လှည့်၍အမိန့်ပေးလိုက်၏။

'ကဲ....မင်းတို့လဲခေါင်းတွေယူပြီး မြေပုံညွှန်းအတိုင်းသွားပို့ကြပေတော့'

စုဝမ်းလီက....

'ဂိုဏ်းချုပ်ကြီးနဲ့သူက'

တုလျှံဝေးက လက်ကာပြလိုက်၏။

'စိတ်မပူနဲ့၊ မင်းတို့ ကိုယ့်တာဝန်သာ ကိုယ်ကျေအောင်ဆောင်ရွက်ကြ'

စုဝမ်းလီတို့သည် ကိုယ့်အတွက်သတ်မှတ်ထားသည့်ခေါင်းများကို ယူဆောင်ကာ ထွက်ခွာသွားကြလေတော့သည်။

★

## အခန်း (၆)

လမ်းမ၌ ဖုန်များတလိမ့်လိမ့်တက်နေ၏။

ဖုန်ထူသော လမ်းဖြစ်၍ ဖုန်လုံးတက်သည်မှာ မထူးခြားပေ၊ ဖုန်လုံးများအကြား၌ မြင်းလှည်းတစ်စီးကို မြင်နေရလေသည်။

မြင်းလှည်းမှာ အိုမင်းဟောင်းနွမ်းလှပြီ၊ ဆေးသား များပင်မမြင်ရတော့ချေ။

မူရင်းသစ်သားအရောင်ပင် ပြန်ပေါ်နေလေပြီ။ သို့သော် မြင်းကြီးကတော့ သန်မာသော မွန်ဂို မြင်းကြီး ဖြစ်လေ၏။ မြင်းကြီးသည် လှည်းကိုဖော့ပါးစွာ ဆွဲနိုင်ရှာလေသည်။



မြင်းလှည်းပေါ်တွင် တုလျှံဝေးသည် လူငယ်နှင့် ပခုံးချင်း ယှဉ်ထိုင်နေလေ၏။ လူငယ်ကမြင်းလှည်းမောင်းသည်။

တုလျှံဝေးသည် မြင်းလှည်းကိုဆိုင်စီးရင်း စိတ်များကျုံလှုပ်နေ၏။

သူသည် မိမိဘေးတွင်ထိုင်နေသော လူငယ် အကြောင်း တွေးတောနေခြင်းဖြစ်သည်။

'ဒီလူက ဘယ်သူလဲ'

'သူ ဘယ်သူဆိုတာ ငါမသိခဲ့ပေမယ့် တစ်ခရီးတည်းသွားနေရတယ်'

'ဒီလူငယ်ဟာ ရန်သူလား၊ မိတ်ဆွေလား'

'ဒီခရီးစဉ်ကို အတင်းလိုက်လာတာ ဒီလူငယ်အဖို့မှာ အကြံအစည်တစ်ခုရှိရမယ်'

'ငါ့ကို ဒုက္ခပေးဖို့တော့ ဖြစ်ဟန်မတူဘူး'

'သူဟာ ငါ့ကို နိုင်နေတာပဲ၊ ငါ့ကို ဒုက္ခပေးချင်ရင်ခြင်္သေ့နန်းတော်ထဲမှာ ဒုက္ခပေးလို့ရတယ်'

တုလျှံဝေး၏ ခေါင်းထဲတွင် မေးခွန်းများ အစီအရီဝင်နေ၏။ မေးခွန်းများဖြေလိုက်၊ မေးလိုက်ဖြင့် သူသည်ဘေးမှ လူငယ်အား မေ့လျော့နေလေ၏။

တုလျှံဝေးသည် ခြင်္သေ့နန်းတော်ထဲမှာ လူငယ်နှင့်တိုက်ခိုက်ခဲ့သည်များကို ပြန်လည်မြင်ယောင် လာမိသည်။

'ဒီလူငယ် သုံးတဲ့သိုင်းကွက်တွေဟာ ငါတို့ခြင်္သေ့နန်းတော်ကလက်ဝါးသိုင်းကွက်တွေနဲ့ တော်တော်တူတယ်'

ထို့ကြောင့် သူသည် တိုက်ပွဲကို ရင်တန်ခိုင်းခဲ့ခြင်း ဖြစ်သည်။

ထိုလူငယ်သည် စေတနာနှင့် ကူညီတာပါဟုဆိုခဲ့၏။ ခြသေ့်နန်းတော်နှင့် တစ်ခုခုပတ်သက်နေသလားဟု သံသယဝင်နေမိသည်။

*　　*　　*

ထုံစဉ် လူငယ်၏ စကားသံပေါ်လာလေ၏။

'ဂိုဏ်းချုပ်'

ဂိုဏ်းချုပ်ကြီး တုလျှံဝေးသည်လူငယ်၏ ခေါ်သံကိုမကြားပေ။ အတွေးများနှင့်သာ လုံးထွေးရစ်ပတ် နေသည်။

'ဂိုဏ်းချုပ်'

ဒုတိယအကြိမ် လူငယ်က ခေါ်တော့မှ ကြားတော့သည်။ လူငယ်အား သူသည် လှည့်ကြည့်လိုက်၏။

လူငယ်က မြင်းလှည်းကို မှန်မှန် မောင်းနှင်နေသည်။

'သိုင်းလောကမှာ သတင်း တစ်ခု ထွက်ပေါ်နေတယ်ဗျ....'



တုလျှံဝေးက ခေါင်းထောင်ပြီး မေးလိုက်၏။

'ဘာသတင်းလဲ'

'ခြသေ့်နန်းတော်က အဖိုးတန်ပစ္စည်းပေွကို တစ်နေရာဆီ သွားပို့လိမ့်မယ်တဲ့၊ လမ်းမှာ လူသတ်မယ့်သူတွေကို မလွှဲမသွေ တွေ့ရလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်'

'ဟုတ်တယ်၊ ငါလဲကြားတာပဲ၊ ကြားလို့ ဒီလို ခေါင်း ခုနစ်လုံးလုပ်ပြီး ခုနှင်လမ်း ခဲ့တာပေါ့၊ ငါတစ်ခု မေးပါရစေ'

'ဘာများ မေးမလို့လဲ'

'ငါ နားမလည်ဘူး၊ ဒီအလုပ်ဟာ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ မင်းသိသားပဲ၊ မင်းဒီအလုပ်ထဲ ဘယ့်နှဲ့ဝင်ပါလာရတယ်ဆိုတာ ငါနားမလည်ဘူး'

လူငယ်က ပြုံးလိုက်သည်။

'ကျုပ်ဘာကြောင့် ဝင်ပါလာရတာလဲဆိုတာ အခုတော့ မပြောနိုင်သေးပါဘူး။ တင်ခုပဲရှိတယ်၊ ခင်ဗျားတို့ ခြသေ့်နန်းတော်ကို ကျုပ်စေတနာထားပြီး ကူညီတာလို့ပဲ မှတ်ထားစေချင်ပါတယ်'

တုလျှံဝေးသည် အတန်ကြာ ငြိမ်သက်သွား၏။ ပြီးမှ....

'ငါတင် ... ဘာရှိပါတယ်'

'ဘာလဲ'

'မင်း ဒီကိစ္စထဲ ဝင်ပတ်သက်လာတဲ့ ကိစ္စလေ'

'ပြောကြည့်ပါဦး'

'မင်းဟာ ငါ့ပစ္စည်းလက်ခံမယ့်လူကို တွေ့ချင်လို့ပဲ ဖြစ်ရမယ်လို့ ထင်တယ်'

လူငယ်သည် ဘာမှမပြောပေ။ မြင်းလှည်းကိုသာ သေသေ တိထား၍ မောင်းနေသည်။

တုလျှံဝေးကမူ သူ၏သင်မြင်ယူဆချက် မှန်ကန်သည်ဟု ယူဆလိုက်သည်။ သူသည် လူငယ်အပေါ် ပို၍စိတ်ဝင်စားလာသည်။ လူငယ်သည် ပစ္စည်းလက်ခံမည့်သူကို သိပါသလား။

သူမည်သူ့ထံ ပစ္စည်းပို့ရမည်ဆိုသောအကြောင်းသည် လျှို့ဝှက်ထားသော အကြောင်းအရာပင် ဖြစ်သည်။ ယခု ထိုလျှို့ဝှက်သော အကြောင်းအရာသည်ပင် ပေါက်ကြားနေပြီလား မသိပေ။

တုလျှံဝေးသည် သက်ပြင်းချလိုက်၏။

သူသည် လူငယ်အား အကဲခတ်လိုက်၏။

လူငယ်သည် လမ်းများကိုသာ ကြည့်ရင်း ကျင်လည်စွာ မြင်းလှည်းမောင်းနေသည်ကို တွေ့ရှိရလေ၏။

လူငယ်သည် မြင်း၊ မြင်းရထား၊ မြင်းလှည်းများ ကိုအလွန်ကျွမ်းကျင်ဟန်ရှိသည်။ လူငယ်၏ မြင်းလှည်းမောင်းပုံမှာလည်း လွန်စွာကျင်သည့်ပုံ မောင်းနှင်နေပေသည်။

လူငယ်သည် တုလျှံဝေးကို မကြည့်ပေ၊ သူတို့သည် အလွန်ကြမ်းတမ်းသောလမ်းသို့ ရောက်ရှိလာသည်။ လမ်းတွင် ကျောက်တုံးကျောက်ခဲများ လွန်စွာပေါများပြီး ခသောင်တုန်း ထူထပ်သောလမ်းသို့ ရောက်ရှိလာခဲ့တော့သည်၊



လမ်းသည် ကျောက်တုံးကျောက်ခဲများသာမက ချိုင့်ဝှမ်းချိုင့်ခွက်များလည်း ပေါများသည်။ အလွန်တရာ ကြမ်းတမ်းသော လမ်းပေါ်ပေ။ လူငယ်သည်, မည်မျှ မြင်းလှည်းမောင်း ကျွမ်းကျင်သည်ကို ပြသလေတော့သည်။

ဤလမ်းကြမ်းကြီးကို အရှိန်မလျှော့ဘဲ မောင်းနှင်ခြင်းဖြင့် သူ့မြင်းလှည်းမောင်း မည်မျှကျွမ်းကျင်သည်ကို တုလျှံဝေး မြင်တွေ့စေခဲ့လေသည်။

★

## အခန်း (၇)

## အတားအဆီးကို ကျော်ဖြတ်ခြင်း

မြင်းလှည်းမှာလည်း လမ်းကြမ်းလှန်းလှသဖြင့် လှည်းအို လှည်းဟောင်းကြီးမှာ ပြုတ်ထွက်မတတ် သံစုံမြည်ဟည်းနေတော့၏။

မကြာမီ ထိုလမ်းကြမ်းကြီးမှ လွန်မြောက်လာခဲ့တော့၏။ နေကားပူပြင်းလှသည်။ ခြစ်ခြစ်တောက် ပူလောင်နေသော နေမင်းကြီးကို အန်တုဖက်ပြိုင်နေသူကား လူငယ်ပင်ဖြစ်သည်။ လူငယ်သည် နေမင်းကြီးကို လမင်းကြီးဟု ထင်နေသလား မသိပေ။ အေးအေးဆေးဆေးပင် မောင်းနှင်နေလေသည်။

'ကျွီး....ကျွီ....ကျွီ'



'ကျွီ....ကျွီ....ကျွီ'

ဆီမထည့်သည်မှာ ကြာပြီဖြစ်သော လှည်းဘီးမှ တကျွီကျွီမြည်သံသည် အလွန်တရာ ငြီးငွေ့ဖွယ် ကောင်းနေလေ၏။ လူငယ်က အေးအေးဆေးဆေး မောင်းနှင်သလောက် ငိုက်မြည်းနေသူမှာ တုလျှံဝေး ဖြစ်လေသည်။

သူသည် အသက်ကြီးသူဖြစ်၍ လည်းကောင်း၊ လှည်းမောင်းနေသူ မဟုတ်သဖြင့် လည်းကောင်း သူ့အဖို့ ငိုက်မြည်းခွင့်ရနေသည်။

မြင်းလှည်းသည် အရိပ်ကင်းမဲ့သောလမ်းအတိုင်း ပျင်းရိငြီးငွေ့ဖွယ်ရာ မောင်းနှင်နိုင်သူ လူငယ်အဖို့ လမ်းဟောင်းတွင်မူ မျက်စိမှိတ်မောင်းနှင်နိုင်လေသည်။

ထိုစဉ် လူငယ်သည် မြင်းလှည်းကို ဇက်ကြိုးဆွဲ၍ ရပ်တန့်လိုက်လေ၏။

'ကျွီ....ဟီး....ဟီး'

အရှိန်ဖြင့်ပြေးနေသောမြင်းသည် ကြိုးစားပန်းစား ရပ်တန့်လိုက်ရလေ၏။ အရှိန်နှင့်သွားနေသော မြင်းလှည်းမှာ တိမ်းစောင်းသွားသော်လည်း လူငယ်၏ ကျွမ်းကျင်မှုကြောင့် မှောက်မသွားပါချေ။

တုလျှံဝေး မျက်လုံးများ ပွင့်လာလေ၏။

'ဘာဖြစ်တာလဲ'

သူသည် မြင်းလှည်းဆောင့်၍ ရင်ထိုက်သည့်အရှိန်ကြောင့် ပစ္စုပ္ပန်ဘဝသို့ ယောင်တီးယောင်တောင်ဖြင့် ရောက်ရှိလာလေသည်။

လူငယ်က အေးအေးဆေးဆေးပင်။

'ဟိုမှာ ကြည့်စမ်းပါဦး'

တုလျှံဝေးသည် မြင်းလှည်းရှေ့သို့ ကြည့်လိုက်၏။ ထိုအခါ သူသည် အဖြေကို တွေ့ရှိသွားလေတော့၏။ လူငယ်က....

'ကျုပ်ပြောတာမှန်တယ် မဟုတ်လား'

တုလျှံဝေးသည် စိတ်မဆက်သာစွာ ခေါင်းညိတ်လိုက်လေ၏။

မြင်းလှည်းရှေ့ လမ်းမပေါ်တွင် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသူ လူငယ်တစ်ယောက်သည် လက်ပိုက်ပြီး ကားရားရပ်၍ နေလေ၏။

ထိုသူမှာ အရပ်မြင့်သည်။ ခြောက်ပေခန့်ရှိနေ၏။ ခါးတွင် သုံးပေခန့်ရှည်သော ဓားတစ်လက်ကို ချိတ်ဆွဲထား၏။

လူငယ်က ပြောင်လက်တောက်ပနေသော ဓားသမားကို ကြည့်၍ တုလျှံဝေးအား မေးလိုက်၏။

'သူ ဘယ်သူလဲ ဂိုဏ်းချုပ် သိသလား'

တုလျှံဝေး ခေါင်းညိတ်လိုက်၏။

ထို့နောက် လေသံကလေးဖြင့် ပြောလိုက်သည်။

'မိုးပျံ ပင့်ကူဂိုဏ်း ဆိုတာ ကြားဖူးသလား'

'ကြားဖူးပါတယ်'

'အဲဒီ ဂိုဏ်းက ကိုယ်ရံတော် သုံးယောက်ဟာ တကယ်ကျော်ကြားတယ်၊ အမှတ်သုံး ပိုးထိကွမ်းဖေ ဆိုတာ သူပဲ'

လူငယ်က ခေါင်းညိတ်လိုက်၏။



'ဂိုဏ်းကိုတော့ ကြားဖူးပါတယ်၊ ဒါပေမယ့် ကိုယ်ရံတော်သုံးယောက်ကိုတော့ မကြားဖူးဘူး။ သူ့ သိုင်းပညာက ဘယ်လိုရှိသလဲ'

တုလျှံဝေးက....

'ငါနဲ့ယှဉ်ပြိုင်ရင် သိုင်းကွက် နှစ်ရာအထိ ယှဉ်ပြိုင်နိုင်မယ်၊ နှစ်ရာကျော်တဲ့အခါ သူရှုံးမလား၊ ငါရှုံးမလားတော့ မသိဘူး....'

ထိုစဉ် ပိုးထိကွမ်းဖေ့အသံ ထွက်ပေါ်လာလေတော့၏။

'ကျုပ်က တခြားလူ လာမယ် အောက်မေ့တယ်၊ ခုတော့ တုလျှံဝေး ကိုယ်တိုင်ပါလား၊ ကျုပ်ကိုတော့ ခင်ဗျား မေ့ဦးမယ် မထင်ဘူး'

တုလျှံဝေး စကားမဆုံးမီ လူငယ်က ပြုံး၍ပြောလိုက်၏။

'ပိုးထိကွမ်းဖေ ဆိုတာ ခင်ဗျားလား'

'ဟုတ်တယ်၊ ငါ ပိုးထိကွမ်းဖေပဲ'

'ခုလို တွေ့ရတာ ဝမ်းသာပါတယ်'

'ငါကတော့ ဝမ်းမသာဘူး'

'ဘာဖြစ်လို့ ဝမ်းမသာနိုင်ရတာလဲ'

'မင်း ပါးစပ် ပိတ်ထားစမ်း'

ပိုးထိကွမ်းဖေ၏ အသံက မိုးခြိမ်းသံအလားလ ကျယ်လောင်စွာ ဟိန်းထွက်လာလေ၏။

လူငယ်က ပခုံးတွန့်လိုက်၏။

ပိုးထိကွမ်းဖေသည် ရှေ့သို့ တိုးလာလေ၏။ မြင်းလှည်းနှင့် ခြေလှမ်း တစ်လှမ်းမျှ အကွာတွင် ရပ်လိုက်သည်။

ပိုးထိကွမ်းဖေ့သည် လူငယ်အား လုံး၀ ဂရုမစိုက်ချေ၊ သူ ဂရုစိုက်သည်မှာ တုသျှံဝေးသာဖြစ်၏။

'ခင်ဗျား ကျုပ်ကို နိုင်ပါ့မလား'

ပိုးထိကွမ်းဖေ့က တုသျှံဝေးအား မေးလိုက်လေ၏။

★

အခန်း (၈)

ထိုအခါ တုသျှံဝေးက....

'မင်းကကော....ငါ့ကို နိုင်ပါ့မလား'

ပိုးထိကွမ်းဖေ့က ရယ်လိုက်၏။

'ကျုပ် တစ်ယောက်တည်းဆိုရင် မသေချာဘူး။ ဒါပေမယ့် ကွမ်းသုနဲ့ ဆိုရင်တော့....'

သူ့စကားအဆုံးမှာပင် ကျောက်တုံးများအကြားမှ လူတစ်ယောက် ထွက်ပေါ်လာလေ၏။

ဖိုလူမှာ ပုလှပါသည်။ အရပ် လေးပေပင် ပြည့်လိမ့်မည် မထင်ပါ။ သူသည်လည်း ဓားလက်နက်ကိုင်ဆောင်သူဖြစ်ပါသည်။

သူသည် အရပ် လေးပေပင်မပြည့်သဖြင့် သုံးပေခန့်ရှိသော ဓားကို ချိတ်ဆွဲထားမည်ဆိုပါက မြေကြီးတွင် ဒယင့်တိုက်နေမည်ဖြစ်သည်။ ထို့ကြောင့် သူသည် ဓားကို ကျောတွင်ချိတ်ဆွဲထားလေသည်။

ထိုလူမှာ မည်သူနည်း။

ထိုလူမှာ မိုးပျံ ပင့်ကူဂိုဏ်းမှ ကိုယ်ရံတော် အမှတ်နှစ်ဖြစ်သည်။ သူ့အမည်မှာ ကွင်းသု ဖြစ်သည်။

အမှတ်နှစ်နှင့် အမှတ်သုံးမှာ အလွန် အရပ်ပုသူနှင့် အလွန်အရပ်ရှည်သူ နှစ်ယောက်ဖြစ်၍ မိုးနှင့် မြေလို ကွာခြားနေသည်။

ကုသျှံဝေးမှာ ကွင်းလုကို တွေ့သောအခါ မျက်နှာပျက်သွားလေသည်။

ပိုးထိကွမ်းဖေ့က ရယ်မောလိုက်ပြီး....

'ခင်ဗျား သယ်လာတဲ့ ပစ္စည်းတွေကို ပေးအပ်ဖို့ ဖြစ်နိုင်ပြီမဟုတ်လား၊ နှစ်ယောက် တစ်ယောက်ဆိုတော့ ခင်ဗျား ဘယ်နည်းနဲ့မှ မနိုင်နိုင်ပါဘူး'

တုသျှံဝေး သက်ပြင်းချလိုက်၏။

'ဒါ ဘာပစ္စည်း သယ်လာတယ်ဆိုတာ မင်း သိလို့လား။ ဒါ ဘာမှ သယ်မလာဘူးကွ'

ပိုးထိကွမ်းဖေ့က ရယ်မောလိုက်၏။



'ခင်ဗျားတို့သတင်းဟာ သိုင်းလောကတစ်ခုလုံးကို ပျံ့နှံ့နေပါပြီဗျာ၊ လုင်မနေစမ်းပါနဲ့၊ ခင်ဗျားဟာ ခင်ဗျားတို့ဂိုဏ်းက အဖိုးတန်ပစ္စည်းတွေကို သယ်လာမယ့် သတင်းကို ကျုပ်တို့မကြားဘဲ နေမလားဗျ'

တုလျှံဝေးက ပြန်ပြောမည့်အလုပ်တွင် လူငယ်က ကြားဖြတ်ပြောလိုက်လေ၏။

'ကျုပ်တို့ သယ်လာတော့ ဘာဖြစ်သလဲ၊ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ'

ပိုးထိကွမ်းဖေ့သည် လူငယ်အား သနားဟန်နှင့် ကြည့်လိုက်၏။ သူသည် လူငယ်ကို သိုင်းပညာမဖတ်ဟု ထင်ဟန်ရှိနေလေ၏။

'ကျုပ် မင်းတို့ကို အခွင့်အရေးတစ်ခု ပေးမယ်၊ မင်းတို့ အဲဒီအခွင့်အရေးကို အသုံးပြုပေတော့'

လူငယ်သည် မျက်မှောင်ကြုတ်လိုက်လေ၏။

'ဘာအခွင့်အရေးလဲ'

ပိုးထိကွမ်းဖေ့က မြင်းလှည်းကို ကြည့်လိုက်၏။

'ကျုပ်ပေးမယ့် အခွင့်အရေးကို မင်းတို့ အပြည့်အဝ အသုံးချနိုင်ပါတယ်၊ အဲဒီအခွင့်အရေးကတော့ မင်းတို့မြင်းလှည်းကိုထားပြီး ဒီကနေထွက်ခွာသွားဖို့ပဲ'

'ဟာ....မဖြစ်ဘူး၊ မဖြစ်ဘူး'

လူငယ်က ခေါင်းတယမ်းယမ်း လက်တခါခါဖြင့် ပြောလေ၏။

ပိုးထိကျွမ်းဖေ ၏ မျက်နှာမှာ တင်းမာသွား၏။

'မင်းက ဘာဖြစ်လို့ မဖြစ်နိုင်ရတာလဲ'

'ဟာ....ဘယ်ဖြစ်မလဲဗျာ ဒီခရီးကအဝေးကြီး၊ ကျုပ်တို့လာတာ နည်းတဲ့ခရီးမဟုတ်ဘူး၊ ခရီးကလဲကြမ်းလိုက်တာ၊ နေကလဲပူလိုက်သေး၊ ကျုပ်ဘို့ ခြေကျင်သွားရရင် သေရောပေါ့ဗျာ'

'အဲဒီလမ်းခရီးမှာ သေချင်သလား၊ ဒါမှမဟုတ်အခုပဲသေချင်သလား၊ အဲ့ဒါကိုမင်းတို့ရွေး'

ပိုးထိကျွမ်းဖေ သည် ဓားကိုဆွဲထုတ်လိုက်၏။

'ရှမ်း....'

တုလျှံဝေး ရင်ထိတ်သွားသည်။ မိုးပျံပင့်ကူဂိုဏ်းသားများနှင့် စတင်တွေ့ဆုံကတည်းကနိမိတ်မကောင်းဟု သူယူဆခဲ့သည်။ ယခုတော့ တိုက်ခုပေတော့မည်၊ သူသည် ပိုးထိကျွမ်းဖေ အား ရင်ဆိုင်တိုက်ရန် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

သို့သော် လူ့ငယ်က သူ့ထက်အလျင်ဦးစွာ ပိုးထိကျွမ်းဖေ ရှေ့သို့ ရောက်ရှိတော့သည်။

လူငယ်၏လျင်မြန်မှုကို တွေ့ရသောအခါ သူအံ့ဩသွား၏။ သူသည် လူငယ်ကို စေ့စေ့ကြည့်လေ၏။

လူငယ်ကလည်း သူ့အားစေ့စေ့ကြည့်ပြီး သုံးခွဲပြောလိုက်၏။

'ကျုပ် တစ်ခုမေးချင်တယ်'

'နှစ်ခုမေးနိုင်တယ်'



'ခင်ဗျားတို့နှစ်ယောက်တည်းပဲလား၊ နောက်ထပ် ဘယ်သူများ ကျန်သေးသလဲ'

ပိုးထိကျွမ်းဖေ မျက်မှောင်ကြုတ်သွားလေ၏။

★

# အခန်း (၉)

'မင်းမေးပုံက ဆန်းကြယ်လှချည်လား၊ မင်းကဘာကြောင့် ဒီလိုမေးရတာလဲ'

လူငယ်က ပြုံးလိုက်၏။

'တစ်ယောက်ချင်းယှဉ်နေရင် အချိန်ကြာတယ်။ ကျုပ်က အချိန်ကုန်မခံချင်လို့ပါ၊ မင်းတို့အားလုံး ထွက်လိုက်တော့ကိစ္စ ပြတ်သွားတာပေါ့ဗျာ'

ပိုးထိကွမ်းဖေ၏ မျက်နှာမှာ နီရဲသွားသည်။ သူ့အား မည်သူတစ်ဦးတစ်ယောက်ကမျှ စိန်မခေါ်ဖူးသေးပေ။ ယခု လူငယ်က သူနှင့်တကွ သူ့အပေါင်းအသင်း အားလုံးအား စိန်ခေါ်နေချေပြီ။



သူ၏လက်ထဲမှ ကိုင်ထားသည့်ဓားသည် ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားလေ၏။ သုံးပေခန့်ရှည်သော ဓားသည် လူငယ်၏လည်မျိုကို လှီးဖြတ်တော့မည့်ပမာ။ လူငယ်၏ လည်ပင်း အနီးသို့ ရောက်သွားလေ၏။

'မြန်လိုက်တဲ့ဓားချက်'

တုလျှံဝေး အသံတိတ်တလန့် ရေရွတ်လိုက်၏။ သို့သော် လူငယ်၏လည်မျိုကိုမထိဘဲ လေကိုသာ လှီးဖြတ်သွားလေသည်။

လူငယ်သည် ရိပ်ခနဲလှုပ်ရှားသွားသည်၊ သူသည် ပိုးထိကွမ်းဖေ၏ ညာဘက်သို့ ရောက်ရှိသွားသည်။

လူငယ်က....

'ကွမ်းဖေ....ခင်ဗျားကိုကျုပ်တစ်ခုပြောချင်တယ်၊ခင်ဗျားရဲ့ဓားကိုသိမ်းပြီး ဒီကထွက်သွားပါ၊ အဲဒါခင်ဗျားတို့အတွက် အကောင်းဆုံး အကြံဉာဏ်ပဲ'

ပိုးထိကွမ်းဖေ သည် ထိုစကားကိုကြားသောအခါ ဒေါသ အမျက် ခြောင်းခြောင်းထွက်သွားလေတော့၏။ သူသည် အသားတဆတ်ဆတ်တုန်လာသည်။ အခရေးတကြီး ယှဉ်ပြိုင်မည့် သိုင်းသမားသည် ဤမျှ ဒေါသထွက်ရန် မသင့်ပေ။

သူ၏လက်ထဲမှဓားသည် ပြိုးပြက် ဝင်းလက်သွားသည်။ သူသည် ဓားခုနစ်ချက်တိတိကို သူငယ်ထံသို့ ထိုးသွင်းတိုက်ခိုက်လိုက်၏။

လူငယ်ကလည်း ဤတစ်ကြိမ်တွင်တော့ ရှောင်တိမ်းရုံသာ မရှောင်တိမ်းတော့ချေ။ ပြန်လှန် တိုက်ခိုက်လေတော့သည်။

လူငယ်၏ သိုင်းကွက်များမှာ လျင်မြန်ပြင်းထန်ကြောင်း တွေ့ရှိရသည်။

တုလျှံဝေးသည် တိုက်ပွဲကို ငေးကြည့်နေပီလေ၏။ ထိုစဉ် ကွင်းလု၏အသံ သွက်ပေါ်လာလေ၏။

'ဟေ ....တုလျှံဝေး၊ ခင်ဗျား ငေးမနေနဲ့၊ သေသွားလိမ့်မယ်၊ ကျုပ်နဲ့ ခင်ဗျားနဲ့ ယှဉ်ပြိုင်ကြမယ်၊ ခင်ဗျားငေးမနေနဲ့၊ ငေးမနေရတော့ဘူးပေါ့ဗျာ'

ကွင်းလု၏ လှောင်ပြောင်သံကြောင့် တုလျှံဝေး မဲ့ရွဲ့လိုက်သည်။

* * *

'ကောင်းပြီ'

သူသည် ကွင်းလုနှင့် ရင်ဆိုင်လိုက်၏။

ကွင်းလုသည် လူပုသော်လည်း သုံးပေရှည်သော ဓားကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သည်။ သူ့ဓားသည် ပိုးထိကွမ်းဖေ့ကဲ့သို့ လျင်မြန်လှသည်။ ဝှီးခနဲ ဝှီးခနဲဖြင့် တုလျှံဝေး၏ ဦးခေါင်းနားမှ ပွတ်သပ် ဖြတ်သန်းသွားလေ၏။ တုလျှံဝေး မပေါ့ဆရဲပါ။ သတိကြီးစွာထားပြီး ကွင်းလု၏ဓားချက်များကို ရှောင်တိမ်းနေရပါသည်။



ကွင်းလုဆိုသည့် ဓားသမားမှာ ပေါ့သေးသေး ဓားသမား မဟုတ်ပေ။ မိုးပျံငှက်ဂိုဏ်း၏ ကိုယ်ရံတော် သုံးဦးအနက် နံပါတ်နှစ်ကိုယ်ရံတော် ဖြစ်ပါသည်။ ပိုးထိကွမ်းဖေ့ထက် အနည်းငယ် သာလွန်ပေသည်။

ထို့ကြောင့် တုလျှံဝေး ဂရုစိုက် တိုက်ခိုက်နေရခြင်း ဖြစ်ပါသည်။

သူသည် တစ်ခါတစ်ရံသာ ထန်ပြန်တိုက်စစ်ဆင်နိုင်သည်။ များသောအားဖြင့် ခံစစ်ဖြင့်သာ ခုခံနေရပေသည်။ သိုင်းကွက် နှစ်ဆယ်ခန့် ယှဉ်ပြိုင်ပြီးသောအခါ တစ်ဦးကို တစ်ဦး လွယ်လွယ်ကူကူနှင့် မနိုင်နိုင်ကြောင်း နားလည် သဘောပေါက်သွားကြလေ၏။

သို့သော် မည်သူကမျှ သူတို့၏တိုက်ခိုက်မှုကို ရပ်တန့်ရန်၊ သို့မဟုတ် နောက်ဆုတ်ရန် မစဉ်းစားကြတော့ပါ၊ လမ်းကျဉ်းထဲသို့ တိုးဝင်သူများပမာ နောက်ဆုံးသေမှသာ အတိုက်ရပ်ကြတော့မည် ဖြစ်ပါသည်။

ယခုတိုက်ပွဲသည် နှစ်ပွဲဖြစ်ပွားနေသည်။ ကွင်းလုနှင့် တုလျှံဝေးတို့က တစ်ပွဲ၊ လူငယ်နှင့် ပိုးထိကွမ်းဖေ့တို့က တစ်ပွဲ၊ နှစ်ပွဲဖြစ်နေသည်။

ပိုးထိကွမ်းဖေ့သည် အပြောကြီးသော လူငယ်ကို လွန်စွာ မုန်းတီးနေသည်။ သူ့အား စကားဖြင့် စော်ကားထားသော လူငယ်အား သိုင်းကွက်ငါးဆယ်အတွင်း အသေသတ်ရန် ဆုံးဖြတ်ထားသည်။ သို့သော် တကယ်တမ်းတွင် သူထင်သလို ဖြစ်မလာပေ။

ယခုပင် သိုင်းကွက်ခုနစ်ဆယ်ကျော်နေပေပြီ။ လူငယ်အား အသေသတ်ရန် မဆိုထားနှင့်၊ သူ မသေအောင်ပင် ကြိုးစား၍ ခုခံနေရသည်။

သူသည်တိုက်ခိုက်ရင်း ရင်ထဲ၌လေးလံလာသည်။ ဤလူငယ်အား အထင်သေးမိသည်မှာ မှားပြီဟု သိလာသည်။ သိုင်းလောက၌ စကားပုံတစ်ခု ရှိသည်။ တောင်ထိပ်တစ်ခုထက် မြင့်မားသော တောင်ထိပ်တစ်ခုသည် အမြဲတမ်းရှိနေ၏ ဟူသော စကားပုံကို သူသည် သတိရလာလေ၏။

လူငယ်၏သိုင်းကွက်များမှာ ထူးခြား ဆန်းကြယ်နေပေသည်။ သူသည် လူငယ်၏သိုင်းကွက်များကို သဘောပေါက်လိုက်ချိန်တွင် လူငယ်၏ လက်ဝါးက သူ့ရင်ဘတ်ကို ရိုက်ချသွားလေ၏။

'ဝုန်း....'

ပိုးထိကွမ်းဖေ့သည် ဝါးတစ်ရိုက်ခန့် လွင့်စဉ်သွားလေသည်။

တုလျှံဝေးနှင့် တိုက်ခိုက်နေသည့် ကွင်းလုသည် လန့်ဖျပ်သွား၏။ တုလျှံဝေးနှင့် တိုက်ခိုက်နေရာမှနောက်သို့ခုန်ဆုတ်ပြီး ပိုးထိကွမ်းဖေ့ထံ ပြေးသွားပြီးပွေ့လိုက်၏။

လူငယ်က....

'ခင်ဗျားတော့ ကျုပ်ကိုဟန့်တားဦးမှာလား'

'မင်း သွားနိုင်ပြီ၊ တစ်နေ့မင်းဆီကအကြွေးပြန်တောင်းရမယ်၊ မင်းနာမည်ကို ပြောခဲ့ပါ'

လူငယ်က ခေါင်းညိတ်လိုက်၏။



'ဆင်းပီရဲ'

သူသည် တုလျှံဝေးအား အချက်ပြလိုက်ပြီးနောက် မြင်းလှည်းပေါ် တက်ကာ မောင်းထွက်လာခဲ့လေတော့၏။

★

## အခန်း(၁၉)

## အမုန်းသခင်မ

သူတို့သည်မြင်းကြီးကိုကြည့် အနားပေးတန်သည်ကို မပေး ဘဲ ခရီးပြင်းဆက်လက်နှင်ခဲ့ကြလေ၏။ သူတို့သည် သစ်တော တစ်တောတစ်ခုသို့ ဝင်ခဲ့လေ၏။ ကြီးမားသော သစ်ပင်ကြီး တစ်ပင်အောက်တွင် နားလိုက်သည်။

ညအမှောင်သည် လျင်မြန်စွာ လွှမ်းခြုံ လာလေ၏။ သစ် တောတွင်းဖြစ်၍ ပို၍အမှောင်ကျရောက်ခြင်သည်။

တုလျှ ဝေးက ယူဆောင်လာသည့်ရိက္ခာများကိုထုတ်လိုက် သည်။ဆင်းပိရဲအား ကမ်းပေးလိုက်သည်။



သူတို့နှစ်ဦးသည် စကားမပြောဘဲ စားသောက် လိုက်ကြ၏။ စားသောက်ပြီးစီးသောအခါ နှစ်ဦးသားငြိမ်သက် နေ ကြသည်။

တုလျှဝေးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်း လိုက်သည်။

'ငါတို့ဒီမှာနားလို့ လုံခြုံမှုရှိပါ့မလား'

ဆင်းပိရဲက....

'မှောင်နဲ့မည်းမည်းခရီးဆက်ရင် ရန်သူ လက်ကလွတ်မယ် ထင်လို့လား၊ မထင်ပါနဲ့ ရန်သူဟာ ကျုပ်တို့ကို အရိပ်လို လိုက်နေတာ ရန်သူကိုရှောင်လို့မရဘူး'

တုလျှဝေးက ပါးစပ်ပိတ်သွားလေ၏။

ဆင် ပိရဲက....

'ကျုပ် စိတ်ထင်အရတော့ ခရီးမဆုံးခင် ရန်သူ အတော် များများကို တွေ့ရဦးမယ်လို့ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခြင်္သေ့နန်းတော်ရဲ့ သတင်းဟာ သိုင်းလောကထဲမှာ အတော် ပျံ့နှံ့နေလို့ပဲ'

တုလျှဝေးသည် သက်ပြင်းချလိုက်၏။ ဆင်းပိရဲက....

'ဒါထက်ခေါင်းထဲမှာ ဘာပါသလဲဆိုတာ ခင်ဗျားတကယ် ကော သိရဲ့လား'

တုလျှဝေးက ခေါင်းညိတ်လိုက်၏။

သူ့ထံသို့ ယန်စွန်းရောက်ရှိလာပုံကိုမြင်ယောင်လာမိသည်။ ဆင်းပိရဲက ထပ်မံမေးလိုက်၏။

'ဘာတွေပါသလဲ ဆိုတာ ကျုပ်ကို ပြောနိုင်မလား'

တုလျှဝေး ခေါင်းခါလိုက်၏။

ဆင်းပိရဲက....

'ခင်ဗျားကျုပ်ကို မယုံကြည်သေးဘူးထင်တယ်'

ဤတစ်ကြိမ်တွင်တော့ တုလျှံဝေးသည် ပါးစပ်ပိတ်ထားရုံတင်မကမျက်လုံးပါမှိတ်လိုက်လေတော့၏။ ဆင်းပိရဲက သက်ပြင်းချလိုက်မိသည်။ စကားမပြောချင်သူအား စကားမပြောခိုင်းခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း သူသိပါသည်။

သို့သော်သူ့အနေဖြင့် ဤအချက်ကို သိထားပါက အကျိုးများနိုင်သည်ဟု သူ ယူဆသောကြောင့် မေးရခြင်း ဖြစ်ပါသည်။

သူသည် တုလျှံဝေးကို တစ်ချက် ကြည့်ပြီးနောက် မြင်းလှည်းနံရံကိုမှီကာ မှိန်းထားလိုက်လေ၏။

ရန်သူမလာမီ အိပ်ပျော်ထားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း သူသိပေသည်။

သို့သော် သူ့အလိုမပြည့်ပါ၊ မကြာမီ ဆင်းပိရဲ၏ မျက်ခုံးကြုတ်တက်လေ၏။

အဘယ့်ကြောင့် ဆိုသော် သူ့နားထဲ၌ ပေါ့ပါး တိုးညှင်းသောခြေသံတစ်သံကြားလိုက်ရ၍ဖြစ်ပါသည်။

သူသည် ကိုယ်ကို မတ်လိုက်၏။

ထိုစဉ်တုလျှံဝေးမှ အသံထွက်ပေါ်လာတော့သည်။

'ရန်သူ ရောက်လာပြီ'

တုလျှံဝေး၏ အသံမှာ ညင်သာ တိုးတိတ်သည်။

သူကလည်း တိုးတိုးပြန်ပြောလိုက်သည်။

'ဟုတ်တယ်၊ ခြေသံက ပေါ့ပါးလွန်းတယ်'



'ငါ့အထင်မလွဲဘူးဆိုရင် အခု လာတဲ့လူဟာ မိန်းကလေးတစ်ယောက်ဖြစ်ရမယ်'

သူ့စကားအဆုံးတွင် လှိုရိပ် တစ်ခုသည် အမှောင် ထဲ၌ အလွန်လျင်မြန်စွာ ရွေ့လျားလာကြောင်းတွေ့မြင် လိုက်ရလေသည်။

မကြာမီ အဝါရောင်နန်းတွင်းဝတ်စုံကိုဝတ်ဆင်ထားသည့် မိန်းကလေး တစ်ဦးရောက်ရှိလာသည်။

မီးရောင်ဖြင့် ထိုမိန်းကလေး ထင်ရှားစွာ တွေ့ရှိကြရလေသည်။

မိန်းကလေးသည် နှစ်ဆယ့်ငါးနှစ်၊ နှစ်ဆယ့် ခြောက်နှစ်ခန့်ရှိပြီးအလွန်လှပသော မျက်လုံးမျက်ခုံး နှာတံများ ရှိသည်ကိုသူတို့နှစ်ဦးတွေ့ရှိရကြရသည်။

သို့သော် မိန်းကလေး၏ မျက်နှာထားသည် တင်းမာလှလေသည်။

အကယ်၍ မျက်နှာထားသည် ဤသို့ တင်းမာမနေဘဲပြုံးနေပါက ယခုထက်ပို၍ ဆွဲဆောင်မှု ရှိလိမ့်မည်ဟု သူ တွေးတောနေလေ၏။

ထိုစဉ် တုလျှံဝေးကလေသံဖြင့် သတိပေးလိုက်၏။

'ဆင်းပိရဲ....သတိထားပေတော့'

'ဘာဖြစ်လို့လဲဗျ'

'မင်း ဒီမိန်းကလေးကိုသိသလား'

'မသိဘူး'

'အေး....သူဟာ တကယ်ရက်စက်ကြမ်းကြုတ်တယ်၊ သူ့နာမည်ကို မင်းမသိသေးရင်မှတ်ထား၊ 'အမုန်းသခင်မ' တဲ့....'

ထိုစဉ် မိန်းထလေး၏အေးစက်သောစကားသံ ထွက်ပေါ်လာလေ၏။

'တုလျှံဝေး၊ ရှင်က ကျွန်မကိုမှတ်မိသွားပဲ'

တုလျှံဝေးရောဆင်းပိရဲပါ ထိစ်လန့်သွားကြလေတော့သည်။

★



## အခန်း (၁၁)

သူတို့သည် တိုးညင်းစွာ ပြောကြားနေခြင်း ဖြစ်သည်။ ထိုစကားများကို သူမမကြားနိုင်ဟု ယူဆရသည်။ သို့သော် သူမ ကြားသွားလေသည်။

တုလျှံဝေးက လက်နှစ်ဖက်ဆုပ်ကိုင်ရဝပြုလိုက်၏။

'အမုန်းသခင်မကို ကျုပ်မမေ့ပါဘူး'

ဆင်းပိရဲ၏အပြုံးကြောင့်အမုန်းသခင်မ၏မျက်လုံးများက မအေးစက်သွားသည်။

'ကျွန်မရှေ့မှာ ဘာဘာအရယ်အပြုံးမှမလိုချင်ဘူး'

ဆင်းပိရဲမျက်လုံးပြူးသွားလေ၏။ မိန်းကလေးကတွေ့တွေ့ ချင်း တားမြစ်စကားဆိုနေသည်မဟုတ်ပါလော။ ဤမိန်းက လေးသည် မညီသို့သောမိန်းကလေးနည်း။

'ဟောဗျာ....ဒါက ဘယ်လိုဖြစ်တာလဲဗျ'

အမုန်းသခင်မက အေးစက်စွာပြောလေ၏။

'ကျွန်မရှေ့မှာ ဘာပြုံးရယ်ခြင်းမှမလိုချင်ဘူး၊ ပြုံးရယ်တဲ့ ယောကျ်ားမှန်သမျှ သေဒဏ်ပေးရမယ်၊ ပြုံးရယ်ခြင်းကို ကျွန်မမုန်းတယ်'

ဆင်းပိရဲက ပခုံးတွန့်၍ပြောလိုက်သည်။

'ပြုံးရယ်ခြင်းဟာ ကောင်းတဲ့လက္ခဏာပဲ၊ လူတိုင်းဟာ စိတ်ကြည်လင်မှပြုံးရယ်နိုင်တယ်၊ တစ်ဦးကိုတစ်ဦးပြုံးရယ် ပြခြင်းမှာ အေးချမ်းတဲ့သဘောကိုပြခြင်းဖြစ်တယ်၊ ဘာဖြစ်လို့ ခင်ဗျားဟာပြုံးရယ်ခြင်းကို မကြိုက်ရတာလဲ'

အမုန်းသခင်မက....

'ယောကျ်ားတွေရဲ့ပြုံးရယ်ခြင်းဟာ မိန်းကလေးတွေကို လှည့်စားဖို့ကြံစည်တဲ့ အမှတ်အသားလက္ခဏာ ဖြစ်တယ်လို့ ယုံကြည်တယ်၊ ယောကျ်ားတွေရဲ့အပြုံးဟာ သင်တုံးခား သွားပေါ်တင်နေတဲ့ ပျားရည်စက်ပဲ၊ ကောက်ကျစ်မှုအပြည့်ရှိ တယ်၊ မင်းသားယောင်ဆောင်ထားတဲ့ဘီလူးပဲ၊ ရှင်နောက် တစ်ကြိမ် မပြုံးရယ်မိစေနဲ့၊ ကျွန်မသည်းခံမှာမဟုတ်ဘူး'

ဆင်းပိရဲသည် မြင်းလှည်းခေါင်းမှထိုင်နေရင်းမှ ထလိုက် သည်။



ထိုအခါကျမှ အမုန်းသခင်မသည် ဆင်းပိရဲ၏မျက်နှာကို တွေ့မြင်သွားလေတော့၏။

ထိုအခါ အမုန်းသခင်မ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်မိလေတော့ သည်။

'ရှင်....ရှပ်....ရှပ်'

သူမ၏ခန္ဓာကိုယ်မှာ တစ်ချက်မျှ ဒယိမ်းဒယိုင်ဖြစ်သွားလေ သည်။

မေ့သွားတော့မည့်ပုံပမာပင်။ သူမ၏မျက်နှာသည် တစ် ခဏအတွင်းမှာပင် တင်းမာခက်ထန်သွား၏။

'လက်စသတ်တော့ ရှင်ကိုး'

ဆင်းပိရဲ မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားက ကျုပ်ကိုသိတယ်ဟုတ်လား'

အမုန်းသခင်မ၏မျက်နှာပေါ်၌ အရိပ်အယောင်များထွက် ပေါ်လာ၏။

'ရှင်က ဟန်ဆောင်ကောင်းသားပဲ'

'ဘုရားရေ....ကျုပ်က....'

'ရှင့်ကိုရှာနေတာ ငါးနှစ်ရှိပြီ'

ဆင်းပိရဲက....

'ကျုပ်ကိုရှာနေတာ ဟုတ်လား၊ ဘာလုပ်ဖို့လဲ၊ ကျုပ်တော့ နားမလည်တော့ဘူး'

အမုန်းသခင်မ၏မျက်နှာဖြူနေရာမှ နီမြန်းလာသည်။ သူမသည် ဒေါသဖြင့်အော်လိုက်လေ၏။

'ရှင့်ကိုရှာနေတာကို ရှင်နားမလည်ဘူးဟုတ်လား'

'ကျုပ်တော့ ဘာမှနားမလည်ပါဘူးဗျာ'

'ရှင် ခုမှ ဘာနားမလည်ဖြစ်နေရတာလဲ၊ ရှင့်ကိုသစ်မလို့ရှင့်၊ ကျွန်မလက်နဲ့သတ်မလို့'

ပြောပြီးသည်နှင့် ဓားကိုသျှပ်တစ်ပြက် ဆွဲထုတ်လိုက်ကာ ဆင်းပိရဲ၏ရင်ဝသို့ ထိုးသွင်းလိုက်၏။

'ဝှီး'

သူမ၏တိုက်ခိုက်မှုမှာ အလွန်လျင်မြန်လှသည်။ သတိမဲ့ ဟုဆဲ တိုက်ခိုက်ခြင်းမှာလည်း ရက်စက်လှသည်။

သို့သော် သူမသည် ဆင်းပိရဲကို အနေသာသာချိန်မှတပါး ဘာမှစိတ်ကူးပုံမပေါ်ပေ၊ ဆင်းပိရဲ အသိုက်ဘာသန့် ရှောင်လိုက်ရသေ၏။

'ခင်ဗျား မှားနေပြီဗျ'

အမုန်းသခင်မက....

'ကျွန်မမှားတယ် ဟုတ်လား၊ ကျွန်မ ဘာသိတော့မှမမှားဘူး၊ ရှင်က ခုအထိ သိမ်ချင်နေဘုန်းပါလား၊ ကျွန်မကို လိမ်လို့မရဘူးရှင့်'

သူမသည် ပြောရင်းဆိုရင်း ဓားသုံးချက်တိဘိ ထိုးသွင်းတိုက်ခိုက်လိုက်၏။ သူမသည် ဆင်းပိရဲအံ့ဘာခြဖြစ်ရှင်းချက်မှ လိုချင်ပုံ မရချေ။



ဆင်းပိရဲမှာ လုံးဝပြန်လှန်မတိုက်ခိုက်ဘဲ နောက်ဆုတ်၍သာ ရှောင်တိမ်းသည်။

အမုန်းသခင်မက သူ့အား ဤသို့ အငြိုးကြီးစွာဖြင့် တိုက်ခိုက်နေသည်ကို နားမလည်နိုင်အောင် ရှိနေတော့သည်။ သူနှင့် အမုန်းသခင်မသည် ယခုမှ တွေ့ဖူးသည် မဟုတ်ပါလော။

★

## အခန်း(၁၂)

ဆင်းပီရဲက....

'ခင်ဗျား လူမှားနေပြီ'

'ကျွန်မ လူမှားတယ် ဟုတ်လား၊ ကျွန်မ ဘယ်တော့မှ လူမမှားဘူးရှင့်'

'ခင်ဗျားက လူမမှားဘူးပြောတာ ခင်ဗျားကို ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး'

အမုန်းသခင်မမှာ ဒေါသထွက်ပြီးရင်း ထွက်နေရတော့သည်။

'ရှင်....လူလိမ်လူညာ၊ ကျွန်မကို ဘယ်လိုလူမျိုးများ အောက်မေ့နေသလဲ၊ ကျွန်မ မျက်စိမကန်းဘူးရှင့်'



သူမသည် စကားဆုံးသည်နှင့် ဆင်းပီရဲအား တရကြမ်း တိုက်ခိုက်လေတော့၏။ သူမသည် ဒေါသအလွန်ထွက်နေသဖြင့် ခါးချက်တိုင်းမှာ အားပါလေသည်။

သူမ၏ခါးချက်တိုင်းသည် ဆင်းပီရဲ၏ သေစေနိုင်သော နေရာများဆီသို့သာ ဦးတည်နေသည်။

ဆင်းပီရဲမှာ ဘုမသိ ဘမသိတိုက်ခိုက်နေရသဖြင့် တဖြည်းဖြည်း ဒေါသဖြစ်လာလေ၏။

'ခင်ဗျား လွန်လာပြီနော်'

အမုန်းသခင်မက ဒေါသဘကြီး ပြောလေ၏။

'ရှင်သေပြီးရင်တောင် ရှင့်အလောင်းကို ခါးချက်၊ ဆယ်ချက်တိတိ ထိုးသွင်းမယ်'

ဆင်းပီရဲ စိတ်မထိန်းနိုင်တော့ပါ၊ သူသည် အမုန်းသခင်မကို ဒေါသထွက်သွားလေပြီ။ သူသည် အမုန်းသခင်မကို လက်ဝါးနှင့် ရိုက်ချလိုက်သည်။ ဆင်းပီရဲ၏ တိုက်ခိုက်မှုကြောင့် အမုန်းသခင်မ နောက်ဆုတ်သွားရလေ၏။

သူမသည် ဆင်းပီရဲအား စိုက်ကြည့်ကာ....

'ရှင့်သိုင်းကွက်တွေ တစ်မျိုးပါလား'

'ဒါဟာ အစဉ်အဆက်ကတည်းက ကျုပ်သုံးလာတဲ့ သိုင်းကွက်တွေပဲ'

'လေးငါးနှစ်အတွင်း ရှင်အတော်တိုးတက်လာပါကလား'

သူမသည် အံကြိတ်လိုက်၏။

'ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ရှင့်ကိုသတ်ရမှာပဲ'

သူမသည် ဆင်းပိရဲအား ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လူရိပ်တစ်ရိပ် ကျရောက်လာလေ၏။

တုလျှံဝေးက သက်ပြင်းချလိုက်၏။

'ဟင်....ထင်းစန်း အဘိုးအိုပါလား'

ထင်းစန်းအဘိုးအိုသည် မြင်းလှည်းအနီးသို့ ကပ်မလာချေ။

သူသည် အသက်ခြောက်ဆယ်ခန့်ရှိပြီး အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားကြောင်း တွေ့ရသည်။ သူ့လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ရှိနေ၏။

ထင်းစန်းအဘိုးအိုက....

'တုလျှံဝေး....မင်းကိုယ်တိုင်လာတာကိုး၊ ကောင်းတယ်၊ အဲဒါမှကောင်းတယ်၊ ထိပ်တိုက်တွေ့ရတာပေါ့'

တုလျှံဝေးက မေးလိုက်၏။

'ခင်ဗျား ဘာအတွက် ရောက်လာတာလဲ၊ ပစ္စည်းအတွက် ရောက်လာတာပဲ မဟုတ်လား'

ထင်းစန်းအဘိုးအိုသည် ရယ်မောလိုက်လေ၏။

'မင်းမဆိုးဘူး၊ ခန့်မှန်းနိုင်သားပဲ'

ထိုစဉ် အမှုန်းသခင်မ၏အသံပေါ်လာ၏။

'ရှင့်ရယ်သံရပ်လိုက်စမ်း'

ထင်းစန်းအဘိုးအိုသည် အော်ပေါက်သံကြောင့် တစ်ဖက်သို့ လှည့်သွား၏။ သူသည် အမုန်းသခင်မကို တွေ့သွားသည်။

'မင်းက အမုန်းသခင်မထင်တယ်'



'ဟုတ်တယ်'

'ခဏနေဦး၊ ကျုပ်ကိစ္စကို အရင်ရှင်းလိုက်ဦးမယ်'

သူသည် တုလျှံဝေးဘက်သို့ ပြန်လှည့်လိုက်၏။

'တုလျှံဝေး....မင်းရဲ့မြင်းလှည်းကို ထားခဲ့တော့မလား'

တုလျှံဝေးက သက်ပြင်းချလိုက်၏။

* * *

'ကျုပ် ဘာပစ္စည်းယူလာတယ်ဆိုတာ မသိဘဲနဲ့ ခင်ဗျားက ဘာဖြစ်လို့ မြင်းလှည်းထားခဲ့တော့မလားလို့ ပြောနေရတာလဲ'

ထင်းစန်းအဘိုးအိုက တဟားဟားရယ်ပြီး...

'သိုင်းလောကထဲမှာ သတင်းတစ်ခုပျံ့ပြီး သိမ်မွေ့တဲ့ လောကပဲ၊ မင်းတို့ မြေခွေးနန်းတော်ပေါ်က အဖိုးတန် ပစ္စည်းတွေ သယ်လာလိမ့်မယ်လို့ သိုင်းလောကတစ်ခုလုံး ပျံ့နေပြီ'

'ကောင်းပါပြီ၊ ခင်ဗျားတို့ ကျုပ် နိုင်မနိုင်တော့ မသေချာပါဘူး၊ ဒါပေမယ့် ကျုပ်တာ ခင်ဗျားတို့ အစွမ်းရှိသလောက်တော့ ခုခံကြိုးစားမယ်၊ ဒါမှ သိုင်းလောကမှာ မြေခွေးနန်းတော်က လူတွေဟာ သူတို့ပစ္စည်းတို့ပေးဖို့ အသေခံပြီးခုခံကြတယ်

လို့ ပြောမှတ် တွင်ရစ်မှာ၊ ခြင်္သေ့နန်းတော်ရဲ့အမည် သိုင်းလောကမှာ ရေစုန်မမျောဖို့ ကျုပ် ကြိုးစားရဦးမယ်'

ထင်းစန်းအဘိုးအိုက....

'ကောင်းပြီ၊ မင်း ခုခံဖို့ရင်လဲ ခုခံပေါ့၊ မင်းသေသွားရင်တော့ ငါ့ကို အဆိုးမဆိုနဲ့....ဟုတ်လား'

သူသည် တောင်ဝှေးကို အသင့်ပြင်ကိုင်လိုက်လေ၏။

ထိုအခါ ဆင်းပိရဲသည် တုလျှံဝေးရှေ့သို့ဖျတ်ခနဲရောက်ရှိလာတော့၏။

'ဂိုဏ်းချုပ်....ဒီအဘိုးကြီးရဲ့ တောင်ဝှေး ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ ကျုပ် အရင်ခုခံကြည့်လိုက်ပါဦးမယ်'

ထင်းစန်းအဘိုးအိုက နှာခေါင်းရှုံ့လိုက်ပြီး....

'ဟော ....သူငယ်၊ မင်း အတော်သေချင်နေပြီနဲ့ တူတယ်'

ဆင်းပိရဲက....

'ခင်ဗျား ဒီမြင်းလှည်းကို လိုချင်ရင် ကျုပ်ကို အရင်ဆုံးအနိုင်ယူရလိမ့်မယ်၊ အဲ့ဒါမှ မြင်းလှည်းကိုရမယ်'

သူက ပြတ်သားစွာ ပြောလိုက်သည်။ အမုန်းသခင်မသည် ဆင်းပိရဲအား ငေးကြည့်နေ၏။

'သူနဲ့ ခြင်္သေ့နန်းတော် ဘယ်လိုပတ်သက်နေပါလိမ့်၊ သူလိုလူက ဘာကြောင့် ခြင်္သေ့နန်းတော်အတွက် အသေခံပြီး ကာကွယ်ပေးနေပါလိမ့်'

အမုန်းသခင်မ တွေးတောနေစဉ်မှာပင် ဆင်းပိရဲအား ထင်းစန်းအဘိုးအိုက တိုက်ခိုက်လေတော့၏။



ထင်းစန်းအဘိုးအိုသည် တောင်ဝှေးနှင့် ပြင်းထန်စွာရိုက်သည်။

ဆင်းပိရဲက ရှောင်တိမ်းပြီး လက်ဝါးဖြင့် ပြန်လည်ခုခံသည်။

တစ်ခဏချင်းမှာပင် ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့၏။

★

## အခန်း(၁၃)

ဒေါသ....

ဒေါသသည် ထွက်ကောင်းသောအရာ မဟုတ်ချေ။ သို့သော် လူတိုင်း ဒေါသထွက်နေကြသည်။ ထင်းစန်းအဘိုးအို လည်း ဒေါသထွက်နေသည်။

အဘယ်ကြောင့်ဆိုသော် သိုင်းကွက်ငါးဆယ်ကျော်သည် အထိ တိုက်ခိုက်ပြီးသော်လည်း ဆင်းပိရဲအား အနိုင်မရသော ကြောင့် ဖြစ်ပါသည်။

ဆင်းပိရဲသည် လက်နက်ကိုင်၍ ခုခံခြင်းမဟုတ်။ လက် နက်မဲ့ခုခံနေခြင်း ဖြစ်သည်။ သူသည် လက်ဝါးသိုင်းကွက်ရှစ် ကွက်ကို အပြန်အလှန်သုံး၍ ခုခံတိုက်ခိုက်နေလေ၏။



ဂျိအကွက်များကိုပင် အပြန်ပြန်အလှန်လှန် အသုံးပြု၍ တိုက်ခိုက်နေသဖြင့် ထင်းစန်းအဘိုးအိုမှာ ဗိုလ်ခံပြင်းနေ သည်။ သိုင်းကွက်အသစ်ထုတ်၍ သုံးရုံးရလျှင် အကြောင်း မဟုတ်ပေ။

သူသည် အတွင်းအား အပြည့်အဝထုတ်ကာ သိုင်းကွက် များကို ထုတ်ဖော်တိုက်ခိုက်နေသည်။

သူသည် ဆင်းပိရဲအား ပြတ်ပြတ်သားသား အနိုင်ယူရန် ဆုံးဖြတ်ထား၏။ ထို့ကြောင့် အလွန်ပြင်းထန်သော တောင် ဝှေးရိုက်ချက်များဖြင့်ဆင်းပိရဲအား ရိုက်ချနေတော့သည်။

'ဝှီး....ဝှီး....ဝှီး'

'ဝှစ်....ဝှစ်....ဝှစ်'

ဆင်းပိရဲ ရင်ထိတ်သွားရလေ၏။ အဘိုးအိုအား ပေါ့ပေါ့ ဆဆ သဘောမထားရဲတော့ချေ။ သတိထားပြီး ခုခံရသည်။ သို့သော် အဘိုးအို၏တောင်ဝှေးရိုက်ချက်များမှာ အလွန်ပြင်း ထန်လာသဖြင့် လက်ဝါးဖြင့်ခုခံရန် မလွယ်တော့ချေ။

သူက တဖြည်းဖြည်း ခံစစ်အနေအထားသို့ ရောက်ရှိလာ လေတော့၏။ သူသည် ဓားကိုထုတ်သုံးလိုသော်လည်း ဓားကို ထုတ်ချိန် မရတော့ချေ။

ခုခံနေရသည်မှာ လက်မလည်နိုင်အောင် ဖြစ်နေရသဖြင့် ခေါင်းမဖော်နိုင်လောက်အောင် ဖြစ်လာလေသည်။

အဘိုးအို၏ရိုက်ချက်များမှာလည်း တဖြည်းဖြည်းပြင်းထန် လာလေ၏။ ဆင်းပိရဲမှာ အဘိုးအို၏ရိုက်ချက်များမထိအောင် အသေအလဲ ရှောင်တိမ်းနေရတော့သည်။

နောက်ထပ်သိုင်းကွက် ဆယ်ကွက်မျှ ရောက်သောအခါ ဆင်းပိုရဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ၏။ သူသည်တောင်ဝှေ့ ရိုက်ချက်များကို မရှောင်နိုင်တော့ချေ။

ထင်းစန်းအဘိုးအို ဆက်ရိုက်လျှင် ငါးကွက်ခြောက်ကွက်အတွင်း သူ့အား ထိတော့မည်ကို ဆင်းပိရဲသိလာသည်။

'ဟား.... ဟား.... ဟား၊ မင်းရှောင်နိုင်ရင် ရှောင်ပေတော့'

အဘိုးအိုက ရယ်မောရင်း တောင်ဝှေ့ဖြင့် ခုနစ်ချက်ခန့် ရိုက်လိုက်လေ၏။

ဆင်းပိရဲ အလူးအလဲ ရှောင်တိမ်းလိုက်ရ၏။ သို့သော်လေးချက်ကိုသာ ရှောင်တိမ်းနိုင်ပါသည်။ ကျန်သုံးချက်ကိုသူ မရှောင်တိမ်းနိုင်တော့ပါ။

ထိုစဉ် အလင်းတန်းတစ်ချက် ဖြာထွက်သွားလေ၏။

'ခွမ်း....'

တောင်ဝှေးအား တစ်စုံတစ်ခုသော လက်နက်ပုန်းသည် ထိမှန်သွားသဖြင့် တောင်ဝေး တုန်ခါ၍ ထွက်သွားသည်။ ရိုက်ချက်သည် ဆင်းပိရဲပေါ်သို့ မကျတော့ချေ။ လွဲချော်သွားလေတော့၏။

ထိုသည်ကို အခွင့်အခရေးတစ်ရပ်အဖြစ် အသုံးချပြီး ဆင်းပိရဲ ခုန်ဆုတ်လိုက်၏။ သူ၏ဓားကိုဆွဲထုတ်ပြီး ထင်းစန်းအဘိုးအိုကို ရင်ဆိုင်လိုက်သည်။

ထိုစဉ် အဘိုးအိုက....



'အမုန်းသခင်မလေး၊ ငါကိစ္စရှင်းပြီးရင် မင်းနဲ့ဆက်ရှင်းမယ်လို့ ပြောပြီးပြီပဲ၊ အခု မင်းက ဘာလို့ဝင်ရှုပ်ရတာလဲ'

အမုန်းသခင်မလေးက....

'ရှင် ကျွန်မရှေ့မှာ ရယ်မောခဲ့သေးတယ် မဟုတ်လား'

'ဘာဖြစ်သလဲ၊ ဘယ်သူ့ရှေ့မှာပဲဖြစ်ဖြစ် ငါရယ်ချင်ရယ်မှာပဲ'

'အဲဒါ အပြစ်ရှိနေပြီရှင့်'

သူမသည် စကားဆုံးသည်နှင့် ထင်းစန်း အဘိုးအိုကို အဆက်မပြတ် ဇွတ်ိုက်ခိုက်တော့သည်။

ဆင်းပိရဲမှာ အမုန်းသခင်မလေးအား နားမလည်နိုင်တော့ချေ။ ဤတိုက်ပွဲ၌ အမုန်းသခင်မလေး မည်သို့မျှဝင်စရာမလိုပေ။ ယခုဝင်ကယ်လိုက်ခြင်းအတွက် အမုန်းသခင်မလေးကို ဆင်းပိရဲနားမလည်နိုင်ဘဲ ဖြစ်သွားရသည်။

သူသည် အခြေအနေကို တွက်ဆနေသည်။ ထိုစဉ် သူသည် ခြေသံသဲ့သဲ့ကို ကြားရပြန်လေ၏။

'နောက်လူတွေ ရောက်လာပြန်ပြီ၊ အခြေအနေမကောင်းတော့ဘူး၊ နောက်ဆုတ်တာ ကောင်းမယ်'

ထင်းစန်း အဘိုးအိုသည် တောင်ဝှေးကို ရုပ်သိမ်းကာ နောက်သို့ခုန်ဆုတ်လိုက်၏။

'အမုန်းသခင်မလေး၊ ဒီတစ်ကြိမ်တော့ အလျှော့ပေးလိုက်မယ်၊ နောက်တစ်ကြိမ်တွေ့ရင်တော့ အလျှော့ပေးမယ်မထင်နဲ့'

သူသည် ပြောပြီးသည်နှင့် အမှောင်ထဲသို့ ပြေးဝင်သွားလေတော့၏။ အမုန်းသခင်မလေးက မဲ့ရွဲ့၍ကြည့်နေ၏။

ဆင်းပီရဲက သက်ပြင်းချလိုက်၏။

## အခန်း (၁၈)

### ယဲရှန်ဆေးမြစ်,

'တော်ပါပေ့သားရဲဗျာ၊ ကျုပ် ဓားတောင်မထုတ်နိုင်ဘဲသေတော့မလို့၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်'

အမုန်းသခင်မလေးက မဲ့လိုက်၏။

'ကျေးဇူးတင်မနေနဲ့၊ နောက်တစ်ကြိမ် ရှင်နဲ့တွေ့ရင်ဒီကိစ္စ ထပ်ရှင်းရသေးတာပေါ့'

သူမသည် စကားဆုံးသည်နှင့် သစ်ပင်များအကြားသို့ဝင် ရောက်သွားသည်။ မကြာမီ ပျောက်ကွယ် သွားလေတော့

သည်။ ဆင်းပီရဲသည် အမုန်းသခင်မလေးအား ငေးကြည့်နေမိတော့၏။

သူ့မျက်စိအောက်မှ အမုန်းသခင်မလေး ပျောက်ကွယ်သွားသောအခါ ဆင်းပီရဲ ရေရွတ်လိုက်မိသည်။

'အင်း....အခုမှပဲ အနားရတော့တယ်'

တုလျှံဝေးက....

'ငါတော့ တယ်မထင်ဘူး'

'ဘာဖြစ်လို့လဲဗျ'

'နောက်ယှက်မယ့်လူတွေ ထပ်ရောက်လာပြန်ပြီ လို့ ငါထင်တယ်'

ဆင်းပီရဲ မျက်လုံးပြူးသွားလေ၏။

'ခင်ဗျား အသံကြားလိုက်သလား'

'ခြေသံတွေကြားတယ်၊ ထင်းစန်းအဘိုးအို ပြေးသွားတာ ဒီခြေသံတွေကြားလို့ပေါ့'

'ကျုပ်ကတော့ တိုက်ဖို့စိတ်ဝင်စားနေတာနဲ့ မကြားလိုက်ဘူး'

'အေး....အခုလောက်ဆို ရောက်နေလောက်ပြီ'

အမှောင်ထုအမှောင်း ရွေ့လျားသွားသော လူရိပ်သုံးရိပ်ကို တွေ့ရလေတော့၏။

ဆင်းပီရဲ ရေရွတ်လိုက်သည်။

'ဘယ်သူတွေများလဲ မသိဘူး'

မကြာမီ သူတို့သည် ရောက်လာသူများ မည်သူမည်ဝါဖြစ်သည်ကိုသိရှိကြတော့သည်။ အဘယ်ကြောင့်ဆိုသော် အမှောင်



ထဲမှ တရားစာများရွတ်ဆိုသံကို ကြားလိုက်ရသောကြောင့်တည်း။

တုလျှံဝေး ပခုံးတွန့်လိုက်၏။ ဆင်းပီရဲကိုကြည့်ကာ တီးတိုးပြောလိုက်သည်။

'ရှောင်လင်က....'

သူ၏စကားဆုံးသည်နှင့်ဘုန်းကြီးသုံးပါးသည် သူတို့အနီးသို့ ရောက်ရှိလာကြတော့၏။

တုလျှံဝေးက....

'ဒီတစ်ခါ သူတို့က ပစ္စည်းလုမယ်ဆိုရင်တော့ ငါတို့ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး၊ ငါတို့ဆီမှာပါတဲ့ပစ္စည်းတွေဆို ပေးလိုက်ရတော့မှာပဲ'

ဆင်းပီရဲက သက်ပြင်းချလိုက်၏။

'ကဲ....ကျုပ်တို့ မတတ်နိုင်တဲ့အခါ ပစ္စည်းတွေကို ပေးရတော့မယ်၊ ခင်ဗျား ဘာပစ္စည်းလဲဆိုတာ ထုတ်ပြောဖို့ ဝန်လေးနေတုန်းပဲလား'

တုလျှံဝေး ပါးစပ်ပိတ်သွားလေ၏။

ဆင်းပီရဲက....

'ခင်ဗျားဟာ ဒီအခြေအနေ ရောက်နေတာတောင် ကျုပ်ကို မယုံကြည်သေးဘူးလား၊ ဘာပစ္စည်းလဲဆိုတာ သိရမှ ကျုပ် အသက်စွန့်ကူညီဖို့ သင့်မသင့် ဆုံးဖြတ်မှာဗျ၊ တကယ်လို့ ခင်ဗျားက ကျုပ်ပြောမပြရင်လဲ ဒီဘုန်းကြီးသုံးပါး လက်ထဲ

တို့ ပစ္စည်းကပါသွားတော့မှာပဲ၊ အဲဒီတော့ ကျုပ်ပြောပြဖို့ အခါဖြစ်လို့ဝန်လေးနေတော့မှာလဲ'

တုလှူဝေး တွေဝေသွားသည်။ ဆင်းပီရဲသည် မည်သူမည်ဝါဖြစ်သည်၊ မည်သည့်အရပ်ကလာသည်၊ မည်သည့်ဂိုဏ်းသားဖြစ်သည်ကို သူမသိပါ။

သူအသုံးပြုနေသော သိုင်းကွက်များမှာ ခြင်္သေ့နန်းတော်မှ သိုင်းကွက်များ ဖြစ်နေသည်။ ထိုသိုင်းကွက်များကို သူမတတ်ပါ၊ ဂိုဏ်းချုပ်ကြီးရှိစဉ်က သုံးစွဲခဲ့ဖူးသည်ကို သူမြင်ဖူးပါသည်။

ဆင်းပီရဲသည် မည်သည့်အတွက် ရောက်လာပါသနည်း။ ဤသည်ကိုလည်း သူမသိပါ၊ မည်သို့ပင်ဖြစ်စေ ဆင်းပီရဲသည် ယခုသူ့ကို ကူညီနေသည်။

ဆင်းပီရဲအား လျှို့ဝှက်ချက်ကို ပြောပြသင့်ပါသလော၊ နောက်ဆုံး၌ သူသည် ဆင်းပီရဲအား ပြောပြရန်ဆုံးဖြတ်လိုက်သည်။

တုလှူဝေးက....

'ငါပြောပြပါတော့မယ်'

'ပြောပြပါဗျာ၊ ခင်ဗျားမပြောလဲ ဒီဘုန်းကြီးတွေကကယ်လုရင် ပစ္စည်းတွေ တကယ်ပါသွားတော့မှာ၊ ကျုပ်ဘာသာ အစောင့်အရှောက်ကြုံရင်လဲ ဖြစ်တာပဲ၊ ကျုပ်မလုပ်ပါဘူး'

'အေး....ငါပြောပြပါမယ်၊ ကျိုရှင်ဆေးမြစ်ပါ'



ဆင်းပီရဲ၏မျက်လုံးများ အရောင်တောက်သွားသည်။ သူသည် ဤဆေးမြစ်နောက်သို့ ကောက်ကောက်ပါအောင်လိုက်နေသည် မဟုတ်ပါလော။ သူသည် ဤဆေးမြစ်အကြောင်း ကောင်းစွာသိသည်။

★

## အခန်း(၁၅)

အလွန်ရှားပါးသော ပစ္စည်းများသည် လက်ချိုးရေတွက်၍ရသည်။ ဤလက်ချိုးရေတွက်၍ ရသောပစ္စည်းများထဲတွင် ယွဲ့ရှန်ဆေးမြစ်ပါသည်။ ယွဲ့ရှန်ဆေးမြစ်သည် အလွန်ရှားပါးသော ဆေးမြစ်ဖြစ်သည်။

ထိုဆေးမြစ်၏ အာနိသင်မှာလည်း များစွာအစွမ်းထက်လှသည်။ ထိုဆေးမြစ်စားသဖြင့် ရရှိအပ်သော အကျိုးများစွာကို မပြောဘဲ အကျိုးနှစ်ခုလောက်ကိုသာ ပြောရမည်ဆိုလျှင် ဆယ်နှစ်ခန့်ကျင့်မရသော အတွင်းအားများကို အချိန်တိုတိုအတွင်း ရရှိနိုင်ပါသည်။ နောက်တစ်ချက်မှာ မည်မျှပြင်းထန်



သော အဆိပ်ဖြစ်ပါစေ ယွဲ့ရှန်ဆေးမြစ်က ကင်းစင်ပပျောက်စေနိုင်သည့် အစွမ်းရှိခြင်းပေတည်း။

အဆိုပါ အချက် နှစ်ချက်ဖြင့်ပင် ဤဆေးမြစ်မှာ သိုင်းလောကသား၏ မက်မောဖွယ်ရာ ဖြစ်နေပါသည်။

ယွဲ့ရှန်ဆေးမြစ်အကြောင်း သိုင်းလောကသားတိုင်းလိုလိုသိရှိကြသော်လည်း တွေ့ဖူးမြင်ဖူးသူများမှာ မရှိသလောက်ရှားပါးပေသည်။ ဆင်းပီရဲသည် ရင်တထိတ်ထိတ် ခုန်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ရှားပါးလှသော ယွဲ့ရှန်ဆေးမြစ်သည် သူနှင့် လက်တစ်လှမ်းအကွာသို့ ရောက်ရှိနေပြီ မဟုတ်ပါလား။

သို့သော် သူ ယခုမယူပါ၊ ယွဲ့ရှန်ဆေးမြစ်ကို ချင်းပုတုဆီ ပို့ပေးပြီးမှသာ သူယူမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ယခုအချိန်၌ ယွဲ့ရှန်ဆေးမြစ်အား ရန်သူလက်ပါမသွားအောင် ကာကွယ်ရပေမည်။

ရန်သူလက်ဦးသွားလျှင် သူ့ရည်ရွယ်ချက်ကြီး ပျက်စီးသွားပေတော့မည်၊ ထိုစဉ် တုလျှံဒဝေးနှင့်ဘုန်းကြီးသုံးပါးတို့တွေ့နေကြရလေပြီ။

တုလျှံဝေးက ဘုန်းကြီးသုံးပါးအား ဂါရဝပြုလိုက်၏။

'ကိုယ်တော်တို့ ဘာကိစ္စများ ရှိလို့ပါလဲ'

ဘုန်းကြီးသုံးပါးအနက် အသယ်မှကိုယ်တော်က....

'ယွဲ့ရှန်ဆေးမြစ်ကို ကြည့်ချင်လို့ပါ'

ဘုန်းကြီးများကား ပွင့်လင်းလှသည်။ သူတို့လာသည့် ရည်ရွယ်ချက်ကို အတိအလင်း ထုတ်ပြောလိုက်၏။

တုလျှံဝေး ရင်ထိတ်သွားသည်။ သိုင်းလောက၌ ဆိတ်ကွယ်ရာ မရှိတော့ပြီလော၊ ဤကိစ္စသည် အလွန် လျှို့ဝှက်ထားသည့် ကိစ္စဖြစ်သည်။

သိုင်းလောကသား အများစုသည် တုလျှံဝေး သယ်ဆောင်လာသည့် ပစ္စည်းသည် ယွဲ့ရှန်ဆေးမြစ်ဟု မသိကြပါ။ အဖိုးတန် ရတနာပစ္စည်းတစ်ခုခုဟု ထင်ကြပါသည်။

သူ သယ်ဆောင်လာသည်မှာ ယွဲ့ရှန်ဆေးမြစ် ဖြစ်သည်ဟု သာ သိုင်းလောကသားများ သိလိုက်ကြလျှင် ဤထက် အုံးအုံး ကျွက်ကျွက် လိုက်လံလုယူကြမည်သာ ဖြစ်တော့သည်။

ယခု လျှို့ဝှက်ထားသော ကိစ္စကို ရှောင်လင် ဘုန်းကြီးများက အဘယ်သို့ သိရှိနေပါသနည်း။

တုလျှံဝေး သက်ပြင်းချလိုက်၏။

'အရှင်ဘုရားတို့ ဒီအကြောင်းကို ဘယ်လိုလုပ်သိ...'

ဘုန်းကြီးတစ်ပါးက လက်ကာပြလိုက်သည်။

'လန်စွန်းဟာ သိုင်းလောကထဲမှာ ဘာကြောင့် လှုပ်ရှားခဲ့တယ်ဆိုတာ ကျုပ်တို့ သိထားပါတယ်....၊ ဒီတော့ ယွဲ့ရှန်ဆေးမြစ်အကြောင်း ကျုပ်တို့သိတာ မဆန်းပါဘူး'

ဆင်းပိရဲက ကြားဝင်လိုက်၏။

'အရှင်ဘုရားတို့က ယွဲ့ရှန် ဆေးမြစ်ကို လိုချင်ရင်တော့.... တပည့်တော်တို့ဟာ အရှင်ဘုရားတို့ကို အသေအလဲ ခုခံ ကာကွယ်ရပါလိမ့်မယ်ဘုရား'



ရှောင်လင် ဘုန်းတော်ကြီးများက ပြုံးလိုက်၏။

'ကျုပ်တို့ ရှောင်လင်ကျောင်းဟာ ဘယ်တုန်းကများ သူတစ်ပါးအပေါ် စေတနာလုပ်ခဲ့ဖူးလို့လဲ'

'ဒါဖြင့်ရင် အရှင်ဘုရားတို့ ယွဲ့ရှန်ဆေးမြစ်ကို ဘာဖြစ်လို့ သိချင်နေတာလဲဘုရား'

'ကျုပ်တို့ လိုချင်တယ်လို့ တစ်ခါမှလဲ မပြောခဲ့ပါလား'

ဆင်းပိရဲနှင့် တုလျှံဝေး တို့သည် ဘုန်းကြီးများ၏ စကားများကို ပြန်လှန် စဉ်းစားမိသောအခါ သူတို့သည် ဆေးမြစ် လိုချင်သည်ဟု မပြောခဲ့ကြောင်း စဉ်းစားမိလေ၏။

တုလျှံဝေးက....

'အရှင်ဘုရားတို့ ယွဲ့ရှန် ဆေးမြစ်ကို မလိုချင်ဘူးဆိုရင် အခု ဘာဖြစ်လို့ ရောက်လာရတာလဲဘုရား'

ရှောင်လင်ဘုန်းကြီးတစ်ပါးက ပြုံးလိုက်၏။

'ကျုပ်တို့ဟာ သူတစ်ပါးအပေါ် အနိုင်အထက် မလုပ်ပါဘူး၊ ယွဲ့ရှန်ဆေးမြစ်ကို လိုချင်တဲ့ စိတ်သက်သက်နဲ့ ဒီကို ရောက်လာကြတာပါ'

ဆင်းပိရဲ အံ့ဩသွား၏။ ဤဘုန်းကြီးများသည် ဤခရီး ရောက်လာပြီး ယွဲ့ရှန်ဆေးမြစ်ကို ကြည့်ရှုကြည့်ရန် ဖြစ်သည်ဟု ဆိုသည်။

ဆင်းပိရဲ စဉ်းစားနေလေ၏။ သူသည် တုလျှံဝေးကို ကြည့်လိုက်သည်။

တုလျှံဝေးက ဆင်းပိရဲအား ခေါင်းညိတ်ပြလိုက်သည်

တုလျှံဝေးသည် ဘုန်းကြီးများကို ယဲ့ရှန်ဆေးမြစ်အား ပြသရန် ဆုံးဖြတ်လိုက်သည်။

ဆင်းဂိရဲမှာ ဘုန်းကြီးများအား စိတ်မချသော်လည်း တုလျှံဝေး၏ ဆုံးဖြတ်ချက်အား ဝင်၍ စောဒကမတက်နိုင်ဘဲ ရှိနေပါသည်။

စောဒကတက်နိုင်ခွင့်မရှိဘဲ ဖြစ်နေပါသည်။ ဤဆေးမြစ်ကို သူပိုင်ဆိုင်သည်မှ မဟုတ်ဘဲ။

တုလျှံဝေးက....

'အရှင်ဘုရားတို့ရဲ့ဆန္ဒကို မငြင်းပယ်ရဲပါဘူးဘုရား'

'ကောင်းပါတယ်၊ ကျုပ်တို့ကလဲ သိုင်းလောကမှာ ကျော်ကြားလှတဲ့ ဆေးမြစ်ကို မြင်ဖူးတယ်ရှိအောင် လာကြည့်တာပါ....'

'ကဲ....ကဲ....အရှင်ဘုရားတို့ ခေါင်းတလားဆီကို လာကြပါ၊ ခေါင်းတလားထဲမှာ ဆေးမြစ်ရှိပါတယ်'

သူတို့အားလုံးသည် ပြောပြောဆိုဆိုဖြင့် မြင်းလှည်းနောက်ဖက်၌ တင်ထားသော ခေါင်းတလားဆီသို့ လျှောက်လာကြလေ၏။

တုလျှံဝေးသည် ခေါင်းတလားအား ခတ်ထားသည့် သော့သုံးချက်အား အဆင့်ဆင့်ဖွင့်လိုက်သည်။

'ကျွိ....'

'ဟင်....'

တုလျှံဝေး၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားလေ၏။ အင်းပီရဲသည် ဆိတ်သုန်သွားလေ၏။



'ဂိုဏ်းချုပ် ဘာဖြစ်တာလဲဗျ'

သူသည် ခေါင်းဆီသို့ ခုန်ပျံသွားရင်း ခေါင်းထဲသို့ ကြည့်လိုက်၏။ ဘုန်းကြီးသုံးပါးမှာ သူ့ထက်စောစွာ ခေါင်းဆီသို့ ရောက်နေကြ၏။

★

## အခန်း(၁၆)

တုလျှံဝေးမှာ ဘာစကားမှ မပြောနိုင်တော့ပေ။

ဆင်းပိရဲသည် ခေါင်းထဲသို့ ငုံ့ကြည့်လိုက်၏။

'ဟင်....ရွှေးသေကောင်ပါလား'

ဆင်းပိရဲ အံ့ဩသွားရသည်။

ဘုန်းကြီးသုံးပါးမှာလည်း အံ့ဩလွန်းမက အံ့ဩသွားကြလေ၏။ ရှောင်လင်ဘုန်းတော်ကြီး သုံးပါးတို့သည် ခေါင်းတလားအတွင်း အသေအချာ ရှာဖွေကြ၏။

ခေါင်းတလား၏ အက်စပ်ထားသော သစ်သားပြားများကို ကြည့်သည်၊ မည်သည့်ထူးခြားချက်မျှ မတွေ့ရချေ။



ရှောင်လင်ဘုန်းကြီးများသည် သက်ပြင်းချလိုက်၏။

'အင်း....ကျုပ်တို့ဆန္ဒမပြည့်ဝပါလား၊ ယဲ့ရှန်ဆေးမြစ်ကို မြင်ရဖို့ ကုသိုလ်ကံမရှိဘူးနဲ့ တူပါရဲ့၊ လဲ....ကျုပ်တို့ပြန်လိုက်ဦးမယ် ဒကာကြီး'

ရှောင်လင်ဘုန်းကြီးများသည် တုလျှံဝေးအား နှုတ်ဆက်ကာ စိတ်ပျက်လက်ပျက် ပြန်သွားကြ၏။ ဘုန်းကြီးများသည် မှောင်ထဲ၌ ပျောက်ကွယ်သွားကြသည်။

ဆင်းပိရဲသည် စိတ်ပျက်လက်ပျက်ဖြင့် တုလျှံဝေးအား ကြည့်လိုက်၏။ သူလည်း စိတ်ပျက်လက်ပျက်ဖြင့် တွေဝေ ငေးမောနေလေ၏။

ဆင်းပိရဲက...

'ငိုဏ်းချုပ်....'

ဆင်းပိရဲ နှစ်ခါမျှခေါ်ရ၏။ တုလျှံဝေးသည် လှည့်ကြည့်သည်။

'ဘာလဲ၊ ဘာပြောမလို့လဲ'

'ဒီခေါင်းထဲမှာ ရွှေးသေကောင်ရှိတယ်ဆိုတာ ခင်ဗျား မသိဘူးလား'

'မသိဘူး'

တုလျှံဝေးက ခေါင်းခါလိုက်၏။

ဆင်းပိရဲက...

'ဒါဆို....'

သူ့စကားမဆုံးမီ တုလျှံဝေးက ကြားဖြတ်ပြောလိုက်၏။

'ဒီခေါင်းကို ယန်စွန်းလာပို့ပြီးကတည်းက ကျုပ်တစ်ခါမှဖွင့်မကြည့်ခဲ့ဘူး'

ဆင်းပိရဲက....

'ဒါနဲ့များဗျာ၊ ဂိုဏ်းချုပ်က ဘာကြောင့်ယှဲ့ရှန် ဆေးမြစ်လို့ပြောတာလဲ'

'ယန်စွန်းက ကျုပ်ကို ဒီအတိုင်းပြောသွားတာကိုး'

'ယန်စွန်းက ဒီထဲမှာ ဆေးမြစ်ရှိတယ်လို့ ပြောသွားခဲ့တယ်'

'ဟုတ်တယ်၊ သူ ပြောခဲ့တယ်'

ဆင်းပိရဲသည် မျက်မှောင်ကုတ်၍ စဉ်းစားလိုက်၏။

'တစ်ခုတော့ ရှိတယ်ဗျ'

'ဘာထဲ'

'ဒီခေါင်း ဂိုဏ်းချုပ်ဆီ ရောက်ပြီးမှ ခေါင်းထဲက ဆေးမြစ်ကို တစ်ယောက်ယောက်ကခွေးသေနဲ့လဲယူ သွားသလား မသိဘူး'

တုလျှံဝေးက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး'

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်ချေအများကြီး ရှိတာပေါ့၊ ခေါင်းယူလာပြီးဘဲ့နောက် ဂိုဏ်းချုပ်က ဒီခေါင်းကို အမြဲစောင့်ကြည့်နေနိုင်တာမှ မဟုတ်တာ'

'ဟင်း....ဟင်း....တင်း၊ ယန်စွန်း ဒီခေါင်းကို လာပို့ပြီးကတည်းက ခုအချိန်ထိ ခေါင်းနားကို တစ်ဖဝါးမှ မခွာခဲ့ဘူးကွ၊ ငါ...မင်း အကူအညီယူတော့ ငါလဲလိုက်ပါရစေလို့ပြော



ခဲ့တယ် မဟုတ်လား၊ အဲဒါ ဒီခေါင်းနားက ငါ မခွာချင်လို့ပဲ'

ဆင်းပိရဲမှာ မတွေးတတ်အောင် ဖြစ်သွားလေ၏။

'ခေါင်းဟာအားလုံး ခုနစ်လုံး မဟုတ်လား၊ ဂိုဏ်းချုပ်အနေနဲ့ နောက်ထပ် ခေါင်း ခြောက်လုံး လုပ်ရသေးတယ် မဟုတ်လား'

တုလျှံဝေးက....

'ငါ့ရဲ့ သစ္စာရှိလူယုံတစ်ယောက်နဲ့စီစဉ်ခဲ့တာပါ၊ ခေါင်းချင်းမမှားနိုင်အောင်လဲ စီစဉ်ထားပါတယ်၊ ဘယ်လိုနည်းနဲ့မှ မမှားနိုင်ပါဘူးကွာ၊ ယန်စွန်းပို့တဲ့ခေါင်းနားကငါတစ်ဖဝါးမှမခွာခဲ့သေးဘူး'

ဆင်းပိရဲသည် တုလျှံဝေးလိမ်လည်ပြောနေသည့်အလား ဟုအကဲခတ်ကြည့်သည်။

တုလျှံဝေးခေါင်းထဲမှ ခွေးသေကို မြင်စက မျက်နှာကိုလည်းဆင်ပိရဲတွေးမြင်မိသည်။

မျက်နှာ သွေးဆုတ်ဖြူရော် သွားသည် မဟုတ်ပါလား၊ ဤသို့ မည်သူမှ သရုပ်ဆောင်နိုင်မည်မဟုတ်ချေ။

နောက်ဆုံးတွင် သူ ပခုံး တွန့်မိလေ၏။

'အင်း....ဒီကိစ္စကို ကျုပ်လဲ ဘယ်လိုမှ မစဉ်းစားတတ်အောင်ဖြစ်နေပြီ၊ ဂိုဏ်းချုပ်ဖြစ်တဲ့ ကိစ္စက ဦးနှောက်ခြောက်စရာအတော်ကောင်းတယ်'

တုလျှံဝေးက....

'ငါ လိပ်ပြာထွက်မတတ်လန့်သွားခဲ့တယ်'

တုလျှံဝေး ဆက်ပြော၏။

'ခွေးလေးကို မြင်တော့ ငါဘယ်လိုမှမစဉ်းစားတတ်တော့ဘူး၊ ယဲ့ရှန်းဆေးမြစ် ဘယ်ရောက် သွားသလဲ၊ အဲဒါပဲ ငါ့ခေါင်းထဲမှာမြည်ဟည်းနေတယ်'

ဆင်းပီရဲ ခေါင်းညိတ်၏။ ထိုစဉ်ကတုလျှံဝေး၏အမူအရာကိုယခုတိုင်အောင် သူမြင်ယောင်နေဆဲရှိသည်။

## အခန်း (၁၇)

သူသည် အတန်ကြာ စဉ်းစားပြီးမှ မေးခွန်း ဆုတ်လိုက်လေ၏။

'ယန်စွန်း ဒီခေါင်းကို လာပေးတာ ဓိအစိုင်း ပဲလား၊ သူပေးကာထည်းက ယဲ့ရှန်းဆေးမြစ် ပါမလာ တာမျှားလား ဂိုဏ်းချုပ်'

တုလျှံဝေး တွေဝေစဉ်းစားနေသည်။ အတော်ကြီးကြာအောင်စဉ်းစားသည်။ ပြီးမှ ခေါင်းကို ခါယမ်းသည်။

'မပြောနိုင်ဘူး၊ ယန်စွန်းကို ငါယုံတယ်၊ သူဟာ အသက်ရင်းပြီးတော့ လိမ်ညာပြောခဲ့မှာ မဟုတ်ဘူး'

သူသည် အံ့သြသွားသည်။

'ယန်စွန်းသေပြီ မဟုတ်လား'

တုလျှံဝေးအဖြေမပေးပေ၊ သူသည်ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။ မည်သည့်သိုင်းသမားမှ မလာတော့ပေ။ ဆေးမြစ်လည်းမရှိတော့ပေ။

ဤအတွက် သူသည် သေချာလောက်အောင် စိတ်ပင်ပန်းသွားခဲ့ရသည်။ သူသည် ဆင်းပိရဲကို ပြောလိုက်၏။

'ကဲ....ငါတို့ဘယ်လိုမှ အိပ်လို့ရမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ခရီးဆက်ကြရအောင်၊ လမ်းမှာ ငါ့အကြောင်းစုံ ပြောပြပါ့မယ်'

ဆင်းပိရဲသည် ခေါင်းညိတ်လိုက်ပြီး ခေါင်းအဖုံးကို ပြန်ပိတ်လိုက်လေ၏။

'သော့ခတ်ဖို့တော့ မလိုတော့ပါဘူးဗျာ'

ထို့နောက်သူတို့ နှစ်ယောက်စလုံး မြင်းလှည်းကို မောင်းထွက်လိုက်လေတော့၏။

* * *



ခြင်္သေ့နန်းတော်။

လွန်ခဲ့သည့်ဆယ်ငါးနှစ်က သိုင်းလောကတွင် ခြင်္သေ့နန်းတော်ကို မသိသူမရှိပါ။ ဂိုဏ်းချုပ်ကြီး ယဲမုန့်လေ၏ လက်ထက်တွင် ခြင်္သေ့နန်းတော်အမည်မှာ အလွန်ပင် ထင်ရှားကျော်ကြားလာခဲ့ပါသည်။

အဖွဲ့ဝင် အင်အားတစ်ထောင်ကျော်ရှိပြီး ဌာနခွဲခြောက်ခုခွဲကာ သိုင်းလောကတွင် လှုပ်ရှားခဲ့သည်။

ကံကြမ္မာဟူသည်ကား ဆန်းကြယ်လှပေသည်။ ခြင်္သေ့နန်းတော် စန်းထိန်နေချိန်မှာပင် ဂိုဏ်းချုပ်ကြီးသည် ပျောက်ဆုံးသွားလေတော့၏။ သိုင်းလောကတစ်ခုလုံး အံ့သြတုန်လှုပ်သွားသည်။ ဤကိစ္စသည် ယနေ့တိုင် အဖြေရှာမရသေးသော ပဟေဠိတစ်ပုဒ်ပင် ဖြစ်နေပါသည်။

ဂိုဏ်းချုပ်ကြီး ပျောက်ဆုံးသွားပြီးနောက် တုလျှံဝေး၏ အစ်ကိုတုချင်းက ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံခဲ့သည်။ တုချင်းမှာ အလွန်အေးဆေးရိုးသားသူဖြစ်သည်။ သိုင်းလောကကြီးကို ဘေးမှ ထိုင်ကြည့်နေရုံသူဖြစ်သည်။

ထို့ကြောင့် ခြင်္သေ့နန်းတော်အား တိုးတက်အောင် ဦးဆောင်နိုင်စွမ်း မရှိခဲ့ပါချေ။ ခြင်္သေ့နန်းတော်ကတော့ အင်အားများလျော့ပြီး လျော့ခဲ့ပေသည်။

ခြောက်နှစ်တာ တုချင်း အုပ်ချုပ်ခဲ့သည့်ကာလအတွင်း ခြင်္သေ့နန်းတော်မှာ မပြိုကွဲရုံသာ ကျန်လေတော့သည်။ သိုင်း

လောကတွင်လည်း ခြသေ့်နန်းတော်ကို စကားထဲတွင် ထည့်မပြောကြတော့ပေ။

တုချင်းမှာ သူ့အရည်အချင်းကို သဘောပေါက်သွား၏။ သိုင်းလောက၌ ဂိုဏ်းတစ်ခုအဖြစ်ရပ်တည်ခဲ့သည်ဆိုလျှင် ဤသို့ ဘေးထိုင်ကြည့်နေ၍မရကြောင်း သူသိလာလေ၏။

သူသည် ခြသေ့်နန်းတော် ပြိုကွဲကျဆင်းလာသည်ကို ကာကွယ်ရန် ကြိုးစားတော့သည်။ ဤကဲ့သို့ ကျဆင်းလာရခြင်းမှာ အဓိကအားဖြင့် မိမိသိုင်းပညာ ညံ့ဖျင်း၍ ဖြစ်သည်ကို တုချင်း သိလာသည်။

ထိုအခါ သူသည် သိုင်းပညာအဆင့်မြင့်အောင် ကြိုးစားလေတော့၏။ ထိုသို့ကြိုးစားရင်းမှ အဆင်မသင့်ဘဲ သေဆုံးသွားရလေတော့သည်။

ထိုအခါ တုလျှံဝေးသည် ခြသေ့်နန်းတော်၏ ဂိုဏ်းချုပ်ဖြစ်လာတော့သည်။ သူဂိုဏ်းချုပ်ဖြစ်လာသောအခါ ထိုနန်းတော်သည် ဂိုဏ်းသားတစ်ရာပင် မပြည့်တော့ချေ။

တုလျှံဝေးသည် ခြသေ့်နန်းတော်မပြိုကွဲစေရန် အဖက်ဖက်မှ ကျားကန်ပြီးနေလာခဲ့ရ၏။ ခြသေ့်နန်းတော် မူလအခြေအနေသို့ရောက်အောင်မူ သူလည်း မစွမ်းဆောင်နိုင်ခဲ့ပါချေ။

သူ့သိုင်းပညာလည်း နိမ့်ကျလှသည်မဟုတ်ပါလား။

ခြသေ့်နန်းတော် မူလအခြေအနေသို့ရောက်ရန် ဂိုဏ်းချုပ်ကိုယ်တိုင် ထိပ်တန်းသိုင်းပညာအဆင့်ရှိရပေမည်။



သူ့တွင် ထိပ်တန်းသိုင်းပညာအဆင့်မရှိ၍ တုလျှံဝေးသည် ထိပ်တန်းသိုင်းပညာကို ဖြတ်လမ်းနည်းဖြင့် ရရှိရန် မျှော်လင့်နေရပေသည်။

★

## အခန်း(၁၈)

တုလျှံဝေး၌ ဂိုဏ်းချုပ်ကြီးယီမုန်းသေ၏ သိုင်းပည
ဆယ်ပုံတစ်ပုံမျှသာရှိခဲ့သည်။ ထို့ကြောင့် ခြင်္သေ့နန်းတေ
သည် သိုင်းလောက၌ မာနမနောက်ပိတ်ခွေး ဖြစ်နေရ
တော့၏။

နောက်ဆုံးတွင် သူသည်သိုင်းပညာတိုးတက်အောင် ေ
ကျင့်မည့်အစား ဂိုဏ်းချုပ်ဟောင်းကိုရှာဖွေရန် ဇိစဉ်ေ
သည်။

ဂိုဏ်းချုပ်ဟောင်းကိုတွေ့လျှင် ခြင်္သေ့နန်းတော် အ
ဂုဏ်တက်လာမည်ကို သူသိပေသည်။



သို့သော် ထိုအဒီအစဉ်မရသေးမီ ယန်ရွှန်း၏ကိစ္စက ဝင်ရောက်လာလေတော့၏။

တစ်နေ့တွင် သူသည် အိပ်မပျော်သေးဘဲ ဖြစ်နေသည်။ ပူအိုက်နေသည့်အတွက် သူသည် ခြင်္သေ့နန်းတော်မှအပြင်သို့ ထွက်လိုက်သည်။ အပြင်သို့ ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

လေသည် လုံးဝမတိုက်ချေ။ ငြိမ်နေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မည်းနေကြောင်းတွေ့ရသည်။

'အင်း....ပူအိုက်တဲ့ညဟာ တယ်ဆိုးပါလား၊ ဘယ်သူမှ ကောင်းကောင်းအိပ်နိုင်ကြမှာ မဟုတ်ဘူးနော်'

သူသည် တစ်ကိုယ်တည်း ညည်းညူလိုက်၏။

ထိုစဉ်....

'ဟင်....အချက်ပေးမီးကျည်ပါလား'

ညအမှောင်ထုထဲ၌ မီးကျည်တစ်စင်းသည် အထက်သို့ တက်သွားပြီး ပြန်ငြိမ်းသွား၏။

တုလျှံဝေးသည် အခန်းထဲသို့ပြေးဝင်ကာ ဓားကိုဆွဲယူလိုက်သည်။ ထို့နောက် ထိုနေရာသို့ပြေးထွက်ခဲ့တော့သည်။ မကြာမီ မီးကျည်ပစ်လွှတ်ရာအရပ်သို့ ရောက်ရှိလာတော့၏။

'ချွမ်း....ချွမ်း....ချွမ်း'

မရောက်ခင်ကပင် တိုက်ခိုက်သံများကို ကြားလိုက်ရသဖြင့် သူသည် ဓားဆွဲထုတ်ကာ အလျင်အမြန် ပြေးလာရတော့သည်။

တိုက်ပွဲ....

တိုက်ပွဲမှာမမှုတ်ချေ။ သုံးယောက်တစ်ယောက် တိုက်ပွဲဖြစ်နေသည်။ ထိုသုံးယောက်လုံးကိုသူသိသည်။ မြစ်ဝါညီနောင်သုံးယောက် ဖြစ်လေ၏။

ထိုညီနောင်သုံးယောက်တို့သည် အလွန်ဆိုးသွမ်းကြသည်။ မြစ်ဝါမြစ်တစ်လျှောက်လုံး၌ ခိုးဆိုးလုယက် နေကြသော ဓားပြများဖြစ်ကြလေ၏။

သိုင်းပညာလည်းကောင်းသဖြင့် သူတို့နှင့် ယှဉ်သူများအားလုံး သေဆုံးသွားကြရသည်။

တစ်ယောက်တည်းသမားကားယန်စွန်းဖြစ်လေ၏။ သူသည် ခြသေ့်နန်းတော်နှင့် နီးလာသည်ကိုသိသဖြင့် မီးကျည်ပစ်ဖောက်ပြီး ခြသေ့်နန်းတော်ကို အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

ယန်စွန်းသည် တစ်ကိုယ်လုံးချွေးများစိုရွှဲနေ၏။ ချွေးများစိုရွှဲနေသည့်အလား ဖြစ်တော့သည်။

သူသည် ဒယိမ်းဒယိုင်ဖြင့်တိုက်ခိုက်နေရသည်။ သူသည် အလျှော့မပေးချေ။ သိုင်းသမားကောင်းတို့မည်သည် သေကာမှ အလျှော့ပေးကြသည့်ထုံးစံရှိကြသည် မဟုတ်ပါလား။

သို့သော် သူ့ဓားချက်များကမသွက်လက်တော့။ လေးလံနေချေပြီ။

မြစ်ဝါညီနောင်သုံးဖော်ကား ခွေးသေကိုလင်းတဆွဲသကဲ့သို့ တိုက်ခိုက်နေကြ၏။ သူတို့သည် ယန်စွန်းလဲသွားမည့်အချိန်ကို စောင့်နေကြခြင်းဖြစ်သည်။



တုလျှံဝေးသည် တိုက်ပွဲကိုအကဲခတ်ပြီးသည်နှင့် သူအချိန်ဆွဲနေ၍မဖြစ်တော့ကြောင်း သိလိုက်သည်။ သူသည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လိုက်၏။

'ယန်စွန်း....မပူနဲ့တော့၊ ကျုပ်ရောက်လာပြီ'

သူသည် အောင်ပစ်မာန်သွင်းရင်း မြစ်ဝါညီနောင်အား ထိုးခုတ်တိုက်ခိုက်တော့သည်။ မြစ်ဝါညီနောင်မှာ ရန်သူအသစ်ရောက်လာသဖြင့် နောက်သို့ အနည်းငယ်ဆုတ်သွားကြရလေ၏။

မြစ်ဝါညီနောင်သည် ဝင်လာသူမှာ ခြသေ့်နန်းတော်မှ တုလျှံဝေးဖြစ်ကြောင်း သိရှိသွားသည်။

'တုလျှံဝေး....ငါတို့ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ဘာကြောင့်ဝင်ရှုပ်ရတာလဲ၊ အေးအေးဆေးဆေးထွက်သွားပါ'

တုလျှံဝေးနှာခေါင်းရှုံ့လိုက်၏။

'မင်းတို့ ဘယ်လိုကောင်တွေလဲ၊ မင်းတို့ရောက်နေတဲ့နယ်မြေကိုလဲကြည့်ပါဦး။ မြစ်ဝါမြစ်ထဲမှာ ဓားပြတိုက်နေတာမျိုး မဟုတ်ဘူး၊ ခြသေ့်နန်းတော်ရဲ့နယ်မြေထဲရောက်နေတယ်ဆိုတာလဲ သတိထားပါဦး၊ မင်းတို့လေသံက မြင့်လှချည်လား'

မြစ်ဝါညီနောင်မှာ တုလျှံဝေး၏ စကားကို ကြားလိုက်သောအခါ မျက်နှာပျက်သွား၏။

'ဘာလဲ...ခင်ဗျားက ငွေလိုချင်လို့လား'

တုလျှံဝေး ခေါင်းယမ်းလိုက်၏။

'မဟုတ်ဘူး'

မြစ်ဝါညီနောင်က စိတ်ပျက်သံဖြင့် ပြောလေ၏။

'ကောင်း ခင်ဗျားကအကုန်လိုချင်ပြီနဲ့တူတယ်'

တုလျှံဝေးက ဒေါသအကြီး ပြောလိုက်၏။

'ငါ့ကိုမင်းတို့လို ဓားပြတွေများ အောက်မေ့နေသလား။ ယန်စွန်းဟာ ငါ့ ဘာတော်တယ်ထင်သလဲ၊ သွေးသောက်ညီအစ်ကိုကွ၊ သွေးသောက်ညီအစ်ကို၊ ဒါဆိုမင်းတို့သဘောပေါက်ရောပေါ့'

မြစ်ဝါညီ နောင်မှာ မျက်နှာ ပျက်သွားလေ၏။ သွေးသောက် ညီအစ်ကိုဆိုသည်မှာ ညီရင်းအစ်ကိုထက် ချစ်ကြသူသူများဖြစ်သည်။

တုလျှံဝေးကို တိုက်နေ၍အကျိုးမရှိနိုင်တော့ပေ။ တုလျှံဝေးသည် အသေအလဲတိုက်ခိုက်ပေတော့မည်။

ထင်သည့်အတိုင်းပင် တုလျှံဝေးသည် အသေအလဲ တိုက်ခိုက်နေပေတော့သည်။ ရူးသွပ်နေသော ဝံပုလွေ တစ်ကောင်အလားတိုက်ခိုက်ပေသည်။

သူသည် ယန်စွန်းအားကယ်တင်ရန် စိတ်ဆောင်နေသဖြင့် သူ့ဓားချက်များ မည်မျှ ပြင်းထန်သည်ကို သတိမပြုမိတော့ချေ။

သို့သော် သူ့ဓားချက်များက မိုးကြိုးပစ်ချသည့် အလားပြင်းထန်နေသဖြင့် မြစ်ဝါညီနောင်မှာ နောက်သို့ ဆုတ်သွားရလေတော့၏။

တုလျှံဝေးရောက်လာခြင်းမှာ သူတို့၏ လုယက်မှုမအောင်မြင်သည့်အမှတ်အသားပင်ဖြစ်တော့၏။



မြစ်ဝါညီနောင်သည် လက်နှစ်ဖက်ကိုဆုပ်ပြီး....

'တုလျှံဝေး....ကျုပ်တို့ ဒီတစ်ကြိမ်မှာ အလျှော့ပေးလိုက်ပါမယ်၊ ဒါကတော့ မြေသိန့်နန်းတော်ရဲ့ မျက်နှာကြောင့်ပဲ ဖြစ်ပါတယ်၊ ခွင့်ပြုပါ'

တုလျှံဝေးကလည်း လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်လိုက်လေ၏။

'မင်းတို့ကို ကျေးဇူးတင်ပါတယ်'

မြစ်ဝါညီနောင်တို့သည်ယန်စွန်းအား တစ်ချက်ကြည့်လိုက်၏။ ယန်စွန်းအခြေအနေမှာ ကြိုးပြတ်တော့မည့် စွန်ကဲ့သို့ဖြစ်နေပါပြီ။

★

## အခန်း(၁၉)

## ခေါင်းတလား ရောက်ရှိလာပုံ

မြစ်ဝါညီနောင်တို့သည် တုလျှံဝေး ရောက်လာ သည်မှာ အနည်းငယ် စောသွားသည်ဟု တောက်ခေါက်မိပြီး တိုက်ပွဲဖြစ်ပွားသည့် နေရာမှ ပြေးထွက်သွားကြ၏။

တုလျှံဝေးသည် ယန်စွန်းအား ဖေးမ တွဲထူလိုက်၏။ ယန်စွန်း၏ ဒဏ်ရာများမှာ လွန်စွာပြင်းထန်လှကြောင်း တွေ့လိုက်သည်။

'သက်သာရဲ့လား ယန်စွန်း၊ ငါလဲ မီးကျည်တွေတာနဲ့ ပြေးလာတာပဲ၊ အချိန်မီရုံလေးပဲ ရှိတယ်'

'အေး....မင်းအချိန်မီ မရောက်လာတာ့လို့ ဆိုရမှာပဲ'



'မင်းဒဏ်ရာတွေက မနည်းဘူး၊ မင်းတော်တော် အသက်ပြင်းတဲ့အကောင်ပဲ၊ ငါတို့ခြင်္သေ့နန်းတော်ကိုအမြန်ဆုံးရောက်မှဖြစ်မယ်၊ မင်းကို အမြန်ဆုံး ကုသနိုင်မှ ဖြစ်မယ်'

ယန်စွန်းက ခေါင်းကိုလက်ညှိုးထိုး ပြလိုက်၏။

'ခေါင်းကိုသယ်ခဲ့၊ သိုင်အရေးကြီးတယ်၊ ငါက အရေးမကြီး....'

သူသည် ပြောဆိုရင်း ယိုင်ထိုးကျသွားတော့၏။ တုလျှံဝေးအချိန်မီဖေးမလိုက်ရလေ၏။

ထို့နောက်ခေါင်းကို တစ်ဖက်က ထမ်းရင်း တစ်ဖက်က ယန်စွန်းကိုတွဲကာ နန်းတော်သို့ ပြန်လာခဲ့လေသည်။ လမ်းတစ်လျှောက်လုံး ယန်စွန်းသည် ကြိုးစားပမ်းစား လျှောက်ခဲ့လေ၏။

စိတ်သည် အလွန်ဆန်းကျယ်လှသည်။ အပြောင်း အလဲမြန်ဆန်လှသည်။

လူ၏ခန္ဓာကိုယ်ကြီးအား ဦးဆောင်နေသည်မှာ စိတ်ပင်ဖြစ်ပါတော့သည်။ စိတ်ဆောင်လျှင် ရုပ်ကဘာမဆို ပြုလုပ်နိုင်သည်။

ယခုလည်း စိတ်ဆောင်နေသောကြောင့် ယန်စွန်းသည် နန်းတော်အထိလျှောက်လာနိုင်သည်။ နန်းတော်ကြီးကိုမြင်နေရပြီ၊ ယန်စွန်းသည်အားတင်း၍ လျှောက်သည်။ တစ်ဖက်ကလည်း တုလျှံဝေး ကိုးကွယ် ထားရသေးသည်။

နန်းတော်အတွင်းသို့ ရောက်သောအခါ ယန်စွန်းသည် စိတ်လျှော့လိုက်တော့၏။

'ဝုန်း....'

တုလျှံဝေးတိတ်လန့်သွား၏။ သူသည် ယန်စွန်းကို မကြည့်နိုင်သေးချေ။ ခေါင်းကြီးကို သီးသန့်အခန်းထဲသို့ ပြေး၍ထည့်သွင်းရသည်။ ယန်စုန်းက ခေါင်းကြီးသာ အရေးကြီးသည်ဟုပြောဆိုခဲ့သည် မဟုတ်ပါလော။

ထို့နောက် ယန်စွမ်းကိုပွေ့သည်။ ယန်စွန်း၏ ခန္ဓာကိုယ်မှဒဏ်ရာဒဏ်ချက်များကို တွေ့ရသောအခါ တုလျှံဝေး တုန်လှုပ်သွား၏။

ယန်စွန်း၏ ကိုယ်ပေါ်တွင် ဓားဒဏ်ရာအကြီးအသေးဆယ့်ရှစ်ချက်ရှိနေကြောင်းတွေ့ရလေ၏။ ထိုဒဏ်ရာများမှ သွေးများမတန့်တဆထွက်ပြီးလေပြီ။

သူမတတ်နိုင်တော့ပါ၊ သူသာမဟုတ် မည်သည့်လမားတော်မျှလည်းတတ်နိုင်တော့မည် မထင်ပါ၊ သူသည် သက်ပြင်းသာချလိုက်မိတော့သည်။

ယန်စွန်းမှာ ခုတင်ပေါ် လဲလျောင်းနေ၏။

တုလျှံဝေးသည် သွေးထွက်လွန်သည့် ဒဏ်ရာ များကို သွေးကြောပိတ်ပေးသည်။

ယန်စွန်းထံမှ ညည်းညူသံ ထွက်ပေါ်လာလေ၏။

'အင်း....'

တုလျှံဝေးက....

'ယန်စွန်း....ယန်စွန်း'

သူသည် အဆက်မပြတ် ခေါ်လိုက်၏။



ယန်စွန်းမျက်လုံးပွင့်လာသည်။ သူသည် တုလျှံဝေးအားတွေ့မြင်သွား၏။ သူ့မျက်နှာပေါ်တွင် စိတ်သက်သာဟန်ပေါ်လာလေ၏။ သူသည် အသက်ကို ပြင်းစွာ ရှူရှိုက်နေရလေသည်။

'တု....လျှံ....ဝေး'

သူလည်း တိုးညင်းစွာ ခေါ်လိုက်၏။

သူက အားပေးလိုက်၏။

'ငါ မင်းအနားမှာ ရှိပါတယ်၊ ဘာမှ အားမငယ်ပါနဲ့၊ ငါလုပ်ပေးနိုင်တဲ့ကိစ္စ မှန်သမျှအားလုံးလုပ်ပေးမှာပါ'

ယန်စွန်းက....

'ခေါင်းတော....'

'ရှိတယ်....ရှိတယ်၊ ငါသီးသန့်အခန်းထဲ ထည့်လိုက်ပြီ'

'ဂရုစိုက်'

'ငါရောက်ရောက်ချင်း ငါ့သီးသန့်အခန်းထဲ ထည့်တာပဲ၊ မင်းကြည့်ပါလား စိတ်ချပါ'

'မင်းအခန်းထဲ ဘယ်သူ....'

'ငါ့ သီးသန့်အခန်းထဲ ဘယ် ခွေးတစ်ကောင် ငတမြီးမှ ဝင်ခွင့်မရှိဘူး၊ လူခိုးတာတော့ မပြောနဲ့တော့ မင်းသာ သက်သာအောင်နေပါ၊ စကား သိပ်မပြောပါနဲ့'

'ဒီခေါင်းက - အရေးကြီး....'

'အရေးကြီးတာကို ငါသိတယ်၊ ဘာဖြစ်လို့ အရေးကြီးတယ်ဆိုတာတော့ ငါမသိဘူး၊ ခေါင်း အရေးကြီးတာကတာကလွှာ၊ မင်း ပြန် ကျန်းမာလာဖို့က တကယ့်ပါ'

'ငါ့ဒဏ်ရာ ငါသိပါတယ်၊ ဒါကြောင့် ငါ့မင်းဆီရောက်လာခဲ့တာပဲ၊ ငါ့ကို ကူညီပါ'

'ဟား...ငါမှ မကူညီရင် မင်းကို ဘယ်သူ ကူညီမှာလဲ....၊ ငါ အသက်နဲ့လဲပြီး ကူညီမယ်လို့ ကတိပေးပါတယ်'

ယန်စွန်း၏ မျက်နှာပေါ်၌ ကျေနပ်သောအပြုံးပေါ်လာသည်။

☆

## အခန်း (၂၀)

'ခေါင်းကို တစ်နေရာရာ....ကို....ရွှေ့....ပို့....'

တုလျှံဖေးက ခေါင်းညိတ်လိုက်၏။

'ပို့ပေးမှာပေါ့၊ မင်း ခေါင်းကို လုံခြုံစိတ်ချရအောင် စီစဉ်ပြီး ပို့ပေးပါမယ်၊ ဘယ်သူ့ဆီ ပို့ပေးရမှာလဲ'

ယန်စွန်းက အားယူပြောလိုက်၏။

'ချင်း....တု....ပု....'

တုလျှံဖေး အံ့အားသင့်သွား၏။ ယန်စွန်းပြောလိုက်သည့်ကို သူကြားပါသည်။ သို့သော် သေချာအောင် ထပ်မံမေးလိုက်သည်။

'ဘယ်သူ'

'ချင်းတုပု'

ချင်းတုပုသည် သိုင်းလောကတွင် လူထူးလူဆန်းတစ်ယောက် ဖြစ်၏။ သိုင်းလောကတွင် ချင်းတု၏ အမည်ကို မသိသူမရှိပါ။ သူသည် အလွန်ထူးချွန်သော လူတစ်ယောက် ဖြစ်ပါသည်။ ချင်းတုပု မည်သည့်နေရာ၌ နေထိုင်သည်ကိုလည်း မည်သူမျှ မသိကြပါ။

တုလျှံဝေးက မြန်မြန်မေးလိုက်၏။

'ချင်းတုပု ဟုတ်လား'

'ဟုတ်တယ်၊ သွားပေးဖို့ မြေပုံ ငါ့သက်ထဲမှာ ပါတယ်...၊ အဲဒါကို ယူလိုက်ပါ'

ယန်စွန်းသည် ပြောသက်စ စကားကို ခေတ္တ ရပ်နား လိုက်သည်။ အသက်ကို မောပန်းစွာ ရှူနေသည်။

တုလျှံဝေးသည် သူ့အိတ်ထဲမှ မြေပုံကို နှိုက်ထုတ်လိုက်၏။ တော်ပါသေးသည်။ မြေပုံသည် သွေးမစွန်းသေးပေ။

အတန်ကြာမှ ယန်စွန်း စကားပြောသည်။

'ခေါင်းကို သေသေချာချာ ဂရုစိုက်ပါ'

တုလျှံဝေးက ခေါင်းညိတ်ရင်း ပြောလိုက်သည်။

'ငါ့အသက်လို ခေါင်းကို ဂရုစိုက်ပါ့မယ်'

'ဘာဖြစ်လို့ ခေါင်းကို ဒီလောက် ဂရုစိုက်ခိုင်းနေတယ် ဆိုတာကို နင်သိသလား'

'အရေးကြီးတယ်ဆိုတာတော့ သိတယ်'

'ခေါင်းထဲမှာ ယွဲ့ရှန်ဆေးမြစ် ရှိနေတယ်'



တုလျှံဝေးသည် မျက်မှောင်ကုတ်သွားလေ၏။

'ယွဲ့ရှန်....'

ယန်စွန်းက သေချာအောင် ထပ်ပြော၏။

'ဟုတ်တယ် ယွဲ့ရှန် ဆေးမြစ်....'

တုလျှံဝေးမှာ ငိုင်၍ အံ့အားသင့်သွားသည်။

ယွဲ့ရှန်ဆေးမြစ်ကို သိုင်းလောကသားတိုင်း သိကြသည်။ သိုင်းလောကသားတိုင်း မက်မောကြသည်။

ဤဆေးမြစ်ကို ရမည်ဆိုလျှင် လူဘယ်နှစ်ယောက် သေရ သေရ သတ်မည့်သူ အများအပြားရှိသည်။

ယန်စွန်း၏အသံ ထွက်ပေါ်လာပြန်၏။

'အခေါင်းကို လုမယ့်သူတွေ ရှိနေတယ်'

တုလျှံဝေး ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ၊ အဲဒီလူတွေကာကွယ်ပြီး ခေါင်းကို ပို့စေချင်တဲ့ လူဆီအရောက် ပို့ပေးပါ့မယ်'

ယန်စွန်း၏ မျက်နှာပေါ်တွင် ကျေနပ်သော အရိပ် အယောင်များ ထွက်ပေါ်လာလေ၏။ သေမည်ဆိုက သေ ပျော်ပြီဟူသော မျက်နှာမျိုးပင်။

သူသည် မျက်လုံးမှိတ်လိုက်၏။

တုလျှံဝေးသည် ယန်စွန်း ဆက်ပြောမည့်စကားများကို နားစွင့်နေလေ၏။

ယန်စွန်းတံမှ မည်သည့်စကားမျှ ထွက်မလာတော့ပေ။ ယန်စွန်းသည် ဝေဒနာကို ကျိတ်မှိတ် ခံစားနေပြီး.... နံနက်အရုဏ်တက်ချိန်တွင် လူ့လောကကို ကျောခိုင်းသွားလေတော့သည်။

*   *   *

စကားဆုံးသွားသောအခါ တုလျှံစေးသည် သက်ပြင်းချလိုက်လေ၏။

'ယန်စွန်းရဲ့စကားကို ငါယုံကြည်တာ မှားသလားကွာ၊ သူက ယုံယုံကြည်ကြည်နဲ့ ပြောသွားတာပါ'

'မမှားပါဘူး'

'ဒါပေမယ့် ယှဲ့ရှန်ဆေးမြစ်ကတော့ ခေါင်းထဲမှာ ရှိမနေပါဘူး'

ဆင်းပီရဲ ပါးစပ်ပိတ်သွားလေ၏။

တုလျှံစေးက....

'တစ်ခုစဉ်းစားနေတယ်'

'ဘာကိုလဲဗျ'



'အခု ယှဲ့ရှန်ဆေးမြစ်မှ မရှိတော့တာပဲ၊ ငါတို့ချင်းတုပုဆီ သွားဖို့လိုပါဦးမလား'

ဆင်းပီရဲက....

'လိုတယ်'

'လိုတယ်ဟုတ်လား'

'ဟုတ်တယ်၊ လိုတယ်၊ ဘာပဲဖြစ်ဖြစ် ယန်စွန်းပြောတဲ့အတိုင်း ခေါင်းကို ချင်းတုပုဆီ အရောက် ပို့ပေးသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခေါင်းကြီးကို သူက ချင်းတုပုဆီ အရောက်ပို့နိုင်ခဲ့တယ် မဟုတ်လား'

တုလျှံစေးသည် တွေဝေငေးမောနေ၏။

ဆင်းပီရဲသည် စကားမပြောတော့ဘဲ မြင်းလှည်းကိုသာ သတိထား၍ မောင်းနေလေတော့၏။

★

# အခန်း(၂၀)

## လျှို့ဝှက်သော အကြောင်းအရာ

'ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ်....ခွပ်'

တိတ်ဆိတ်သော ညဥ့်ယံတွင် မြင်းခွာသံ မှန်မှန်ထွက်ပေ နေလေ၏။

မြင်းလှည်းပေါ်တွင် တုလျှံဝေးနှင့် ဆင်းပိရဲတို့သ အတွေးကိုယ်စီနှင့် ရှိနေကြသည်။ ယဲ့ရှန်ဆေးမြစ်ပါမပါ သေးစဉ်က သူတို့နှစ်ဦးသည် အလွန် တက်ကြွနေကြသ ယခုသော် တည်တည်ငြိမ်ငြိမ်ဖြစ်သွား ကြလေပြီ။



ဆင်းပိရဲသည် တုလျှံဝေးပြောခဲ့သော စကားများကို အပြန်ပြန်အလှန်လှန် သုံးသပ်နေ၏။

တုလျှံဝေးမှာလည်း ဆင်းပိရဲအား ပြောစရာစကားမရှိတော့သဖြင့် ငြိမ်သက်နေခြင်း ဖြစ်သည်။

ဆင်းပိရဲ သက်ပြင်းချလိုက်သည်။

'ယန်စွန်းကို ခင်ဗျား စကားယုံကြည်သလား'

သူသည် ကောက်ကာငင်ကာ မေးလိုက်၏။ တုလျှံဝေးသည် အတွေးလွန်နေသဖြင့် သူ၏စကားကို မကြားလိုက်ပေ။

'ဘာလဲ'

'ယန်စွန်းစကားကို ခင်ဗျားယုံသလားလို့ မေးနေတာ'

တုလျှံဝေး ခေါင်းညိတ်လိုက်၏။

'သူ့ကိုငါအကြွင်းမဲ့ ယုံကြည်တယ်၊ သူဟာ သေခါနီးမှာ ပြောသွားတဲ့စကားကွ၊ သေခါနီးသူတွေဟာ ဘယ်တော့မှ မလိမ်တတ်ဘူး'

ဆင်းပိရဲသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။ သူသည် ယုံယုံကြည်ကြည် ပြောနေသည့်တုဝေးလျှံ၏စကားကို အဆင်ဆင် စဉ်းစားသည်။

'ဒါဆိုရင် ယဲ့ရှန်ဆေးမြစ်ဟာ ခေါင်းထဲမှာ ရှိကိုရှိနေရမယ်'

'မင်းဟာက သေချာလှချည်သားကွ'

'သေချာတယ်ဗျာ၊ သေချာတယ်'

'ငါတို့ ခေါင်းထဲမှာ ဘာမှမတွေ့ဘဲ'

'သေသေချာချာ မစဉ်းစားကြလို့ပါဗျာ၊ ကျုပ်တော့အခု တွေးမိပြီ'

'ယဲ့ရှန်ဆေးမြစ် ရှိတဲ့နေရာကိုပေါ့'

'ဒါပေါ့ဗျာ'

'မင်းဘယ်လိုသိတာလဲ'

'တွေးကြည့်တာပဲဗျ'

'တကယ်ပြောတာလား'

'တကယ်ပါ'

* * *

တုလျှံဝေးက မေးလိုက်၏၊

'ဒါဆို ဘယ်မှာလဲ'

ဆင်းပီရဲက ရုတ်တရက် ဓားကိုဆုပ်ကိုင်လိုက်၏။

'ပြောလို့မဖြစ်သေးဘူး'

'ဘာဖြစ်လို့လဲ'

'ခေါင်းကို လုမယ့်လူ ရောက်နေလို့ပေါ့'

သူ့စကားအဆုံးတွင် ရယ်မောသံ ထွက်ပေါ်လာလေ၏။



တုလျှံဝေး မျက်လုံးပြူးသွားသည်။

ရယ်မောသံသည် အခြားနေရာမှမဟုတ်ချေ။ မြင်းလှည်းအမိုးပေါ်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

တုလျှံဝေးသည် မြင်းလှည်းအမိုးပေါ်သို့လှည့်ကြည့်လိုက်၏။ အမိုးပေါ်ဝယ် အသက်ခြောက်ဆယ်ခန့် အဘိုးအိုတစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရလေ၏။

တုလျှံဝေး ရင်ထိတ်သွားသည်။ ထိုအဘိုးအိုသည် မည်သည့်အချိန်က လှည်းခေါင်မိုးပေါ်သို့ ရောက်နေသနည်း။ သူတို့ပင် မသိလိုက်ကြပါ။

တုလျှံဝေးက....

'ခင်ဗျားဘယ်သူလဲ'

အဘိုးအိုက....

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရေးကြီးပါဘူး'

တုလျှံဝေး ခုန်းတွန့်လိုက်၏။

'ခင်ဗျားလဲ ယဲ့ရှန်ဆေးမြစ်အတွက်ရောက်လာတာပဲမဟုတ်လား၊ ဒီကိုရောက်လာတဲ့ လူအားလုံးဟာ ဒီအတွက်ချည်းပဲ ရောက်လာကြတာပဲ'

အဘိုးအိုက ရယ်မောလိုက်သေး၏။

'ကျုပ်လိုချင်လို့ ယူသွားခဲ့ရင် မင်းတို့ သိတောင်သိလိုက်မှာ မဟုတ်ဘူး၊ ယဲ့ရှန်ဆေးမြစ်အကြောင်း ကျုပ်ကိုမပြောနဲ့'

တုလျှံဝေး ပါးစပ်ပိတ်သွားလေ၏။ သူတို့သည် အဘိုးအို မြင်းလှည်းခေါင်မိုးပေါ်၌ မည်သည့်အချိန်က ရောက်နေသည်ကို မသိခဲ့ကြဘဲ ရှိသည်မဟုတ်ပါလော။ အဘိုးအိုပြောစကား မှန်ပါလိမ့်မည်။

★

## အခန်း(၂၂)

အဘိုးအိုသည် တုလျှံဝေးကို စကားမပြောတော့ပေ။ သူသည် ဆင်းပိရဲဘက်သို့ လှည့်လိုက်၏။

'ဆင်းပိရဲ မင်းကို မေးစရာရှိတယ်'

ဆင်းပိရဲ ပါးစပ်ပိတ်ထားသည်။

'မင်းနဲ့ယီမှုန်လေ ဘယ်လိုပတ်သက်သလဲ'

အဘိုးအို၏ ရုတ်တရက်မေးလိုက်သောစကားမှာ အမေးခံရသူ ဆင်းပိရဲထက် တုလျှံဝေးအား ဆတ်ခနဲ တုန်လှုပ်သွားစေ၏။ သူသည် ဤအကြောင်းကို မေးချင်နေသည် မဟုတ်ပါလော။

ယီမုန့်လေးသည် ခြသေ့်နန်းတော်၏ ဂိုဏ်းချုပ်ကြီး ဖြစ်သည်။ သူသည် ထူးဆန်းစွာ ပျောက်ဆုံးခဲ့ပေသည်။ ဂိုဏ်းချုပ်ကြီး ယီမုန့်လေကို ရှာဖွေနေစဉ် ယန်စွန်း ရောက်လာသဖြင့် အစီအစဉ်ကို မစဖြစ်ဘဲရှိခဲ့သည်။

ဆင်းပိရဲက....

'ခင်ဗျားဘာကြောင့်ဒီလိုမေးတာလဲဗျ၊ အကြောင်းတော့ ရှိရမှာပေါ့၊ အကြောင်းမရှိဘဲမေးရင် ကျုပ်တော့မဖြေတတ်ဘူး'

အဘိုးအိုက ရယ်မောလိုက်သည်။

'ရှိပါတယ်ကွာ ရှိပါတယ်၊ မင်းအသုံးပြုတဲ့ လက်ဝါးဆယ့်ရှစ်ကွက်ဟာ ယီမုန့်လေရဲ့ ခြသေ့်လက်ဝါး သိုင်းကွက်ဆိုတာ ကျုပ်ကောင်းကောင်း မှတ်မိပါတယ်၊ မင်း ကျုပ်ကို ညာလို့မရပါဘူး'

တုလျှံဝေးသည် ဆင်းပိရဲ၏ လက်ဝါးသိုင်းကွက်ကို မြင်ဖူးသည်ဟု ထင်မှတ်ခဲ့သည်၊ ယခု အဘိုးအိုမေးမှ ခြသေ့်နန်းတော်၏ လက်ဝါးသိုင်းကွက်မှန်း သိလိုက်ရသည်။

ဆင်းပိရဲသည် လှည်းကိုရပ်လိုက်ပြီး အဘိုးအိုကို လှည့်ကြည့်လိုက်သည်။

'ခင်ဗျားဘယ်သူလဲ'

'မင်း ကျုပ်အကြောင်းကို မသိပါဘူး'

'မသိလို့ မေးနေတာပေါ့'

'ကျုပ်ဟာ ယီမုန့်လေရဲ့ မိတ်ဆွေတစ်ယောက်ပဲ'

'အဲဒီလို လူတကာပြောနိုင်တာပဲ'



'ငါ့ရုပ်လက္ခဏာကိုကြည့်ပါဦး။ လိမ်ပြောမယ့် လူလားလို့၊ မင်းဟာ ဟိုစီးနယ်လားဆိုတာလဲ ငါသိပါတယ်'

တုလျှံဝေးသည် ဆင်းပိရဲအား ကြည့်လိုက်ပြီး အလောတကြီး မေးလိုက်၏။

'မင်း....မင်းဟာ ငါတို့ဂိုဏ်းချုပ်ကြီးနဲ့ သိခဲ့တယ်ဟုတ်လား၊ သူ....သူဘယ်မှာရှိသလဲ'

'သူ သေပြီ'

ဆင်းပိရဲ တုံးတိတိဖြေလိုက်၏။

တုလျှံဝေး မျက်နှာပျက်သွား၏။

'သူသေပြီ ဟုတ်လား'

အဘိုးအိုသည် သက်ပြင်းချလိုက်၏။

'သူတကယ် သေသွားပြီကိုး'

တုလျှံဝေးက....

'ဆင်းပိရဲ.... ငါတို့ခြသေ့်နန်းတော်ရဲ့ အစီအစဉ်က ဂိုဏ်းချုပ်ကြီးကို ရှာဖွေဖို့ပါ၊ မမျှော်လင့်ဘဲ ယန်စွန်းကိစ္စဝင်လာတဲ့အတွက် ဂိုဏ်းချုပ်ကြီးကို မရှာနိုင်ခဲ့တာပါ၊ မင်း အဲဒီအကြောင်းတွေ ငါ့ကိုပြောပြသင့်ပါတယ်၊ သူဟာ ငါတို့ခြသေ့်နန်းတော်ရဲ့ ဂိုဏ်းချုပ်ကြီးပဲ'

ဆင်းပိရဲ ပေ့ဝေသွားသည်။ တုလျှံဝေး ပြောသည့်စကားသည် မှန်၏။ နန်းတော်သည် သူသည်သူတို့ဂိုဏ်းချုပ်ကြီး အကြောင်းကို သိသင့်ပါသည်။ သူသည် ဂိုဏ်းချုပ်ကြီး အကြောင်းကို လျှို့ဝှက်မထားရန် ဆုံးဖြတ်လိုက်လေ၏။

'ကောင်းပါပြီ၊ ကျုပ်ပြောပြပါမယ်၊ ကျုပ်တို့ဆက်ပြီး ခရီးသွားကြတာပေါ့၊ ခရီးသွားရင်း ကျုပ်ပြောပြပါမယ်'

'ကောင်းတယ်'

တုလျှံပေးက ပြောလိုက်၏။

အသိုးအိုလည်း ခေါင်းမိုးပေါ်၌ ထိုင်မြဲပင်၊ ဆင်းပိရဲသည့် မြင်းလှည်းကို ဆက်လက်မောင်းနှင်လေတော့၏။

*

အခန်း (၂၃)

အတိတ်၏ အရိပ်

သူသည် နှင်တံကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

'ရှမ်း....'

သူသည် မြင်းကိုမရိုက်ပေ၊ လေထဲ၌ ဝှေ့ယမ်း လိုက်ခြင်းဖြစ်သည်။

အသံကြားသည်နှင့် မြင်းသည် သခင်အလိုကိုသိပြီး လှည်းကိုပိုအားစိုက်၍ဖိဆွဲလေတော့၏။ လှည်းမှာလမ်းကြားအတိုင်း လျှင်မြန်စွာ ပြေးလေတော့၏။

ဆင်းပိရဲသည့် မြင်းဇက်ကြိုးကို အသာ [illegible]လိုက်သည်၊ မြင်းသည် လေပြေးစေချင်သလို ပြေးနေပြီ ပေါက်ပေါက်လာ၍

ကိုယ်ပြေးစေချင်သလိုပြေးနေသော မြင်းကို အကြမ်းပဘန်း လုပ်ရန် မလိုအပ်ဟုဆင်းပိရဲယူဆပါသည်။

မြင်းသည် အလိုအလျောက်ပြေးနေတော့၏။

ဆင်းပိရဲသည် အိပ်ထဲမှငွေစများကို သူထုတ်၍ ရေတွက်လိုက်၏။ သူ၏မျက်နှာမှာ ဝင်းပနေသည်။

'ဒီနေ့အတော်ရပါလား၊ ဒီအတိုင်းသာ ရခဲ့ရင် နောက်လေးငါးလအကြာမှာကိုယ်ပိုင် မြင်းလှည်းဘစီးတော့ ဝယ်နိုင်ကောင်းပါရဲ့'

ဆင်းပိရဲသည် ကိုယ်ပိုင်မြင်းလှည်း မောင်းနှင်ရမည့် အရေးကိုတွေးပြီးပျော်မိလေ၏။

ထိုစဉ် မြင်းလှည်းသည် အိမ်ကြီး တစ်အိမ်ရှေ့တွင် ရပ်တန့်သွားလေ၏။

ဆင်းပိရဲပြုံးလိုက်သည်။ သူသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ မြင်းကို လှည်းမှ ဖြုတ်လိုက်သည်။ ထို့နောက် မြင်းဇောင်းအတွင်းသို့ ထည့်သည်။ လှည်းကို ရေဆေးသန့်စင်သည်။

ထိုစဉ်အိမ်ကြီးထဲမှ လူတစ်ယောက် ထွက်လာပြီး ဆင်းပိရဲ လုပ်ပုံကိုင်ပုံကိုကြည့်နေ၏။ ထိုလူကြီးကား ဆင်းပိရဲ၏ မြင်းလှည်းပိုင်ရှင်တည်း။

ဆင်းပိရဲသည် မြင်းလှည်းကို ရေဆေး သန့်စင်ပြီးသောအခါ အိမ်ပေါ်သို့ တက်လာပြီး လူကြီးကိုဂါရဝပြုသည်။ ထို့နောက်ငွေများအပ်သည်။

လူကြီးသည် ငွေများကို လက်ခံလိုက်သည်။



ထို့နောက်ဆင်းပိရဲသည် အိမ်ကလေးပေါ်မှ လေတချွန်ချွန်နှင့် ဆင်းသွားလေတော့၏။

ဆင်းပိရဲသည် သူနေသောတဲစုတ်ကလေးသို့ ရောက်လာတော့၏။ သူသည် တဲတလေးအတွင်းထိုင်ကာ တစ်စုံတစ်ခုကို ထုတ်ယူ လိုက်၏။ သူ့ငွေများကို ထားသည့် စုဘူးကလေး ပင်တည်း။

'ခြွင်....ခြွင်....ခြွင်'

ဆင်းပိရဲသည် စုဘူးကလေးအားလှုပ်ယမ်းလိုက်၏။ ငွေစများ၏လှုပ်ခတ်သံသည်အလွန် သာယာနာပျော်ဖွယ်ကောင်းသည်ဟုထင်မိလေ၏။

* * *

သည် နောက်လေးငါးလ အကြာ ပိုင်ဆိုင်လာမည့် မြင်းလှည်းကို စိတ်ထဲမြင်ယောင်လာမိသည်။

ဆင်းပိရဲ....

သူသည် စာစီကောင်ကြွက်ဖြစ်၏။

[illegible] မေ့ထားခဲ့သော မြင်းလှည်းသမားကြီးကြောင့် သူလည်း မြင်းလှည်းသမားဖြစ်ခဲ့ရသည်။

ထိုမြင်းလှည်းသမားကြီးမှာ ကိုးဆယ့် ခြောက်ပါးသော ရောဂါဖြင့်သေဆုံးသွားခဲ့လေပြီ။ တစ်ကောင်ကြွက် ဆင်းပိရဲ မှာဒုံရင်း တစ်ကောင်ကြွက်ဘဝသို့ပင် ပြန်ရောက်သွားလေသည်။

သူသည် ဆင်းရဲသော ဘဝကို မနှစ်သက်ပါ၊ သူဌေးသူကြွယ်များ၏ ဘဝကို အားကျပါသည်။

သူသည် အားကျရုံကျပြီး မကြိုးစားသော လူငယ်မဟုတ်ပေ။ သူသည် ကြိုးစားပမ်းစားရှာဖွေ၏။

ကြိုးစားပမ်းစား အလုပ်လုပ်၏။ တို့ကြောင့် မဟုတ်ပါလော။ သူ့စုဘူးသည် ယခုပြည့်ခါနီးလာလေပြီ၊ ထိုစုဘူးကို သူသည် သုံးနှစ်နီးပါးအထိ စုဆောင်းခဲ့ရပေသည်။

ကိုယ်ပိုင်မြင်းလှည်းသာ ဝယ်နိုင်ခဲ့လျှင် သူ့တဝတက်လမ်း အတွက် မျှော်မှန်းနိုင်ပြီ ဖြစ်သည်။

ယခုထက်ငွေပိုရှာနိုင်ခွင့်သူရရှိမည်ဖြစ်သည်။ ဘဝတူ မြင်းလှည်းသမားများမှာ အခစားများသာ ဖြစ်ပါသည်။

သူ၏ ဘဝတူများကြားတွင်၊ သူသည် ကိုယ်ပိုင်မြင်းလှည်း ပေါင်းသူအဖြစ် ရပ်တော့နိုင်မည် မဟုတ်ပါလား။

ဆင်းပိရဲ့သည် အတွေး ဝင်္ကပါထဲ ရောက်ရှိနေသည်။ အတွေးထဲ၌ [illegible] မျှော်နေ၏။

ထို့ပြင်....

'ဂျောက်...ဂျောက်...ဖြောက်'



မိုးသည် ရွာချလာလေ၏၊ အတွေးဝင်္ကပါထဲ ဝင်ရောက် နေသော ဆင်းပိရဲ့သည် ပြန်လည်သတိဝင်လာသည်။ သူသည် တံခါးများကို လုံအောင်ပိတ်လိုက်ရလေ၏။

★

## အခန်း(၂၄)

သူသည် မှိုးယိုနေသော ခေါင်မိုးအား ကြည့်ပြီး....

'အင်း....မနက်ဖြန်တော့ အမိုးဖာဆေးရေး လုပ်ဦးမှပဲ။ အမိုးဖာရင် မြင်းလှည်းတွက်တာတော့ နည်းနည်းပါးပါး နောက်ကျတာတော့ ကိစ္စမရှိပါဘူးလေ။ ဒီနေ့တော့ အိပ်မှပဲ'

ဆင်းပီရဲသည် ကောက်ရိုးမွေ့ရာအား မိုးလွတ်ရာ တစ်နေရာသို့ ရွှေ့ပြောင်းလိုက်သည်။ ထို့နောက် ခင်းကျင်းကာ လဲလျောင်းလိုက်တော့သည်။



သူသည် လူငယ်တစ်ယောက် ဖြစ်သည့်အပြင် အသုပ်ကို အစွမ်းကုန် လုပ်ထားသဖြင့် ပင်ပန်းနွမ်းနယ်နေသည်။ ထို့ကြောင့် အိပ်ရာထဲလှဲချလိုက်သည်နှင့်အိပ်ပျော်သွားလေတော့သည်။

သူ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပါ၊ သူသည် တစ်စုံတစ်ခုကြောင့် လန့်နိုးလာလေ၏။

အချိန်မှာ ညသန်းခေါင်ယံ အချိန်လောက်ဖြစ်ပြီး မိုးမှာလည်း တဖွဲဖွဲရွာနေဆဲပင် ရှိသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။

'ဂျစ်....ဂျစ်'

တံခါးဝမှ ကုတ်ခြစ်သံဆွက်ပေါ်လာလေ၏။

ဆင်းပီရဲ ခေါင်းနပမ်းကြီးသွား၏။ သူသည် လူကိုတော့ မကြောက်ပါ၊ သရဲတစ္ဆေကိုတော့ ကြောက်ပါသည်။

'ဘုရား....ဘုရား၊ မကောင်းဆိုးဝါးများလား'

ထိုအတွေးကြောင့် ကြက်သီးတဖြန်းဖြန်း ထသွားလေတော့၏။

အပြင်တွင် မှောင်ရိပ်မက တစ်ချီတစ်ချီတွင်လျှပ်ရောင်ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားပါသည်။

ထိုစဉ် တံခါးဝမှ ညည်းသံပေါ်လာသည်။

'အီး....ဟီး....ဟီး'

သူ မျက်လုံးများပြူးကျယ်သွားပြီး ဒူးများလည်းတဆတ်ဆတ် တုန်လာတော့၏။

မိုးသည် တဖြည်းဖြည်း လျော့နည်းလာသည်။ တိတ်သလောက် ဖြစ်သွားသည်။ တံခါးဝမှညည်းသံသည် ပိုမိုကျယ်လောင်လာသည်။ တံခါးကိုကုတ်ခြစ်သံကလည်း တကုစ်ကျစ်နှင့် ထွက်နေပါသည်။

နောက်ဆုံး သူသည် အားတင်းပြီး ထရပ်လိုက်သည်။ မီးထွန်းလိုက်သည်။ မီးရောင်သည် ကျဉ်းမြောင်းသော တဲအိမ်လေးအတွင်း လင်းထိန်သွားသည်။အလင်းရောင်သည်လူ၏စိတ်ဓာတ်ကို ပိုမိုရဲရင့်စေပေသည်။ အမှောင်သည် လူကိုကြောက်ရွံ့စေပေသည်။

အလင်းရောင်ကြောင့် ပိုမိုရဲရင့်လာသော ဆင်းပိရဲသည် အခန်းတံခါးဝဆီသို့သွားရန် ကြိုးစားလေတော့၏။

'အင်း....အင်း....အား'

ညည်းညူသံ ထွက်ပေါ်လာပြန်၏။

ဤတစ်ကြိမ်တွင်တော့ ညည်းညူသံကို ပီသသဲကွဲစွာကြားလိုက်ရသည်။

'ဟင်....ဒါလူသံပဲ'

သူ၏ ကြောက်လန့်စိတ်များသည် လွင့်ပျောက်သွား၏။ ...သည် တံခါးပဆီသို့ လျင်မြန်စွာသွားပြီး တံခါးကိုဆွဲဖွင့်လိုက်၏။

မီးရောင်သည် အပြင်သို့ ဖိတ်လျှံကျသွား၏။ တံခါးဝတွင် လူတစ်ယောက် လဲကျနေသည်ကို တွေ့ရှိလိုက်ရသည်။

'ဟင်....လူတစ်ယောက်ပါလား'



သူသည် ထိုလူ၏အနီးတွင် ဒူးထောက်ထိုင်လိုက်၏။ ထိုလူ၏ လက်ကောက်ဝတ် သွေးကြောအား စမ်းသပ်ကြည့်လိုက်သည်။

'မသေသေးဘူး၊ ဒါပေမယ့် သူ့တစ်ကိုယ်လုံးစိုရွှဲနေတယ်၊ အအေးပတ်ပြီး သေနိုင်တယ်'

သူသည် တစ်ကိုယ်တည်း ရေရွတ်ပြီး ထိုသူအားအခန်းတွင်းသို့ ပွေ့ချီယူဆောင်သွားလေတော့၏။

* * *

ဆင်းပိရဲသည် လူပြုနိုင်သမျှ ပြုစုမှုကို ပြုစုခဲ့သည့်အပြင် သမားတော်ကြီးတစ်ဦးကိုလည်း ပင့်ဖိတ်ခဲ့ပါသည်။

သူက ပြုံးပြလိုက်ပြီး....

'ဘာ....သတိရပြီလား'

အဘိုးအိုသည် ဆင်းပိရဲလဲလျောင်းပေးထားသော အစာအစားများကိုကြည့်လိုက်၏။ သူသည် ပြုံးလိုက်လေတော့သည်။

'ကျေးဇူးပါပဲကွယ်'

ဆင်းပီရဲသည်သက်ပြင်းချလိုက်၏။ သူသည် သူ့အိမ်တံခါးဝ၌လဲနေခဲ့သော အဘိုးအိုကို အစွမ်းကုန်ပြုစုခဲ့ပြီးဖြစ်ပါသည်။

အဘိုးအိုကသတိမေ့နေသဖြင့် သူသည် သမားတော်ကြီးတစ်ဦးကို ပင့်ဖိတ်ပြသခဲ့ရသည်။ သမားတော်ကြီးသည် အဘိုးအိုကို ကောင်းစွာစမ်းသပ်စစ်ဆေးခဲ့၏။

'သူ့မှာ ပြင်းထန်တဲ့အဆိပ်မိနေတယ်၊ ဒီအဆိပ်ကို ကျုပ်လဲ မထုတ်နိုင်ဘူး၊ အဲဒီအဆိပ်ကိုထုတ်နိုင်ရင်တော့ သူအသက်ရှင်မှာပဲ၊ အဖေးမိတဲ့အတွက်တော့မပူပါနဲ့၊ ပျောက်ကင်းသွားမှာပါ'

သမားတော်ကြီးသည် ဆင်းပီရဲအား ဤသို့အသိပေးခဲ့လေ၏။

ဆင်းပီရဲသည် အဘိုးအိုအတွက် စိတ်မကောင်းဖြစ်နေမိသည်။ အဘိုးအိုကမူ ခပ်ပြုံးပြုံးပင်ရှိနေလေ၏။

'မင်းက ငါ့အတွက် စိတ်မကောင်းဖြစ်နေသလား'

'စိတ်မကောင်းဖြစ်တာပေါ့အဘရာ၊ လူ့အသက်တစ်ချောင်းဆိုတာ ဖြစ်ခဲတယ်မဟုတ်လား၊ နောက်ပြီး အဘကို ခုမှတွေ့ရပေမယ့် ကျွန်တော် အဘလိုခင်မင်မိပါတယ်၊ ညက ကျွန်တော်တောင် လန့်သွားသေးတယ်၊ အဘကတဂျစ်ဂျစ်နဲ့ တံခါးကိုကုတ်နေတာကိုး'

'ငါလဲသတိလစ်သလိုဖြစ်နေတော့ လုပ်မိလုပ်ရာလုပ်နေတာဖြစ်မယ်၊ ငါလဲဒီအာမှမသိပါဘူးကွာ'



'ဟုတ်ပါတယ်၊ ကျွန်တော်တွေ့တော့ အဘသတိလစ်နေပါပြီ'

'ဟုတ်တယ်၊ မင်းက ငါ့အသက်ကိုကယ်ခဲ့ပေမယ့် ငါ့အသက်က နောက်ခြောက်လလောက်ပဲ အသက်ရှင်တော့မယ်၊ ဒါတောင် ငါက အဆိပ်တွေကို တတ်နိုင်သလောက် စုစည်းထားနိုင်ခဲ့လို့၊ ဒါပေမယ့် အခုတော့အဆိပ်တွေကိုမထိန်းနိုင်တော့ဘူး၊ တဖြည်းဖြည်းပြန့်လာပြီး နောက်ခြောက်လဆိုရင် အဆိပ်တွေ တစ်ကိုယ်လုံးပြန့်ပြီး ငါသေရတော့မှာပါ'

★

## အခန်း(၂၅)

ဆင်းပိရဲကမေးလိုက်၏။

'တဘက ဘယ်လိုလုပ်အဆိပ်မိရတာလဲ'

'ငါ့ကိုသေစေချင်တဲ့လူတစ်ယောက်က အဆိပ်ခတ်လိုက်တာပေါ့၊ ငါကလဲ သူ့ကိုယုံပြီး အဲဒီအစားအစာကို စားခဲ့တယ်လေ'

ဆင်းပိရဲဆက်မေးရန်ဟန်ပြင်လိုက်စဉ် အဘိုးအိုက....

'အရက်သောက်ချင်လိုက်တာ'

ဆင်းပိရဲက....

'ကျွန်တော်သွားဝယ်ပေးပါ့မယ် အဘ'

'ငါ့မှာ ဝယ်စရာပိုက်ဆံမရှိဘူး'



'ကျွန်တော့်မှာရှိပါတယ်၊ ကျွန်တော်ဝယ်ပေးပါ့မယ်'

ဆင်းပိရဲသည် အရက်ကိုပြေး၍ဝယ်ပေးလေ၏။

အဘိုးအိုသည် အရက်ကိုခွက်ထဲသို့ငှဲ့ထည့်လိုက်ပြီး မော့သောက်လိုက်၏။ အဘိုးအိုသည် အရက်ကိုနှစ်ခွက်သုံးခွက်သောက်ပြီးမှ ဆင်းပိရဲကိုမေးလိုက်၏။

'လူကလေး....ခြင်္သေ့နန်းတော်သိုက်ဆိုတာကို ကြားဖူးသလား'

ဆင်းပိရဲသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေလေတော့သည်။

အတန်ကြာစဉ်းစားပြီးမှ....

'ခြင်္သေ့တွေအများကြီးလှောင်ထားတဲ့ နန်းတော်ကိုပြောတာလား'

အဘိုးအိုသည် တဟားဟား ရယ်မောလေတော့သည်။

သူသည် အရက်ပင်သီးသွားသည်။ ဆင်းပိရဲပြောသည်မှာ တကယ်ပင် ရယ်စရာဖြစ်နေသည်မဟုတ်ပါလော။

ဤလူငယ်သည် သိုင်းလောကနှင့်အလှမ်းဝေးသော လူငယ်တစ်ယောက်ဖြစ်ကြောင်း အဘိုးအိုသိလိုက်သည်။ သို့သော် ဤလူငယ်၏ အရိုးအဆစ်တို့မှာမူ သိုင်းပညာသင်ရန် အလွန်ကောင်းသော အရိုးအဆစ်တို့ဖြစ်ကြောင်း သူသိသည်။

ဤလိုအရိုးအဆစ်ရှိရန် တစ်ထောင်မှာတစ်ယောက် တစ်သောင်းမှာတစ်ယောက် ရှိရန်မလွယ်ကြောင်း အဘိုးအိုသိရှိသည်။

အဘိုးအိုသည် ခေါင်း[illegible]ဆက်ဆက်ညိတ်ရင်း စဉ်းစားခန်း ဝင်နေတော့၏။

ဤသို့ဖြင့် အဘိုးအိုသည် ဆင်းပီရဲ၏အိမ်တွင်သောင်တင် နေတော့သည်။

ဆင်းပီရဲကလည်း အဘိုးအိုအား မိဘသဖွယ် ကျွေးမွေး ပြုစုပေးခဲ့သည်။ ခြေအုပ်လက်နယ်ပြုလုပ်ပေးခဲ့ပေသည်။ ဤသို့ ပြုလုပ်ရာတွင် ဆင်းပီရဲသည် အဘိုးအိုထံမှ မည်သည့်အရာကို မျှ မမျှော်လင့်ခဲ့ပေ။

အဘိုးအိုသည် နောက်ခြောက်လခန့်မျှတွင် သေမည်ဟု ပြောဆိုခဲ့သဖြင့် ဆင်းပီရဲ ဤမျှပြုစုနေခဲ့ခြင်းဖြစ်သည်။ သူသည် အဘိုးအိုအား လွန်စွာကရုဏာသက်ခဲ့ပေသည်။

ယခင် ကလုပ်သိမ်းလျှင် အိမ်ပြန်အိပ်တတ်သော ဆင်းပီရဲ မှာ ယခု မအိပ်ဖြစ်တော့ပါ။

သူသည် အဘိုးအိုနှင့် ထိုင်၍စကားပြောပါသည်။ အလွန် ညဉ့်နက်သည်အထိ စကားပြောဖြစ်ကြပါသည်။

သူသည် အဘယ်ကြောင့်ဤသို့စကားပြောဖြစ်ပါသနည်း။ အကြောင်းရှိပါသည်။

အဘိုးအိုသည် ထူးခြား ဆန်းကြယ်သော သိုင်းလောက အကြောင်းများကို ပြောပြခဲ့သည် မဟုတ်ပါလော။ ဆင်းပီ ရဲသည် နားထောင်ရသည်မှာ အားမရနိုင်အောင် ရှိခဲ့ပါ သည်။

'အဘ....ဟူတန်းဂိုဏ်းက ဓားသမားစီတန်းဟူအကြောင်း ပြောပြပါလား အဘ၊ သိပ်နားထောင်လို့ ကောင်းတာပဲ'



ဆင်းပီရဲက ပြောသည်။

ထိုအခါ အဘိုးအိုက ရယ်ရင်း....

'ဟင့်အင်း....ဒီနေ့တော့ ရှောင်လင်ကျောင်းက ကျောင်း ထိုင် ဆရာတော် တုချက်အကြောင်းကို ပြောပြမယ်၊ မင်း ပို စိတ်ဝင်စားပါလိမ့်မယ်'

ဤသို့ဖြင့် အဘိုးအိုသည် ဆင်းပီရဲ၏အိမ်၌ နှစ်လတာညီး ဟူသော အချိန်ကို ကုန်လွန်သွားစေခဲ့သည်။ အချိန်များ ကုန် လွန်သွားသည်နှင့်အမျှ ဆင်းပီရဲနှင့် အဘိုးအိုလည်း လွန်စွာ ရင်းနှီးလာလေတော့၏။

ဆင်းပီရဲလည်း အဘိုးအို၏အကြောင်းများကို တစ်စထက် တစ်စ သိရှိလာရတော့သည်။

အဘိုးအိုမှာ အခြားသူမဟုတ်ပါ။ ခြင်္သေ့နန်းတော်၏ ဂိုဏ်း ချုပ်ကြီး ယီမုန့်လေပင် ဖြစ်ပါသည်။

ဂိုဏ်းချုပ်ကြီးယီမုန့်လေသည် သူ စိတ်ချ ယုံကြည်ရသော လူ၏ လက်ချက်ဖြင့် အဆိပ်မိလာသည်။ သူသည် အဆိပ်ကို မထိန်းချုပ်နိုင်တော့သဖြင့် နောက်လေးလခန့်ကြာလျှင် သေရ တော့မည် ဖြစ်ပါသည်။

တစ်နေ့တွင် အဘိုးအိုက ဆင်းပီရဲကို ခေါ်လိုက်သည်။

'ဆင်းပီရဲ....ဆင်းပီရဲ'

'ဘာလဲ အဘ၊ ဘာခိုင်းမလို့လဲ'

'မခိုင်းပါဘူး၊ မင်းကို မေးစရာရှိလို့'

'မေးပါ၊ ဘာမေးမလို့လဲ'

'ဆင်းပီရဲ....မင်း သိုင်းပညာသင်ချင်သလား'

သူ ဝမ်းသာသွား၏။

'ဘဘက ကျွန်တော့်ကို သင်ပေးမလို့လား'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'သင်ပေးမယ်၊ ဒါပေမယ့် ငါ့အခြေအနေအရ မင်းကို အားလုံးတော့ သင်မပေးနိုင်ဘူး၊ အခြေခံလောက်ပဲ သင်ပေးနိုင်မယ်၊ ကျန်တာတွေကိုတော့ မင်းဘာသာ ကြိုးစား လေ့ကျင့်ရမယ်'

'ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် ကြိုးစားပါ့မယ်'

'မင်းရဲ့ကိုယ်ဟန်အချိုးအဆစ်က သိုင်းပညာသင်ဖို့ သိပ်ကောင်းပါတယ်၊ မင်း ကြိုးစားပါ'

ဂိုဏ်းချုပ်ကြီး ယီမုန့်လေသည် ဆင်းပိရဲအား စာအုပ်တစ်အုပ်နှင့် အလံတစ်လက်အား ထုတ်ပေးသည်။

## အခန်း (၂၆)

စာအုပ်မှာ လက်ဝါးအရွယ်သာ ရှိသည်။ အလံမှာလည်း လက်ဝါးအရွယ်ခန့်သာ ရှိသေးသည်။ ခြင်္သေ့ပုံ ရေးထိုးထားသည်။

ဂိုဏ်းချုပ်ကြီး ယီမုန့်လေက....

'ဒါဟာ ငါ့ရဲ့သိုင်းကွက်တချို့ ရေးထားတဲ့ စာအုပ်ပဲ၊ အလံကတော့ ခြင်္သေ့နန်းတော်ရဲ့ဂိုဏ်းချုပ်ကြီး အမှတ်အသားပဲ၊ မင်းဟာ ဒီနေ့ကစပြီး ခြင်္သေ့နန်းတော်ရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်ပြီ'

ဆင်းပိရဲ လန့်သွားသည်။

'မ....မဟုတ်သေးပါဘူး အဘ၊ ကျွန်....ကျွန်တော် ဘယ်လို လုပ် ဂိုဏ်းချုပ်လုပ်မလဲ၊ ကျွန်....ကျွန်တော် ဘာသိုင်းပညာမှ မတတ်သေးတာပဲ'

ဂိုဏ်းချုပ်ကြီးယီမုန့်လေက ပြုံးလိုက်သည်။

'သိုင်းပညာတတ်ဖို့ မပူပါနဲ့။ မင်းဟာ မကြာခင် ထိပ်တန်း သိုင်းပညာတွေကို တတ်လာပါလိမ့်မယ်၊ အခု မင်းကို ငါ့ရဲ့ သိုင်းကျမ်းကိုလဲ ပေးပြီးပြီမဟုတ်လား'

သူသည် အဝေးသို့မျှော်ကြည့်ရင်း ဆက်ပြောလေ၏။

'အခု မင်းကို ဂိုဏ်းချုပ်ကြီးအဖြစ် တာဝန် လွှဲအပ်ပေးပြီး ပြီ၊ ဘာဖြစ်လို့ အဲ့ဒီလိုတာဝန်လွှဲအပ်ပေးရသလဲ ဆိုတော့ ငါ့ အတွက် မင်း ဆောင်ရွက်ပေးရမယ့် အကြောင်းတစ်ခု ရှိနေ လို့ပဲ'

ဆင်း ပိရဲက...

'ဂိုဏ်းချုပ်ကြီးရာထူး မလိုပါဘူး ဘဘရာ၊ ဘဘအတွက် ဆိုရင် ကျွန်တော် ဘာမဆို ဆောင်ရွက်ပေးမှာပါ'

ယီမုန့်လေက....

'မဟုတ်ဘူး၊ မင်း ဂိုဏ်းချုပ်ကြီးဖြစ်မှ ဒီကိစ္စဟာ ပိုလေး နက်လာမှာ၊ ဒါကြောင့် မင်းကို ဂိုဏ်းချုပ်ကြီးရာထူး လွှဲအပ် တာ၊ ငါခိုင်းမယ့်ကိစ္စကို မင်းသိချင် သိနေမှာပဲ'

ဆင်းပိရဲက ထောက်ခံလိုက်၏။

'မသိချင်ပါဘူး၊ ဘဘခိုင်းတဲ့တာဝန်ကို ဘယ်လောက်ပဲ ကြီးလေးပါစေ ကျွန်တော်ဆောင်ရွက်ပေးမှာပါ'

ယီမုန့်လေက....



'မင်းကို မခိုင်းခင်မှာ ငါ့မှာကြားချက် တွေကို စာသေ မတိမ်းလိုက်နာပါ့မယ်လို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီပဲ၊ ကျွန် တော်ဖသရှာသွားရမယ့်ကိစ္စဖြစ်ပါစေ၊ ကျွန်တော်ဆောင်ရွက် မယ်လို့ ဆုံးဖြတ်ပြီးမှတော့ ဘာကတိပေးစရာရှိမှာလဲ'

'အေး....ကောင်းတယ်၊ ငါသဘောကျတယ်'

ဆင်းပိရဲ ခေါင်းညိတ်လိုက်၏။

'ဘဘ သဘောကျရင် ကျွန်တော်ကျေနပ်ပါတယ်'

ယီမုန့်လေ သက်ပြင်းချလိုက်၏။

'မင်းက ငါ့ကိုယ်စား ငါ့ရန်သူကို သုတ်သင်ပေးဖို့ပါပဲ'

'စိတ်ချပါ၊ ကျွန်တော်ဒီတာဝန်ကိုကျေပွန်စွာထမ်းဆောင် ပါ့မယ်၊ ဘဘရဲ့ ရန်သူဟာ ဘယ်သူပါလဲခင်ဗျာ'

ယီမုန့်လေက အေးစက်စွာပြောလိုက်၏။

'ကြေးရုပ်လူ ဖုံကျိုလင်'

ဆင်းပိရဲသည် တိုလူ၏အမည်ကိုကောင်းစွာကြားဖူးသည်။ အဘိုးအိုက အချိန်ရတိုင်း သိုင်းလောကအကြောင်း ပြောပြ ထားသဖြင့် သူသည် သိုင်းလောက အကြောင်း နားရည်ဝ နေလေပြီ။

'ဘဘပြောတာ သိုင်းထိပ်သီးခုနစ်ယောက်ထဲက 'ကြေး ရုပ်လူဖုံကျိုလင်လား'

ယီမုန့်လေခေါင်းညိတ်လိုက်၏။

'သူက ငါ့ယ်တံမျဉ်နဲ့ လုပ်ကြံခဲ့လို့ ငါ အခုလိုအဆိပ်မိ ခဲ့တာပဲ၊ အခုနောက်လေးသကြာရင် အဲ့ဒီ အဆိပ်နဲ့ သေရ မယ်'

'စိတ်ချပါတဲ့၊ သူ့ကိုမတွေ့တွေ့အောင်ရှာပြီးကျွန်တော် သုတ်သင်ပါမယ်၊ ကျွန်တော်ကတိပေးပါတယ်'

'သူ့ရဲ့ သိုင်းပညာဟာသိပ်မြင့်မားတယ်၊ မင်းသူ့ကိုယှဉ်နိုင်မှာမဟုတ်ဘူး'

ဆင်းပီရဲ အံကြိတ်လိုက်သည်။ သူ့သိုင်းပညာအားဖြင့် မဒီသည် မှားအမှန်ပင် ဖြစ်ပါလိမ့်မည်။

သူ့တော်သူသည် တစ်နည်းတစ်လမ်းအားဖြင့် ကြေးရုပ်လူဖုံကျွံလင်အား သတ်ဖြတ်ရပေလိမ့်မည်။ နည်းလမ်း တစ်ခုခု တွေ့နိုင်ပါလိမ့်မည်။

ယီမုန့်လေ ဆက်ပြောလေ၏။

'ဒီသိုင်းကျမ်းထဲက လက်ဝါးသိုင်း ဆယ့်ရှစ်ကွက်နဲ့ ဓားသိုင်းလေးဆယ့်ရှစ်ကွက်ကို မင်းအောင်မြင်အောင် ကြိုးစားပါ'

'ဟုတ်ကဲ့....ဆရာ'

'ဒီသိုင်းပညာ နှစ်မျိုးတတ်ရင် မင်းသိုင်းလောကထဲ ဝင်လို့ရပြီ၊ ဒါပေမယ့် ကြေးရုပ်လူဖုံကျွံလင်ကိုတော့ မင်းတိုပါးနိုင်သေးမှာမဟုတ်ဘူး'

'ဒီလူက တော်တော်အဆင့်မြင့်သလားဟင်'

'အဆင့်မြင့်တယ်၊ မင်းအဲ့ဒီပညာနှစ်ခုတတ်ရုံနဲ့ သူ့ကိုဘယ်လိုမှမယှဉ်နိုင်သေးဘူး၊ မင်းသိုင်းလောကထဲ ဝင်တဲ့ အခါ ပထမဆုံးလုပ်ရမယ့်အလုပ်က....'

ယီမုန့်လေသည် ဖြည်းဖြည်းဆေးပြောသည်။

'ခြသေ့်နန်းတော်ကို ကူညီဖို့ပဲ'



'ဒါလဲ ကတိပေးနိုင်ပါတယ်'

'ပြီးတော့ ဝစ္စည်းသုံးခုကို ရှာရမယ်၊ အဲ့ဒီပစ္စည်း သုံးခုရရင် မင်းသိုင်းပညာတစ်မျိုးထပ်သင်ခွင့် ရလိမ့်မယ်'

'ဘာပစ္စည်းလဲဆရာ'

ယီမုန့်လေ လေးနက်စွာပြောလိုက်၏။

'မင်းသေသေချာချာ မှတ်ထားပါ၊ အဲ့ဒီပစ္စည်း သုံးခုကတော့ ပဲ့ရှန်ဆေးမြစ်၊ ကောင်းကင်ခါးနဲ့ ရွှေသော့ တို့ပဲ....'

ဆင်းပီရဲသည် သေချာစွာ မှတ်သားထားလိုက်လေတော့သည်။

★

## အခန်း(၂၇)

'အဲဒီလိုနဲ့ ဘဘယီမုန့်လေဟာ အဆိပ်ဝေဒနာ ခံစားရင်း
ကျုပ်လက်ပေါ်မှာပဲသေဆုံးသွားခဲ့ရပါတယ်'

ဆင်းပီရဲသည် စကားများကို နိဂုံးချုပ်လိုက်လေ၏။ လျှံဝေး၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာတော့သည်။

'ဪ....ဂိုဏ်းချုပ်ကြီးသေသွားရှာပြီကိုး'

သူသည် မျက်ရည်များသုတ်ကာ ဆင်းပီရဲအား ဂါရ
ပြုလိုက်၏။



'ကျွန်တော် မသိလို့ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ ဂိုဏ်းချုပ်ကြီး'

ဆင်းပီရဲကလက်ကာပြလိုက်၏။

'ကျုပ်ဒီအကြောင်းကို မပြောချင်ပါဘူး'

'ဟုတ်ပါတယ်၊ ကျွန်တော် ကြောင့်'

'ကျုပ်ဂိုဏ်းချုပ်ကြီးရာထူးကို မလိုချင်ပါဘူး'

'မဟုတ်ဘူး၊ဒီလို မဟုတ်သေးဘူး၊ ကျွန်တော်တို့ ခြသေ့နန်းတော်ကို တိုးတက်အောင် ဂိုဏ်းချုပ်ကြီးကသာ လုပ်နိုင်မှာလို့ ယုံကြည်ပါတယ်။ ကျွန်တော်က ဘာမှ ဦးဆောင်မှုမပေးနိုင်ပါဘူး၊ အခု....ကြည့်လေ.... ကျွန်တော့် ဘာသာခေါင်းယူကာရင် ရန်သူ့နောက်ပါသွားတာ ကြာလှပြီပေါ့။ နောက်ပြီးဂိုဏ်းချုပ်ကြီး ယီမုန့်လေရဲ့ အလံရှိတဲ့ သူဟာဂိုဏ်းချုပ်ကြီးအရာဆက်ခံလိုက်တဲ့လူပါ'

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်ဂိုဏ်းချုပ်ကြီး မလုပ်ချင် ဘူးဗျာ'

'မလုပ်ချင်လို့ မရပါဘူး၊ ဒါဟာသိုင်းလောကရဲ့ထုံးစံပါပဲ၊ ဂိုဏ်းချုပ်တစ်ယောက်ဟာ သူ့ဂိုဏ်းနဲ့သင့်လျော်မယ့်သူကိုတွေ့ရင် သူ့ဂိုဏ်းကို ဆက် ခံနိုင်မယ့်လူကိုတွေ့ရင် ဂိုဏ်းရဲ့ လျှို့ဝှက်အမှတ်အသားကို ပေးခဲ့တတ်ပါတယ်၊ အဲ့ဒီအမှတ်အသားရတဲ့လူဟာ သူကိုယ်တိုင် သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ ဂိုဏ်းချုပ်ရာထူးဆက်ခံရတာပါပဲ'

တုလျှံဝေးကရှင်းပြလိုက်၏။

ဆင်းပီရဲက....

'ကျွန်တော့်မှာတာဝန်တွေ ရှိသေးတယ်'

'တာဝန်တွေ ရှိတာ ရှိတာပေါ့၊ ဂိုဏ်းချုပ်ရာထူး ဆက်ခံတာလဲ ဆက်ခံတာပေါ့'

'ဟင့်အင်း....ငါ်တာဝန်တွေကို ထမ်းဆောင် မပြီးမချင်း ဂိုဏ်းချုပ်ရာထူးကို ဆက်မခံဖို့ ကျုပ်ဆုံးဖြတ်ထားတယ်'

တုလျှံဝေးက....

'ဟာ....ဒီလိုဆိုရင် ကျွန်တော် အကြံတစ်ခုပေးပါမယ်'

'ဘာအကြံလဲဗျ'

'ဘာအကြံလဲဆိုတော့ ဂိုဏ်းချုပ်ကြီးဟာ ဂိုဏ်းချုပ်ကြီးရာထူးကိုဆက်ခံပါ၊ ကျွန်တော်က လက်ထောက်ဂိုဏ်းချုပ်လုပ်ပြီး နန်းတော်ကိုထိန်းသိမ်းပေးပါ့မယ်၊ ဒါဆိုရင် သိပ်ကောင်းမယ်လို့ ထင်ပါတယ်'

ဆင်းပိရဲမှာ ငြင်းပယ်၍မရအောင် ရှိတော့သည်။

'ကဲ....ရှိစေတော့'

သူသည် တုလျှံဝေး ယုံကြည်မှုရှိစေရန် ဂိုဏ်းချုပ်ကြီးယီမုန့်လေပေးခဲ့သည့် လက်တစ်ဝါးသာသာ ဂိုဏ်းချုပ်အလံအား ဆွဲထုတ်လိုက်၏။

'ခြွမ်း....'

သူသည် မြင်းလှည်းကိုရပ်လိုက်၏။ သူ၏ကျသွားသောသံပြားလေးကို လိုက်လကောက်ယူလိုက်သည်။ ခေါင်မိုးပေါ်မထိုင်နေသော အဘိုးအိုသည် ထိုသံပြားလေးကို မျက်လုံးပြူး၍ ကြည့်နေလေ၏။

ထိုဂပုံ သံပြားလေးတစ်ချပ်။



သံပြားတွင် တစ်စုံတစ်ခုရေးခြစ်ထားလေ၏။ ထိုပြင် သံပြားသက်သက် မဟုတ်ချေ။ အနားကို ရွှေဖြင့်ကွပ်ထား၏။ ထို့ကြောင့် သံပြားကို မြင်လိုက်ရုံဖြင့် ထူးခြား နေသလသည်။

* * *

ခေါင်မိုးပေါ်မှ အဘိုးအိုသည် မျက်လုံးပြူးတွက်မတတ် သံပြားလေးကို စိုက်ကြည့်နေသည်။ သူသည် ထိုသံပြားကိုမြင်ဖူးသည်ဟု ထင်နေသည်။

'ဒီသံပြားက ဘယ်သူ့ဟာလဲ'

ဆင်းပိရဲက....

'ဘယ်သူ့ဟာမှမဟုတ်ပါဘူး၊ ကျွန်တော့်ပစ္စည်းပါ'

'ဘယ်က ရတာလဲ'

'ကျွန်တော့်ရဲ့မွေးစားအဖေဆီကပါ'

'မင်းရဲ့မွေးစားအဖေ....'

'ဟုတ်ပါတယ်၊ ကျွန်တော့်မွေးစားအဖေပါ။ သူကမှာခဲ့ပါတယ်၊ ဒီပစ္စည်းကို မပျောက်ပျက်အောင် ထိန်းသိမ်း

ထားပါတဲ့၊ အသက်ရှင်သရွေ့ ကိုယ်နဲ့မကွာ ထိန်းသိမ်းပါလို့ မှာကြားခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော် ထိန်းသိမ်းထားတာပါ၊ ဘာဖြစ်လို့လဲ'

အဘိုးအိုသည် တွေဝေစဉ်းစားနေ၏။

'ကျုပ်ဒီသံပြားကို တစ်နေရာရာမှာ မြင်ဖူးခဲ့တယ်လို့ထင်တယ်၊ ဘယ်နေရာမှာပါလိမ့်'

ဆင်းပီရဲ အံ့အားသင့်သွားလေ၏။

'ဘယ်နေရာမှာ မြင်ဖူးခဲ့တာလဲဗျာ၊ ဒီသံပြားကိုတော့ ကျုပ် လူတကာကို မပြခဲ့ပါဘူး၊ အခုခင်ဗျားတို့တွေ့တာတောင် ကံကောင်းလို့တွေ့တာပါ၊ ကျုပ် နန်းတော်အလံကိုဆွဲထုတ်ရင်း ကျသွားလို့ ခင်ဗျားတို့တွေ့ရတာပါ'

အဘိုးအိုသည် ခေါင်းကိုမော့ရှိလျက် စဉ်းစားနေသည်။ သူ့ဦးခေါင်း ပေါက်မတတ် စဉ်းစားနေကြောင်း သူသိသည်။

'တူးဆန်းတယ်၊ ဒီရွှေနားကွပ်သံပြားကို ငါတွေ့ဖူးတယ်၊ ဘယ်မှာ ငါတွေ့ဖူးခဲ့သလဲ'

အဘိုးအိုသည် တစ်ယောက်တည်း ရေရွတ်နေ၏။

ဆင်းပီရဲက....

'သံပြားတစ်ခုခုကို ခင်ဗျားတွေ့ဖူးမှာပါ၊ ဒီသံပြားတွေ့တော့ စိတ်စွဲပြီး အမှတ်မှားတာ နေမှာပါ'

'မဟုတ်ဘူး။ ဒီလိုရွှေနားကွပ် တြိဂံပုံသံပြားကို တွေ့ဖူးတာပါ၊ အသက်ကြီးလာတော့ ဘာမှမမှတ်မိတော့ပါလား၊



ငါစဉ်းစားလို့မရတော့ဘူး၊ ကဲ....ကဲ....ငါ သွားတော့မယ်၊ မင်းတို့ကိုနှုတ်ဆက်ခဲ့ပါတယ်'

ဆင်းပီရဲနှင့် တုလျှံဝေးတို့က ပြိုင်တူပင် လှမ်းမေးမိကြသည်။

'နေပါဦး မသွားပါနဲ့ဦး၊ နာမည်ကိုပြောပြခဲ့ပါဦး'

အဘိုးအိုသည် ခေါင်းကိုကုတ်လိုက်၏။

★

## အခန်း(၂၈)

### ဆေးမြစ်ရှိသွားနေရာ

'နေပါဦး'

'ဘာဖြစ်လို့လဲဗျာ'

'နေစမ်းပါဦး၊ မင်းတို့တြိဂံသံပြားကို စဉ်းစားနေရတာနဲ့ ငါ့နာမည်တောင် မေ့နေပြီ'

'စဉ်းစားပါ စဉ်းစားပါ'

'အား...သတိရပြီ၊ ကိုယ့်နာမည်ကိုယ် မေ့နေတယ်ဆိုတော့ ရယ်စရာကြီးဖြစ်နေတယ်၊ အများကကျုပ်ကို လေမီးခိုးလို့ ခေါ်ကြတယ်'



သူသည် စကားဆုံးသည်နှင့် နောက်ကျွမ်းတစ်ချက် ပစ်လိုက်၏။ သူ့ခန္ဓာကိုယ်သည် ပေါ့ပါးစွာ မြောက်တက်သွားသည်။

သူ၏ကိုယ်ဖော့ပညာမှာ ပေါ့ပါးလှသဖြင့် ဝါးတစ်ရိုက်ခန့် လွင့်သွားလည်း။

ဆင်းပီရဲနှင့်တုလျှံဧးတို့မှာ အံ့ဩစွာ ကြည့်မိကြသည်။

နောက်ထပ် ကျွမ်းစာစ်ပတ် ပစ်လိုက်သောအခါ အဘိုးအိုသည် မီးခိုးများလေလွင့်သွားသည့်ပမာ ပျောက်ကွယ်သွားလေ၏။ လေမီးခိုးဟု အများကခေါ်ကြသည်မှာ အလွန်သင့်လျော်သော နာမည်ပါပေ။

'လေမီးခိုး'

ဆင်းပီရဲက အဘိုးအိုကိုငေးကြည့်ရင်း ရေရွတ်နေလေ၏။

တုလျှံဧးက....

'သိုင်းလောကမှာ ထိပ်သီးသိုင်းသမားတွေ ရှိပါတယ်'

'အဲဒီထဲမှာ အဘိုးအိုပါလား'

'ပါတယ်၊ သိုင်းလောကမှာ ထိပ်သီးခုနစ်ယောက်၊ လူထူးလူဆန်းလေးယောက်ထဲက တစ်ယောက်ပဲ'

'ဒါကြောင့် ဒီအဘိုးကြီး ထူးပါတယ်လို့ ထင်နေတာ၊ ကျုပ်တို့လဲ ခေါင်မိုးပေါ်ကို ရောက်နေတာတောင် ကျုပ်တို့ မသိကြဘူး မဟုတ်လား၊ အတော်ကြာမှ ကျုပ်သိတာ'

ဆင်ပီရဲသည် မြင်းလှည်းလိုမောင်းနှင်လိုက်လေတော့၏။

တုလျှံဧး ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူ့ရဲ့ကိုယ်ဖော့ပညာကတော့ တကယ့် အံ့မခန်းပါပဲ၊ မီးခိုးတွေ လေထဲလွင့်သွားသလိုပဲ'

တုလျှံဝေးသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ပြောလိုက်လေ၏။

'ဒါထက် ယွဲ့ရှန်ဆေးမြစ် ဘယ်မှာရှိတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး သိတယ်ဆို၊ အဲဒါ ဘယ်နေရာမှာလဲ'

ဆင်းပိရဲကို စိတ်ရှုပ်စွာ ပြောလိုက်၏။

'ကျုပ်ကို ဂိုဏ်းချုပ်ကြီးလို့ မခေါ်စမ်းပါနဲ့'

'ဂိုဏ်းချုပ်ကြီးဟာ ဂိုဏ်းချုပ်ကြီးပေါ့'

'ခင်ဗျား တယ်ခက်ပါလား၊ ဆေးမြစ်ရှိတဲ့နေရာကို ကျုပ်ခန့်မှန်းမိပြီးပါပြီ'

'ဘယ်နေရာမှာလဲ ဂိုဏ်းချုပ်ကြီး'

'ခေါင်းထဲမှာပါ'

တုလျှံဝေး မျက်မှောင်ကုတ်သွား၏။

'ကျွန်တော်တို့ ဖွင့်ကြည့်ပြီးပဲ၊ သစ်သားတွေလဲ ခေါက်ကြည့်ပြီးပြီ၊ ရှောင်လင်ကျောင်းတွေကိုလဲ အနံ့အပြားရှာကြတာပဲ၊ ဘယ်မှာမှမတွေ့ဘူး၊ ခွေးသေကောင်ပဲ ရှိတော့တယ်'

'အဲ့ဒီခွေးသေကောင်ပေါ့'

တုလျှံဝေး တွေဝေသွားသည်။

'ခွေးသေကောင်'

သူသည် သဘောမပေါက်ဘဲ ရှိနေ၏။

ဆင်းပိရဲက ဆက်ပြောလိုက်လေ၏။

'ဒီခွေးသေကောင်ထည့်ထားတာ ဘယ်လောက်ကြာပြီလဲ'



'သုံးလေးရက်တော့ ရှိပြီပေါ့'

'သုံးလေးရက်ရှိရင် ခွေးသေ ဘာဖြစ်ရမလဲ'

တုလျှံဝေး မျက်လုံးများ အရောင်တောက်သွားသည်။

ဆင်းပိရဲက ဆက်ပြောသည်။

'ကျုပ်စိတ်ထင်တော့ အခေါင်းထဲမှာ ခွေးသေ ထည့်ထားတာ ငါးရက် ခြောက်ရက်လောက် ရှိပြီလို့ ထင်ထားတယ်၊ ဒီတော့ ဒီခွေးသေဟာ ပုတ်သင့်နေပြီပေါ့၊ မဟုတ်ဘူးလား'

'ဒီလိုဆိုရင် ဆေးမြစ်ဟာ ခွေးသေကောင်ထဲမှာ ရှိမှာပေါ့'

ဆင်းပိရဲက....

'ခွေးသေကောင်ဟာ ပုတ်ပွလာရမယ်၊ အခုတော့ ပုတ်ပွမလာဘူး၊ ဒါဟာ ယွဲ့ရှန်ဆေးမြစ်ရဲ့အစွမ်းပဲ၊ ဆေးမြစ်ဟာ ခွေးသေရဲ့ကိုယ်ထဲမှာ ရှိနေတယ်'

တုလျှံဝေးသည် ခုန်ထလိုက်၏။

'ကျွန်တော်တို့ သွားရှာကြည့်ကြရအောင် ဂိုဏ်းချုပ်ကြီး'

ဆင်းပိရဲက နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်ကို ဂိုဏ်းချုပ်ကြီးလို့ မခေါ်စမ်းပါနဲ့ဗျာ၊ ခင်ဗျားကို ဘယ်နှစ်ခါပြောရမလဲ'

တုလျှံဝေးက ရယ်မောလိုက်၏။ ဂိုဏ်းချုပ်ကြီးယီမုန့်လေက ဆင်းပိရဲအား ခြင်္သေ့အလံကို ပေးအပ်ခဲ့လေပြီ။ ထိုလူသည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ အလံရှိနေသမျှ ဂိုဏ်းချုပ်ကြီးဖြစ် နေပါတော့သည်။ သူ၏စိတ်ထဲ၌လည်း ဂိုဏ်းချုပ်ကြီးအဖြစ် သတ်မှတ်ထားသည်။

ဆင်းပိရဲမှာ မြင်းလှည်းကို ဆယ်လက် မောင်းနှင်ဆဲ ဖြစ်ပါသည်။

အမှောင်သည် ကုန်ဆုံးလု ဖြစ်သွားပြီ။

ရောင်နီသည် အရှေ့အရပ်ဆီမှ ပျို့လာလေပြီ၊

လမ်းခရီးကိုပင် ထင်ထင်ရှားရှား မြင်လာရသည်။

သူတို့သည်ကြမ်းတမ်းသော လမ်းခရီးကို ညအမှောင် ကြီးကြီးထဲ၌ ဖြတ်တန်းကျော်လွန်လာခဲ့ပြီး ဖြစ်ပါသည်။

သစ်ပင်ကလေးများဖြင့် စိမ်းစိမ်းစိုစို ရှိနေသောနေရာသို့ ရောက်ရှိလာတော့၏။

ဆင်းပိရဲသည် သစ်ပင် တစ်ပင်အောက်သို့ ထိုးရပ်လိုက်တော့၏။ ဆင်းပိရဲနှင့် တုလျံဝေးသည် မြင်းလှည်း ပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

အခန်း (၂၉)

ဆင်းပိရဲက....

'ကျုပ်တို့ခန့်မှန်းတာ မှန်မမှန် သိအောင် ခွေးသေကောင်ကိုကြည့်ကြစို့'

တုလျံဝေးစိတ်ခေတ်တက်ကြွသွာ ခေါင်းညိတ်လိုက် လေ၏။ သူတို့သည်မြင်းလှည်းနောက်ပိုင်းသို့ လျှောက်လာကြ၏။ ထိုနောက်ခေါင်းကုံတွန်းဖွင့်လိုက်လေ၏။

အတွင်း၌ ခွေးသေကောင်က ရှိနေဆဲပင်၊

ဆင်းပိရဲသည် ခွေးသေကောင်ကို အသာအယာ ကိုင်ကြည့်၏။

'တွေ့လား၊ ခွေးက အခုချက်ချင်းသေတဲ့သဘောမျိုး ဖြစ်နေတယ်၊ ဆေးက မပုတ်မသိုးအောင် ထိန်းထားတဲ့သဘော ရှိနေတယ်'

တုလျှံဝေးခေါင်းညိတ်လိုက်၏။

သူသည် ဓားဖြင့် ခွေးပါးစပ်ကို ကလန့်လိုက်သည်။ ထို့နောက်ပါးစပ်ထဲလက်နှိုက်ကြည့်လေ၏။

သူ၏လက်တွင်း၌ ဘူးလေးတစ်ဘူးပါလာတော့သည်။

ကြေးဘူးကလေး တစ်ဘူးပင်။

သူသည် ကြေးဘူးကလေးအား အဖုံးဖွင့်လိုက်ရာနှစ်လက်မခန့်ရှည်ပြီး လက်ညှိုးခန့်အလုံးရှိသော ဆေးမြစ်ကိုတွေ့ရတော့သည်။

ရှောင်လင် ဘုန်းကြီးများ တွေ့မြင်လိုသည့် ဆေးမြစ် ပေတည်း။

ချိုမြသင်းပျံ့သော ရနံ့သည် သူနှင့် တုလျှံဝေး တို့အား တစ်ကိုယ်လုံးပေါ့ပါးသွားသလိုဖြစ်သွားစေသည်။

ဆင်းပိရဲသည် ဆေးမြစ်ကို ကြေးဘူးထဲသို့ ပြန်ထည့်လိုက်သည်။

တုလျှံဝေးက....

'ယဲ့ရှန်ဆေးမြစ်အစစ်ပဲ၊ ကျွန်တော်တို့ သိမ်းထားလိုက်ရင် ကောင်းမယ်ထင်တာပဲ'

သူသည် တစ်ချက်စဉ်းစားလိုက်၏။



'ကျုပ်ဆို မထားဘူး၊ ယူထားတာက စိတ်မချရ ဘူးဗျ၊ ဒီအတိုင်း ထားလိုက်ရင် ပိုပြီး စိတ်ချရတယ်လို့ ကျုပ် ယူဆတယ်'

တုလျှံဝေးခေါင်းညိတ်လိုက်၏။

'ဂိုဏ်းချုပ်ကြီး သဘောပါပဲ'

သူသည် တုလျှံဝေးအားမကြည့်ဘဲ မျက်နှာ လွှဲထားလေသည်။ တုလျှံဝေးသိသည် ဆင်းပိရဲ မကျေနပ်သည်ကို သူသိသည်။

သူက ဂိုဏ်းချုပ်ကြီးဟု ဆင်းပိရဲအားခေါ်သည်ကို ဆင်းပိရဲမကြိုက်ဘဲ သူ့အားမကျေမနပ် လှမ်းကြည့် လိုက်သည် မဟုတ်လား။

တုလျှံဝေးတည် ဆင်းပိရဲအားဂိုဏ်းချုပ်ကြီးအဖြစ် အသိအမှတ်ပြုပြီး ဖြစ်ပါသည်။သူ့အားဂိုဏ်းချုပ်ကြီးဟု မခေါ်ရန် မည်သူမျှမတားမြစ်နိုင်တော့ပါ။

ဆင်းပိရဲသည် ကြေးဘူးကလေးအား ခွေးသေကောင်ပါးစပ်ထဲသို့ ပြန်ထည့်လိုက်သည်။

ခွေးသေကောင်ထဲ၌ ဆေးမြစ် ရှိသိမ့်မည်ဟု မည်သူမျှ ထင်ကြမည် မဟုတ်ပါ။

ထို့နောက် မြင်းလှည်းပေါ် နှစ်ယောက်စလုံး ပြန်တက်ပြီး မြင်းလှည်းကို မောင်းထွက်ခဲ့လေတော့၏။

* * *

ဆင်းပီရဲသည်လက်ထဲမှ တူကိုအသာ ချလိုက်၏။ သူ့ရှေ့၌ ခေါက်ဆွဲပန်းကန် သုံးလုံးမှာ ပြောင်နေလေပြီ။ သူသည် ယခုမှ နေသာထိုင်သာ ရှိသွားသည်။ သူ အလွန်ဆာလောင်နေသည် မဟုတ်ပါလော။

သူသည် အရက်ခွက်ကို လှမ်းယူလိုက်၏။ အစာပိတ် ရေသောက်ရန်အရက်ကို မော့သောက်မည်ဟုရည်ရွယ်ပြီးမြှောက်တင်လိုက်သည်။

ထိုအခိုက် သူ့စိတ်ထဲ၌ တစ်စုံတစ်ယောက်က သူ့အားကြည့်နေသလိုခံစားလိုက်ရသည်။

သူသည် အရက်ကို မသောက်သေးဘဲ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလေ၏။

ထိုအခါသူသည် သူ့အား ကြည့်နေသည့် မျက်ဝန်းတစ်စုံကိုတွေ့ရှိသွားလေတော့၏။

သူသည် ကိုင်ထားသောအရက်ခွက် လွတ်ကျမလိုဖြစ်သွား၏။ သို့သော်ချက်ချင်းသတိ ဝင်လာသဖြင့် အရက်ခွက် လွတ်မကျတော့ပေ။

သူ၏အဖြစ်အပျက်ကို ထိုမျက်ဝန်းတစ်စုံပိုင်ရှင်သိလိုက်၏။ ထို့ကြောင့် မျက်လုံးပြုံးသွားသည်။

သူက အရက်ပြေ ပြုံးရယ်ပြလိုက်လေ၏။

ဆင်းပီရဲ ပြုံးရယ်ပြခြင်းမှာ သူ့အဖြစ် အတွက် ရှက်၍ရယ်ပြခြင်းသာ ဖြစ်ပါသည်။

သို့သော် ထိုမိန်းကလေးမှာ ရှက်သွားပြီး မျက်နှာနီမြန်းသွားသည်။ မျက်နှာတစ်ဖက်သို့လှည့်သွားလေ၏။



သူသည်ထိုမိန်းကလေးကို ကြည့်လိုက်၏။ အသက်နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေးနှစ်ခန့်သာရှိဦးမည်။ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် သူမ၏ အသားအရေနှင့်လွန်စွာ လိုက်ဖက်တင့်တယ်ကြောင်း တွေ့ရသည်။

★

## အခန်း(၃၀)

သူမ၏အသားအရေမှာ ဖြူဖွေး ဝင်းနုနေသဖြင့် ခရမ်းရောင်သည် လွန်စွာပေါ်လွင်နေသည်။

ကျောတွင် ဓားတစ်လက်ကို ချိတ်ကာ ထားသဖြင့် သိုင်းလောကမှ အမျိုးသမီး တစ်ဦးဖြစ်ကြောင်း ဆင်းပိရဲ သိရှိလိုက်လေ၏။

မိန်းကလေးသည် တစ်ဖက်သို့ လှည့်သွားရာမှ ဆင်းပိရဲဘက်သို့ပြန်လှည့်လာပြန်လေ၏။ ထိုအခါ သူမအား ငေးစိုက်ကြည့်နေသော ဆင်းပိရဲကိုတွေ့လိုက်ရသောအခါ ခေါင်းငုံ့သွားလေတော့သည်။



သူမသည် ပဝါကိုလိမ်နေ၏။ အဓိပ္ပာယ်မဲ့ ပဝါကို လိမ်နေခြင်းမှာ ဆင်းပိရဲအားစိတ်ဝင်စား နေသော ကြောင့်ပင် ဖြစ်၏။

ဆင်းပိရဲ သတိဝင်လာသည်။ သူ့အကြည့် ရိုင်းစိုင်းသွားသည် မဟုတ်ပါလား။ သူသည် မိန်းကလေးကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်သည်။

သူ့အသည်းနှလုံးကမူ မိန်းကလေး၏မျက်နှာကိုမြင်နေလေသည်။

ထိုစဉ် တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီး....စားပြီးပြီ မဟုတ်လား၊ ကျွန်တော်တို့ သွားကြရအောင်'

'ပြီးပါပြီ၊ သွားကြတာပေါ့'

ဆင်းပိရဲက ခေါင်းညိတ်လိုက်၏။ သူသည် မိန်းကလေးအား တစ်ချက်ကြည့်လိုက်သည်။

မိန်းကလေးမှာ ပဝါကိုလိမ်နေဆဲပင်။ ခေါင်းငုံ့နေဆဲပင်။

'ကဲ....သွားကြစို့'

ဆင်းပိရဲသည် ဆိုင်ထဲမှထွက်လာလေ၏။ တုလျှံဝေးသည် ပိုက်ဆံရှင်းပြီး ထွက်လိုက်လာလေ၏။

သူတို့သည် မြင်းလှည်းပေါ်တက်ပြီး မြင်းလှည်းကို မောင်းလေတော့၏။

'ဂိုဏ်းချုပ်ကြီး....ကျွန်တော်မောင်းပါ့မယ်'

တုလျှံဝေးက လေးစားသမှု ပြုသောအားဖြင့် ပြောလိုက်သည်။ ထိုအခါ ဆင်းပိရဲက ရယ်မောလေတော့၏။

'ကျုပ်က မြင်းလှည်းမောင်းလာတဲ့လူဗျ၊ ခင်ဗျားသဘောကို ကျုပ်သိပါတယ်၊ နေပါဗျာ....ဒီအလုပ်ဟာ ကျုပ်နဲ့ သင့်တော်တဲ့အလုပ်ပါ၊ လမ်းကြမ်းကြီးတွေကိုတောင် ကျုပ်တယ်လို မောင်းလာတယ်ဆိုတာ ခင်ဗျားတွေ့တယ် မဟုတ်လား'

'ရှမ်း....ရှမ်း'

ဆင်းပိရဲသည် မြင်းကို မရိုက်ပေ။ ကျာပွတ်သံ ပေးလိုက်ခြင်း ဖြစ်သည်။ မြင်းကြီးသည် အလိုက်တသိပင် ပြေးလေတော့၏။

'တွေ့လား၊ မြင်းကိုရိုက်ဖို့ မလိုဘူးဗျ၊ ကျာပွတ်သံ ပေးလိုက်တာနဲ့ မြင်းဟာ ပြေးတော့တာပဲ'

သစ်ပင်များသည် ရိပ်ခနဲ ရိပ်ခနဲ နောက်တွင်ကျန်ရစ်လေသည်။

တုလျှံဝေးသည် မြေပုံကိုကြည့်နေလေ၏။ သူတို့သွားရမည့် နေရာသို့ နောက်တစ်နေ့လောက်တွင်၊ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းလေ၏။

သူ ခန့်မှန်းခြင်းမှာ လမ်းခရီးတွင် အနှောင့်အယှက်၊ အတားအဆီးရှိလျှင် နောက်တစ်နေ့တွင် မရောက်နိုင်ပါ။

ဆင်းပိရဲသည် မြင်းလှည်းကိုသာ ဂရုစိုက် မောင်းနှင်နေသည်။



တုလျှံဝေးသည် ဆင်းပိရဲကို ကြည့်လိုက်၏။ ဆင်းပိရဲမှာ အသက် နှစ်ဆယ့်လေးနှစ်၊ နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး ငှယာကျားသီသောရုပ်ရည် ရှိလေ၏။

အရပ်အမောင်းလည်း ကောင်းသည်။ သူ့ အချီးအဆစ်မှာ သိုင်းပညာ၊ သင်ကြား၍ ကောင်းသော အချိုးအဆစ်မျိုး ဖြစ်သည်။

သူသည် ဂိုဏ်းချုပ်ကြီးယီမုန့်လေအား ကျိတ်၍ချီးကျူးမိသည်။ ဂိုဏ်းချုပ်ကြီးသည် ခြသေ့နန်းဘောဝ်အတွက်ဂိုဏ်းချုပ်သစ်ကို မှန်မှန်ကန်ကန် ရွေးချယ်သွားသည်ဟု ယုံကြည်ပေသည်။

ဆင်းပိရဲမှာ ဥပဓိရုပ်ကောင်းသည့်အပြင် ရိုးသား တည်ကြည်ခြင်း၊ ဇွဲရှိခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းစသည့်လက္ခဏာများကို တွေ့မြင်ရသည်။

တုလျှံဝေးမှာ ဆင်းပိရဲအား ဂိုဏ်းချုပ်ကြီး ယီမုန့်လေက ဂိုဏ်းချုပ်သစ်အဖြစ် ရွေးချယ်ပြီးကတည်းက အစွမ်းကုန်ကူညီမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီး'

ဆင်းပိရဲက တုလျှံဝေးအား မကြည်မလင်ဖြင့် ကြည့်လိုက်လေ၏။

တုလျှံဝေးက ရှင်းပြသည်။

'ကျွန်တော်က ဂိုဏ်းချုပ်ကြီးလို့ မခေါ်ရင် မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီး ယီမုန့်လေ

စီစဉ်သွားတဲ့ကိစ္စ ဖြစ်နေတာကိုး၊ နောက်ပြီးခြင်္သေ့အလုံကိုလဲ ဂိုဏ်းချုပ်ကြီးရဲ့ လက်ထဲမှာ တွေ့နေရတယ်၊ အဲဒီအလုံ ရှိနေခြင်းဟာ ခြင်္သေ့နန်းတော်ရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် တည်ရှိနေခြင်းပါပဲ’

ဆင်းပိရဲမှာ ပါးစပ်ပိတ်ထားတော့သည်။ တုလျှံဝေးက ဆက်ပြောလေ၏။

‘ဂိုဏ်းချုပ်ကြီးလိုချင်တဲ့ ပစ္စည်းဟာ သုံးမျိုးမဟုတ်လား’

‘ဟုတ်တယ်၊ သုံးမျိုးပဲ’

တုလျှံဝေးက....

‘ဒါဆိုရင် အဲ့ဒီဆေးမြစ်ကို ဂိုဏ်းချုပ်ကြီး ယူလိုက်သင့်ပါတယ်၊ ကျွန်တော်တို့ အချိန်ကုန်ခံပြီး ချင်းတုပုဆီကို သွားဖို့ မလိုတော့ဘူးပေါ့’

ဆင်းပိရဲက လေးနက်စွာ ပြောလိုက်သည်။

‘ခင်ဗျားကို ယန်စွန်းက သွားပို့ပေးပါလို့ အကူအညီတောင်းလိုက်တဲ့ကိစ္စပဲ၊ ဒီတော့ ခင်ဗျား ချင်းတုပုဆီ ရောက်အောင်သွားဖို့ပဲ၊ ပြီးမှ ချင်းတုပုဆီက ပြန်ရအောင်ကြိုးစားရမယ်၊ အဲ့ဒါဆို အားလုံး ကတိတည်သွားပြီပဲ’

တုလျှံဝေးသည် ဆင်းပိရဲ၏ စိတ်ဓာတ်ကို လေးစားမိ၏။ သူသည် ဆင်းပိရဲအား အသက်စွန့်၍ ကူညီဖြည့်ဆည်းပေးမည်ဟု ဆုံးဖြတ်လိုက်မိ၏။

ဆင်းပိရဲက....



‘ပစ္စည်းတစ်မျိုးကိုတော့ မြင်နေရပြီ၊ ရနိုင်တဲ့လမ်းစလဲ ပေါ်နေပြီ၊ ပစ္စည်းနှစ်မျိုးကျန်နေသေးတယ်၊ အဲဒါတွေကိုလဲ မမြင်ရသေးဘူး။ ရနိုင်တဲ့လမ်းစလဲ မပေါ်သေးဘူး’

တုလျှံဝေး ညည်းညူလိုက်သည်။

★

## အခန်း(၃၁)

### မမျှော်လင့်ဘဲ တွေ့ရသောရန်သူ

'ဒီပစ္စည်းတွေက စကားအားဖြင့်သာ ကြားနေရတာ၊ ဘယ်သူမှ အကောင်အထည်နဲ့ မမြင်ဖူးသေးဘူး၊ ဒဏ္ဍာရီဆန် လွန်းပါတယ် ဂိုဏ်းချုပ်ကြီးရာ'

'ယဲ့ရှန်ဆေးမြစ်ဟာလဲ ဒဏ္ဍာရီဆန်တာပါပဲ၊ ဒါပေမယ့် ခင်ဗျားမြင်ဖူးသွားပြီ မဟုတ်လား၊ ဒါတွေဟာ လက်တွေ့ဘဝ မှာ ရှိပါတယ်ဗျ'

ထို့နောက် ဆင်းပိရဲက ဆက်ပြောသည်။

'ဂိုဏ်းချုပ်ကြီး ယီမုန့်လေဟာ နားထောင်ကောင်းတဲ့ ဒဏ္ဍာရီ တစ်ပုဒ်ကိုပြောသွားတာလို့ ကျုပ်တော့ မထင်ဘူးဗျ'



တုလျှံဝေး ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်က သဘောအားဖြင့် ပြောတာပါ၊ ဂိုဏ်းချုပ်ကြီး ယီမုန့်လေဟာ ဒီလောကမှာ မရှိတာတွေကို အရှိလုပ်ပြီးပြောတာ မဟုတ်ပါဘူး၊ သူတကယ်ပြောတာလို့ ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်တဲ့ပစ္စည်းနှစ်မျိုးဟာ ဘယ်မှာရှိသလဲ ဆိုတာတော့ ကျုပ်လဲမသိဘူး၊ ကြားလဲ မကြားဖူးဘူး၊ အဲဒါကြောင့် ဒဏ္ဍာရီဆန်တယ်လို့ ပြောတာပါ၊ မကြားဖူးတော့ ဘယ်လို ခြေရာခံရမယ်ဆိုတာ မသိတော့ဘူးပေါ့'

ဆင်းပိရဲက သက်ပြင်းချလိုက်၏။

'ကျုပ်တို့ ကြိုးစားရှာဖွေကြတာပေါ့ဗျာ'

သူတို့ စကားတပြောပြောနှင့် ခရီးနှင်လာကြစဉ် သူတို့၏ ရှေ့တူရူမှ ဖုန်လုံးကြီးများ လိမ့်တက်လာသည်ကို တွေ့ရလေတော့၏။

ဆင်းပိရဲက....

'ရှေ့မှာ လူတွေလာနေတယ်၊ ကျုပ်တို့လိုပဲ ခရီးသွားတွေနဲ့ တူတယ်'

တုလျှံဝေးသည် ခေးရိုးပေါ်သို့ လက်တင်ထားလိုက်လေသူသည် ဤလမ်းများအကြောင်း ကြားဖူးသည်။ လမ်းပေါ်၌ ခိုးဆိုးသယက်သူများ ရှိတတ်သည်ဟု....

မကြာမီ မြင်းသုံးကောင် ရင်ဘောင်တန်း၍ အပြင်းနှင်လာသည်ကို တွေ့လိုက်ရတော့သည်။

မြင်းသုံးကောင် လူသုံးယောက်။

အလယ်မှလူသည် အဖိုးတန် အဝတ်အစားများကိုဝတ်ဆင်ထားသဖြင့် ခေါင်းဆောင်ဖြစ်ဟန် ရှိသည်။ သူသည် အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက် ဖြစ်လေသည်။

သူတို့သည် ဆင်းပိရဲနှင့် တုလျှံဝေးတို့ကို ကျော်ဖြတ်သွားကြ၏။

'သိုင်းသမားတွေပဲ၊ နောက်ကျောမှာ ဓားကိုယ်စီလွယ်ထားကြတယ်'

တုလျှံဝေးက ပြောလိုက်၏။

ဆင်းပိရဲက မြင်းကိုသာ ဂရုစိုက်မောင်းနေသည်။

ထို့နောက် မြင်းသုံးကောင်သည် နောက်ပြန်လှည့်လာပြီး သူတို့၏မြင်းကို ပိတ်ရပ်လိုက်ကြတော့၏။ ဆင်းပိရဲသည် သူ့မြင်းကြီးကို ဇက်ကြိုး ဆွဲလိုက်ရတော့၏။ မြင်းကြီးသည် အတော်လေး အရှိန်သတ်လိုက်ရသည်။

ထိုလူသုံးယောက်သည် မျက်နှာချင်းဆိုင် ဖြစ်လာသောအခါမှ ဆင်းပိရဲ အကဲခတ်သည်။ အလယ်မှလူသည် ရုတ်တရက် ကြည့်လျှင် အသက်သုံးဆယ်ခန့် ထင်ရသော်လည်း အနီးကပ် ကြည့်သောအခါမှ ထင်ထားသည်ထက် ပိုမို နုပျိုကြောင်း တွေ့ရတော့သည်။

အလယ်မှလူသည် ဝတ်ကောင်းစားလှနှင့်ဖြစ်ပြီး ဘေးမှလူနှစ်ယောက်သည် ကိုယ်ရံတော်နှစ်ယောက် ဖြစ်ကြောင်း တွေ့ရှိရလေ၏။ ကိုယ်ရံတော်ထားနိုင်သော အဆင့်မှာ နည်းနည်းနောနော မဟုတ်ချေ။



သိုင်းဂိုဏ်းတစ်ခုခု သို့မဟုတ် သိုင်းမိသားစုတစ်ခုခုမှဖြစ်ကြောင်း သိရှိနိုင်ပေသည်။

တုလျှံဝေးက တိုးတိုးမေးလေ၏။

'ဂိုဏ်းချုပ်ကြီး သူ့ကိုသိသလား'

'မသိဘူး'

'ကျွန်တော်လဲ မသိဘူး'

'ဟိုလူအကြည့်က ဂိုဏ်းချုပ်ကြီးကို သိနေသလိုပဲ၊ ဒီလူတွေ ပြဿနာရှာတော့မယ်နဲ့တူတယ်'

'ဟုတ်တယ်၊ လမ်းပိတ် ရပ်လိုက်တာကို ကြည့်ပါလား၊ ပြဿနာရှာမလို့ပေါ့'

ဆင်းပိရဲသည် မြင်းကို တုံးတုံးချ ရပ်လိုက်ပြီးထိုသူများနှင့် မျက်နှာချင်း ဆိုင်လိုက်လေ၏။ ဝတ်ကောင်းစားလှနှင့်လူသည် သူ့ကို ပြဿနာရှာတော့မည့်သူဖြစ်ကြောင်းအနေအထားအရ ဆင်းပိရဲ သိလိုက်သည်။

လူရွယ်က ဆင်းပိရဲကိုကြည့်လိုက်ပြီး....

'ထရုတ်ပြည်ကြီးဟာ အကျယ်ကြီးလို့ ပြောကြတယ်၊ ခုတော့လဲ ကျဉ်းကျဉ်းလေးပါလား၊ ဒီတစ်ခါ မင်းကိုရှုံးကြေး ပြန်ဆပ်ရတော့မယ်'

ဆင်းပိရဲသည် ထိုလူရွယ်ပြောသည့်စကားကို နားမလည်ပေ။

ထို့ကြောင့် မျက်မှောင်ကုတ်လိုက်လေ၏။

'ခင်ဗျား ဘာတွေလာပြောနေတာလဲ'

'ဟား....ဟား....ဟား'

'ရယ်မနေနဲ့၊ ခင်ဗျား ပြောတာတွေကို ကျုပ်ဘာမှနားမလည်ဘူး၊ ကိုယ့်လမ်း ကိုယ်သွားကြရင် ကောင်းမယ်'

'ဟား....ဟား... ဟား....မင်း အခုတော့ ကြောက်နေပြီပေါ့'

'မကြောက်ပါဘူး၊ လူမှန်ရင် ဘယ်သူမှမကြောက်ပါဘူး၊ ဘယ်သူမဆို ကျုပ်ယှဉ်ရဲတယ်'

'ဟား....ဟား....ဟား....ဒါဆိုရင် မင်းရဲ့ဓားကို ထုတ်စမ်းပါ'

'မဟုတ်သေးပါဘူး'

လူရွှယ်က အံကြိတ်လိုက်၏၊

'မင်းနဲ့ယှဉ်ပြိုင်ဖို့ ငါ ဘယ်နှစ်နှစ်အထိ လေ့ကျင့်ခဲ့ရတယ် မှတ်သလဲ၊ သုံးနှစ်အထိကွ....သုံးနှစ်အထိ၊ ဒီတစ်ချီမှာတော့ မင်းကို မယှဉ်နိုင်ဘူးလို့ ထင်မနေနဲ့တော့၊ ဒီတစ်ကြိမ် မင်းသေပွဲပဲ'

ဆင်းပီရဲမှာ ဒုက္ခရောက်နေရတော့သည်။ သူသည်ဤလူရွှယ်ကို မသိပါ။ ဤလူရွှယ်က သူ့ကိုသိနေပြီး သိုင်းယှဉ်ပြိုင်ရန် ပြောနေသည်။

အခန်း (၃၂)

လူရွှယ်က သူ၏ဓားကို ဆွဲထုတ်လိုက်၏။

'ရှမ်း....'

'ဟေ့ကောင်....မင်းရဲ့ဓားကို ထုတ်လေ'

လူရွှယ်က ဆက်ပြော၏။

'မင်း ဓားမထုတ်ရင် ပေါ့ကိုအဆိုးမဆိုနဲ့နော်၊ ငါကတော့ တိုက်မှာပဲ'

လူရွှယ်သည် ပြောပြော့ဆိုဆိုဖြင့်ဆင်းပီရဲကိုတိုက်ခိုက်လေတော့၏။

သူ တိုက်ခိုက်ပုံမှာ သာမန်ကာရှန်ကာမဟုတ်၊ အငြိုးကြီးစွာ တိုက်ခိုက်ခြင်းဖြစ်သည်။

လူရွှယ်၏ဓားမှာ ထူးဆန်းလှ၏။ ဓားပြက် အကျယ်မှာ လေးလက်မခန့် ရှိသဖြင့် ဓားမကြီးပုံသဏ္ဌာန်ရှိသည်။

ဓားလက်ကိုင်တွင် ခြူငါးလုံးကိုလည်း တပ်ဆင်ထားလေသည်။

သူသည် ဓားကို ဝှေ့ယမ်းတိုက်ခိုက်ခြင်းကြောင့် ခြူသံ တချွမ်ချွမ်မြည်ဟည်းသွားတော့သည်။

ဆင်းပီရဲမှာ မြင်းပေါ်မှာ ထိုင်မနေနိုင်တော့ပေ။ သူသည် မြင်းပေါ်မှ ခုန်ချလိုက်ရတော့၏။ လူရွှယ်လည်း မြင်းပေါ်မှ ခုန်ဆင်းပြီး ဆင်းပီရဲအား သူ့ဓားဖြင့်ခုနှစ်ချက်တိတိထိုးသွင်း တိုက်ခိုက်လိုက်သည်။

ဆင်းပီရဲမှာ အလေအလဲ ရှောင်တိမ်းလိုက်ရသည်။ သူသည် ရှောင်တိမ်းရင်းမှ ဓားကိုဆွဲထုတ်လိုက်သည်။

'ခင်ဗျား လွန်ပြီနော်'

လူရွှယ်က...

'မင်းကြောက်နေပြီလား၊ ဒီတစ်ခါ မင်းအနိုင်ယူပြစမ်းပါ၊ ဓားရေးကောင်းကောင်းနဲ့ အနိုင်ယူပြစမ်းပါ'

သူသည် ပြောရင်းဆိုရင်းက ထချကြမ်း တိုက်ခိုက်လေတော့သည်၊ ဆင်းပီရဲမှာ သူ့ရှင်းပြမှုကို လက်မခံဘဲ စွတ်တရွတ် တိုက်ခိုက်နေသဖြင့် ဒေါသထွက်လာလေ၏။

ဆင်းပီရဲသည် သူ၏ဓားနှင့် ခုခံတော့သည်။ တစ်ခဏ ချင်းမှာပင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပွားလေတော့သည်။



တုလျှံဝေးမှာ တိုက်ပွဲကို ငေးကြည့်နေလေ၏။

ဆင်းရဲပီ၏ ဓားပညာမှာ ကောင်းမွန်ပါသည်။ သို့သော် လူရွှယ်၏ဓားပညာက ပိုကောင်းနေကြောင်း သူသိလိုက်မိသည်။

သူသည်ဆင်းပီရဲထက် သိုင်းလောကအတွေ့အကြုံရှိသူ ဖြစ်၏။ သိုင်းလောက၏ နာမည်ကျော် သိုင်းသမား အများအပြားကိုလည်း ကြားဖူးနားဝရှိသည်။

သူသည် လူရွှယ်၏ ဓားပညာကိုကြည့်ရင်းလူတစ်ယောက်ကို သတိရလိုက်မိသည်။

အရှေ့ပင်လယ် သိုင်းသမား။

တုလျှံဝေး ရင်ဘတ်သွားသည်။ သူသည် များများသိသူ ဖြစ်သည်။ များများသိလျှင် ရင်ပူရသည်။ လူရွှယ်၏ဓားကွက်များသည် အရှေ့ပင်လယ် သိုင်းသမား၏ဓားကွက်များ နှင့် တူနေသည် မဟုတ်ပါလော။

ဤလူရွှယ်သည် အရှေ့ပင်လယ် သိုင်းသမားနှင့် တစ်စုံ တစ်ခု ပတ်သက်နေလေသလော။ အရှေ့ပင်လယ်သိုင်းသမား ၏ မျိုးဆက်တစ် [illegible] တွေးနေပေသည်။

ဆင်းပီရဲသည် [illegible] ဓားကွက်များဖြင့်ခုခံ နေ၏။ [illegible] ဖြစ်နေသည်။ ထို့ ကြောင့် [illegible] နေသည်။

လူရွှယ်သည် [illegible] ထိုးနှက်တိုက်ခိုက်ရင်း [illegible] နေလေ၏။

'ဒီကောင့်ဓားကွက်တွေက ဘယ်လိုလဲ၊ ငါ့ကိုပညာလျှိုနေတာလား မသိဘူး၊ အရင်တစ်ခါဓားကွက်တွေ မဟုတ်တာက သေချာတယ်၊ ဒါဆိုရင် သူဟာ ငါ့ကိုအထင်သေးသေးနဲ့ ယှဉ်ပြိုင်နေတာပေါ့၊ သိကြသေးတာပေါ့ကွာ'

လူရှယ်သည် တဝိုးဝိုးဖြင့်ခားဖြင့်ခုတ်တော့၏။ သူ၏ခုတ်ပုံမှာ လျင်မြန်လှသဖြင့် ဆင်းပိရဲ နောက်ဆုတ်ပေးရလေသည်၊ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

တလျှံဝေးသည် ဆင်းပိရဲ အခြေအနေမကောင်းတော့ကြောင်း ရိပ်မိလိုကသည်။ ထို့ကြောင့် ဓားကိုဆွဲထုတ်ကာ တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွားလေသည်။ သူသည် တတ်နိုင်သမျှ ဆင်းပိရဲအား ကူညီရပေမည်။

ကျွန်ုပ်ကူညီရင်း သေဆုံးသွားချင်သည်း သေဆုံးပေမည်။

သေချင်သေပါစေတော့၊ သိုင်းသမားနှင့် သေခြင်းတရားမှာ ပိုက်ဆံတစ်ပြား၏ ခေါင်းနှင့်ပန်းလို တစ်မျက်နှာတည်း၌ ကပ်နေသော အရာများဖြစ်သည် မဟုတ်ပါလော။

သို့သော် သူသည် တိုက်ပွဲစည်းအတွင်းသို့ ရောက်အောင်ဝင်နိုင်ခဲ့ပါချေ။ အဘယ်ကြောင့်ဆိုသော် ကိုယ်ရံတော်နှစ်ဦးက သူ့အား တားဆီးလိုက်သောကြောင့်ပင် ဖြစ်ပါသည်။

လူရှယ်က ရယ်၍ပြောလိုက်၏။

'မင်းတာ ကျုပ်လျှို့ချီကို အထင်သေးပြီး တိုက်ခိုက်တဲ့အတွက် မင်းဒီနေ့ သေရမယ်'



သူသည် ပင်လယ်ပျော်သိုင်းကွက်ဖြင့် ဓားချက်ခုနစ်ချက် ထိုးတိုးသွင်းလိုက်၏။

ဆင်းပိရဲမှာ ဓားကို ရုပ်သလွှင်ကာထားပြီး လူရှယ်၏ ဓားချက်ကို ရှောင်တိမ်းလိုက်သည်။ သူသည်ဓားချက်လေးချက်ကို ရှောင်တိမ်းလိုက်ပြီး ကျန်ဓားချက်သုံးချက်ကို ဓားဖြင့် ခုခံလိုက်သည်။ သူ၏ ခုခံမှုမှာမှန်သွား၏။

★


တက္ကသိုလ်နေလင်းအောင်
ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်
ပထမပိုင်း အပိုင်း (၂) အား ဆက်လက်ဖတ်ရှုပါရန်..
သိုင်းစာစဉ်များPAGE..
sina 新浪时尚